


# SITTANG: THE LAST BATTLE

Louis Allen

# စစ်တောင်းတိုက်ပွဲ


၁၉၄၅

တက္ကသိုလ်နေဝင်း

မြန်မာပြန်

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com


JAPANESE BREAKOUT
ACROSS
THE PEGU YOMAS
SITUATION ON 19 JULY 1945
MAP 34
SIAM
SITTANG:
THE LAST BATTLE
Louis Allen
MNW0012
3,500.00 KS
mgyoe.com

mgyoe.com

စစ်တောင်းတိုက်ပွဲ (၁၉၄၅)၊ တက္ကသိုလ်နေဝင်း
စာမျက်နှာ ၂၈၁++ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀ ·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းဟာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၈၁ သလ္လာဝတီစာပေတိုက်၏ ပထမအကြိမ်မူ

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



ထိုးဖောက်မှု စစ်ဆင်ရေးတွင် ပါဝင်သည့်
တပ်ဖွဲ့အားလုံးကို ကွပ်ကဲသည့် အမှတ် (၂၈) တပ်မတော်မှူး
ဗိုလ်ချုပ်ကြီး ဆာကူရိုင်း

mgyoe.com

mgyoe.com



အမှတ် (၂၈) တပ်မတော်၏
စစ်ဦးစီး အရာရှိချုပ်-ဆူချိယ

mgyoe.com

mgyoe.com



မေဂျာဂျင်နရယ် အောင်ဆန်း
ဗမာ့တပ်မတော် စစ်သေနာပတိချုပ်

mgyoe.com

mgyoe.com



ဤစာအုပ် နောက်ဆုံးခန်းတွင် တင်ပြထားသည့်
ဂျပန်ရေတပ်မတော်၏ စစ်ဆင်ရေးများကို ပြန်လည်ပြောပြသည့်
ဒုဗိုလ် - စူဆုမိရှင်ဇို

mgyoe.com

mgyoe.com



တောတွင်း တိုက်ပွဲတစ်ခု၌ ကျဆုံးနေသော
ဂျပန်ရေတပ်မတော်သားတစ်ဦး၏ ကိုယ်ပေါ်တွင်
ရှာဖွေတွေ့ရှိရသည့် မိသားစုဓာတ်ပုံ

mgyoe.com

mgyoe.com



ဂျပန်သုံ့ပန်းတို့အား ဗြိတိသျှ အစောင့်အရှောက်ဖြင့်
မြင်တွေ့ရစဉ်

mgyoe.com



ဂျပန်စစ်သုံ့ပန်းတို့အား ဗြိတိသျှမှ ထောက်လှမ်းရေးအရာရှိက စစ်ဆေးမှတ်တမ်းတင်နေစဉ်

mgyoe.com
mgyoe.com

mgyoe.com



ဂျပန်တို့၏ နောက်ဆုံးပိတ် ချီတက်ရေးခရီး

mgyoe.com



ဂျပန်စစ်သုံ့ပန်းများအား တစ်ဦးချင်း ရှာဖွေစစ်ဆေးနေစဉ်

mgyoe.com
mgyoe.com

mgyoe.com



ဂျပန်တပ်မတော်တွင် ဇိမ်မယ်အဖြစ် အမှုထမ်းရသည့်
တရုတ်အမျိုးသမီးတစ်ဦးအား ဗြိတိသျှ ထောက်လှမ်းရေးအရာရှိတစ်ဦးက
စစ်ဆေးမေးမြန်းနေစဉ်


mgyoe.com

mgyoe.com



မြန်မာ ကျေးရွာတစ်ရွာ အနီးသို့ ချဉ်းကပ်လာသည့် ဗြိတိသျှ တိုက်ကင်းအဖွဲ့

mgyoe.com



စစ်တောင်းမြစ်ကမ်းပေါ်ရှိ ရွှေကျင်မြို့ကို တွေ့မြင်ရစဉ်

mgyoe.com
mgyoe.com



ချောင်းရေလျှံနေချိန်တွင် ဂျပန်စစ်သုံ့ပန်းများ ဖြတ်သန်းလာကြပုံ

mgyoe.com

mgyoe.com

mgyoe.com




အဏ္ဏာမြှုပ်နှံးချုပ်ပြီးနောက် လက်နက်ချပွဲတစ်ခုတွင် ဗိုလ်ချုပ်ဝါကိုက
အမှတ် (၁/၁၀) ဂေါ်ရခါးတပ်၏ တပ်မှူးလက်သို့ ဓားအပ်နေစဉ်

mgyoe.com



ဂျပန်တို့ ရန်ကုန်မှ ဆုတ်ခွာသွားချိန်တွင်
ကျန်ရစ်ခဲ့သည့် မဟာမိတ်သုံ့ပန်းများ

mgyoe.com
mgyoe.com



၁၉၀၇ ခုနှစ်တွင် မီးရထားများ စတင်ခုတ်မောင်းဖြတ်ကျော်ခဲ့သော
စစ်တောင်းတံတားကြီးမှာ စစ်အတွင်း ၁၉၄၂ ခု၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့တွင်
ဗြိတိသျှတို့က ဖောက်ခွဲဖျက်ဆီးလိုက်ကြသည်။
ဖောက်ခွဲဖျက်ဆီးခြင်း မခံရမီက စစ်တောင်းတံတားကြီးအား မြင်တွေ့ရပုံ

mgyoe.com
mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏ အမှာ

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလအတွင်းက ကျွန်တော်သည် ဗမာ့တပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၏ ဌာနချုပ်ရုံးအဖွဲ့နှင့်အတူ ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ သရက်ခရိုင် ကျေးလက်ဒေသ၌ တာဝန်ကျခဲ့ရာမှ နောက်ပိုင်း မဟာမိတ်ဌာနချုပ်နှင့် ရေဒီယိုဖြင့် ဆက်သွယ်ရေးတွင် ကူညီရန် ဗိုလ်ချုပ်က မျိုးချစ်ဗမာ့တပ်မတော် တိုင်းအမှတ် ၇ ဌာနချုပ်သို့ ခေတ္တတာဝန်ပေးစေလွှတ်ခဲ့ပါသည်။

တိုင်းအမှတ် ၇ စစ်ဌာနချုပ်၏ တိုင်းမှူးက ဗိုလ်မှူးအောင်နှင့် ဒု–တိုင်းမှူးက ကွယ်လွန်သူ ဗိုလ်မှူးစိန်မှန် ဖြစ်ပါသည်။

ဤနည်းအားဖြင့် ကျွန်တော်သည် ဗိုလ်ချုပ်တို့ စစ်ဦးစီးချုပ်ရုံးနှင့် တိုင်းအမှတ် ၇ စစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်များရှိရာ သရက်ခရိုင်နှင့် ပြည်ခရိုင်မြောက်ပိုင်း နယ်မြေများအတွင်း ဂျပန်တော်လှန်ရေး အတွေ့အကြုံ ဗဟုသုတများ ရရှိခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်တို့ တပ်များရှိရာ ဒေသသို့ ရခိုင်ပြည်ဘက်မှ ၄င်းဂျပန်တပ်ကြီးများ အလုံးအရင်းနှင့် ဆုတ်ခွာလာခဲ့ရာ လူချင်း၊ လက်နက်ချင်း မယှဉ်သာသဖြင့် ကျွန်တော်တို့က ရင်ဆိုင်တိုက်ပွဲကို လုံးဝရှောင်ပြီး ပြောက်ကျားနည်းဖြင့်သာ ထိုးစစ် ဆင်နိုင်ခဲ့ကြပါသည်။

ဂျပန်တပ်ကြီး၏ စစ်သည်အင်အားက မသေးလှကြောင်းကို ထိုစဉ်ကပင် ကျွန်တော်တို့ ရိပ်မိသိရှိခဲ့ကြပါသည်။ ရဲဘော်သုံးကျိပ်ဝင်

mgyoe.com

mgyoe.com


ဗိုလ်မိုးညိုဦးစီးသော စက်မှု လက်မှု တပ်ရင်း ၂ က ပေးပို့သော ထောက်လှမ်းရေးသတင်းအရ မင်းဘူးဘက်မှ တောင်စူးစူး ဧရာဝတီမြစ် အနောက်ဘက်ကမ်းအတိုင်း ဆုတ်လာသူ ဂျပန်စစ်တပ် အင်အားမှာ ၅၀၀၀ ကျော်ရှိသည်ဟု ဆိုသည်။

တစ်ဖန် မြစ်ဝကျွန်းပေါ်ဒေသမှ သာယာဝတီခရိုင် အောက်ပိုင်းကို ဖြတ်၍ ပဲခူးရိုးမအတွင်းသို့ ဝင်သွားသူ ဂျပန်စစ်တပ်အင်အားကလည်း ၂၀၀၀ ခန့်ရှိသည်ဟု တပ်မတော် 'မင်းလှစည်သူ' ဌာနချုပ်မှ သတင်း ပေးပို့ရရှိခဲ့ပါသည်။

တစ်ခုတော့ သေချာပါသည်။ စစ်ရေးအခြေအနေမလှ၍ ဆုတ် ခွာခဲ့ရသော ဂျပန်စစ်တပ်၏ လူအင်အား၊ လက်နက်အင်အား ပမာဏ က ကျွန်တော်တို့ ဗမာ့တပ်မတော်ထက် များစွာသာကြောင်းကိုကား မည်သူမှ မငြင်းနိုင်ချေ။

၁၉၄၅ ခု၊ ဩဂုတ်လတွင် ဂျပန်ဘုရင် ဧကရာဇ်ကိုယ်တိုင်က တရားဝင် လက်နက်ချအညံ့ခံသဖြင့် စစ်ပွဲကြီး ပြီးသွားသည့် တိုင် အောင် ဖက်ဆစ်တော်လှန်ရေးကာလက မြန်မာပြည်ရှိ ဂျပန်တပ်များ ၏ အခြေအနေနှင့် လှုပ်ရှားမှုကို ကျွန်တော်သည် စိတ်ဝင်စားနေမိခဲ့ပါ သည်။ ဂျပန်တို့ဘက် 'ရှုထောင့်'မှ တော်လှန်ရေးကာလအကြောင်းကို သိချင်ခဲ့သည်။

ယခုတော့ ကျွန်တော်၏တောင့်တချက် ဆန္ဒပြည့်ပါလေပြီ။

၁၉၄၅ ခုနှစ်က ဂျပန်တို့လက်နက်ချစဉ် မြန်မာနိုင်ငံရောက် ဗြိတိသျှတပ်များ ကိုယ်စား စစ်ပြီးမှန်း မသိသေး၍ တောထဲ၌ ဆက်လက်တိုက်ခိုက်လှုပ်ရှားနေသော ဂျပန်များထံ သွားရောက် ဆက် သွယ်ရသူ 'ငြိမ်းချမ်းရေးသံတမန်' မေဂျာ 'ဝါကို' နှင့် အတူ ဗြိတိသျှ ထောက်လှမ်းရေးတပ်မှ လက်ဖတင်နင် 'လူဝီအယ်လင်' ဆိုသူ အရာရှိ ငယ်တစ်ဦးလည်း ပါဝင်ခဲ့ပါသည်။

'လူဝီအယ်လင်' သည် ကျွန်တော်ကဲ့သို့ပင် လေ့လာစူးစမ်းလို သော ဝါသနာရှိသူ လူငယ်တစ်ဦးဖြစ်ရာ ဂျပန်စစ်တပ်အကြောင်း အထူး စိတ်ဝင်စားမိသဖြင့် စစ်ပြီးခေတ် ကျတော့ သူကိုယ်တိုင် ဂျပန်

mgyoe.com

mgyoe.com



ပြည်သို့ သွားရောက်လေ့လာခဲ့ပါသည်။ အထူးသဖြင့် စစ်အတွင်းက မြန်မာနိုင်ငံစစ်မျက်နှာ၌ တာဝန်ကျပြီး ကံကောင်းထောက်မ၍ မသေမပျောက် ကျန်ရစ်သူ ဂျပန်အရာရှိ အရာခံ အကြပ်တပ်သား စသော စစ်သည်ဟောင်းများအား တွေ့ဆုံမေးမြန်းကာ သုံးနှစ်ခန့် သုတေသနပြု လေ့လာပြီးမှ စာအုပ်တစ်အုပ် ရေးသားပြုစုခဲ့ပါသည်။

ယင်းစာအုပ်ကား ဤ 'စစ်တောင်းတိုက်ပွဲ' ပင်တည်း။

စာအုပ်၏အနှစ်သာရကား စစ်အတွင်း (အထူးသဖြင့် ဖက်ဆစ်တော်လှန်ရေးကာလ) က ဂျပန်တပ်များ၏ ခံစားချက် အတွေ့အကြုံကို အသေးစိတ် ဖော်ပြထားခြင်းပင် ဖြစ်ပါသည်။

ပဲခူးရိုးမ တောကြီးတောင်ကြီးများအတွင်း ဆင်းရဲပင်ပန်းစွာ အစာရေစာ ငတ်ပြတ်ခြင်း၊ ရောဂါဘယ ဖြစ်ပွားခြင်း စသဖြင့် အခက်အခဲအမျိုးမျိုးကြား၌ ရုန်းကန် လှုပ်ရှားနေခဲ့ရသော ဂျပန်စစ်သည်များ အနေဖြင့် ရန်ကုန်မြို့ရှိ ဂျပန်စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဗိုလ်ချုပ်ကြီးများက အရက်သေစာ သောက်စားမူးယစ်ခြင်း၊ ပြည့်တန်ဆာများနှင့် ပျော်ပါးခြင်း စသည်ဖြင့် အပျော်ကြူးနေရုံမက စစ်ရေးအခြေမလှသောအခါ ထောင်ပေါင်းများစွာသော ဂျပန်တပ်သားများအား ပစ်ထားခဲ့ပြီး သေနာပတိ ဗိုလ်ချုပ်ကြီး ကီမူရာတို့အဖွဲ့သည် ရန်ကုန်မှ မော်လမြိုင်သို့ လေယာဉ်ဖြင့် ထွက်ပြေးပုံ၊ မော်လမြိုင် ရောက်တော့မှ ကျန်ရစ်သူ ဂျပန်တပ်များအား 'ရန်ကုန်မြို့တော် မကျအောင် ခုခံကာကွယ်ရမည်' ဟု အမိန့်ထုတ်ခဲ့ပုံ စသည်တို့ဆိုလျှင် အလွန် စိတ်ဝင်စားဖွယ်ကောင်းသော 'ဒုတိယကမ္ဘာစစ် သမိုင်း' မှ 'ကွင်းဆက်' များပင် ဖြစ်ပါသည်။

အထူးသဖြင့် စစ်ကြီးပြီးခါနီး (ဖက်ဆစ်တော်လှန်ရေးကာလ) ၌ ဂျပန်စစ်သည် အများစု၏ ခံစားချက်နှင့် အတွေးအခေါ်များကိုပါ ရေးသားဖော်ပြထားပုံမှာ အလွန်ပင် မှတ်သားဖွယ်၊ ဗဟုသုတရဖွယ်ကောင်းလှသောကြောင့် မြန်မာစာဖတ်ပရိသတ်အတွက် ကြိုးစား မြန်မာပြန်ရေးသားလိုက်ရခြင်း ဖြစ်ပါသတည်း။ ။

တက္ကသိုလ်နေဝင်း

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



# မူရင်းစာရေးဆရာ၏ နိဒါန်း

၁၉၄၅ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့သည် မြန်မာနိုင်ငံရှိ ဂျပန်စစ်တပ်များအဖို့ အရေးကြီးဆုံးနေ့ တစ်နေ့ပင် ဖြစ်သည်။

အချိန်ကာလအားဖြင့် ဒုတိယကမ္ဘာစစ်ကြီး အရှေ့ဖျားဒေသတွင် ပြီးဆုံးရန် ရက်သတ္တသုံးပတ်ခန့်သာ လိုတော့သည့်အချိန်လည်း ဖြစ်သည်။

ဇူလိုင် ၂၀ ရက်နေ့ကို အရေးပါသော နေ့တစ်နေ့ဟု ဆိုရခြင်းကား မိုးဦးကျအတွင်း ပဲခူးရိုးမတောင်တန်းနှင့် တောအုပ်များအတွင်း ခိုအောင်းနေခဲ့သော ဂျပန်စစ်သည် ထောင်ပေါင်းများစွာတို့သည် တစ်ပြိုင်နက် ဖောက်ထွက်ကာ ဗြိတိသျှနှင့် မဟာမိတ် ဒီဝိဇံတပ်မကြီးများဖြင့် ပိတ်ဆို့ထားသည့် ရန်ကုန်–မန္တလေးလမ်းမကြီးကို အတင်းထိုးဖောက်ကာ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းသို့ ဖြတ်ကျော်ကူးပြေးရန် စတင် ကြိုးစားသောကြောင့်ပင်တည်း။

ဂျပန်စစ်သည်တို့ကား မြန်မာနိုင်ငံ၌ နောက်ဆုံးကျန်ရစ်သော ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးပင်ဖြစ်ပြီး ဂျပန်တို့က အတင်းထိုးဖောက်ဖြတ်ကျော်ကာ စစ်တောင်းမြစ် အရှေ့ဘက်သို့ ကူးရန် ကြိုးစားရင်း ဖြစ်ပွားခဲ့သော တိုက်ပွဲသည် ဗြိတိသျှစစ်တပ်အနေဖြင့် ဒုတိယကမ္ဘာစစ်အတွင်းက တိုက်ခိုက်ရသည့် တိုက်ပွဲအားလုံးအနက် 'နောက်ဆုံးတိုက်ပွဲ'လည်း ဖြစ်ပေသည်။

ထို့ပြင် ကမ္ဘာ့လက်နက်ကိုင်တပ်များအနက် အကောင်းဆုံး

mgyoe.com

mgyoe.com



စစ်တပ်ကြီးတစ်တပ်ဟု ကျော်ကြားခဲ့သော အိန္ဒိယတပ်မတော်အနေဖြင့် (အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံ မကွဲမီ) နောက်ဆုံးတိုက်ပွဲလည်း ဖြစ်ပေသည်။

အဆိုပါ 'စစ်တောင်းတိုက်ပွဲ' ကို ဗြိတိသျှအစိုးရ တရားဝင် သမိုင်းမှတ်တမ်းတွင် ဖော်ပြခြင်း မရှိခဲ့ချေ။ ဗြိတိသျှအစိုးရက တရားဝင် စစ်သမိုင်း ရေးသားပြုစုရန် တာဝန်ပေးခြင်းခံရသည့် ပုဂ္ဂိုလ်ကပင်လျှင် ယင်းစစ်တောင်းတိုက်ပွဲ (၁၉၄၅) နှင့် ပတ်သက်၍...

"ဂျပန်စစ်တပ်များ ပဲခူးရိုးမမှ ထိုးဖောက်၍ စစ်တောင်းမြစ် အရှေ့ဘက်ကမ်းသို့ ကူးရန် ကြိုးစားရင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ပတ်သက်၍ အသေးစိတ်ဖြစ်ရပ်များကို မှတ်တမ်းတင်ဖော်ပြမည် မဟုတ်"

ဟု အတိအလင်း မှတ်ချက်ရေးခဲ့ပေသည်။

သို့ဖြစ်လင့်ကစား ၁၉၄၅ ခုနှစ် မိုးရာသီအတွင်းက စစ်တောင်း မြစ်ဝှမ်းဒေသတစ်ဝိုက်တွင် ဂျပန်နှင့် မဟာမိတ်တပ်များ တိုက်ခိုက်ခဲ့ ရသည့်တိုက်ပွဲမှာ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ကမ္ဘာ့စစ်မျက်နှာ အသီးသီးတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အသွင်သဏ္ဌာန် လုံးဝမတူသည့်ပြင် 'စစ်တောင်းတိုက်ပွဲ' သည် စစ်ပညာ ဝါရင့်သော ဗိုလ်ချုပ်ကြီးများ၏ တိုက်ပွဲမဟုတ်၊ သာမန်အညတရ စစ်သားချင်း တိုက်ခဲ့ရသော တိုက်ပွဲဟုလည်း ဆိုနိုင်ပေသည်။

နောက် ထူးခြားချက်တစ်ခုကား စစ်တောင်းတိုက်ပွဲ၌ ဂျပန် စစ်သည်တို့ တိုက်ခိုက်ရသည်မှာ ရိုင်ဖယ်၊ လုံ့စွပ်၊ စက်သေနတ်စသော လက်နက်များသာမက ငှက်ဖျား၊ ဝမ်းရောဂါ၊ 'ဘယ်ရီ ဘယ်ရီ' ခေါ် ဗီတာမင်ချို့တဲ့သည့် ရောဂါများကိုပါ ရင်ဆိုင် တိုက်ခိုက်ခဲ့ရခြင်းပင် ဖြစ်သည်။ အရေးထဲ မိုးရာသီကာလဖြစ်၍ ရေများပြည့်လျှံကာ ကြောက်မက်ဖွယ် အဟုန်ဖြင့် ဒလဟော စီးဆင်းနေသော စစ်တောင်း မြစ်ကြီးတွင်လည်း အမှတ် ၂၈ ဂျပန်စစ်တပ်ကြီးမှ စစ်သည် အတော် များများစွာ စတေးခံခဲ့ရပေသည်။

စစ်တောင်းတိုက်ပွဲတွင် မည်သည့်ဘက်က နိုင်သည် ရှုံးသည်ဟု

mgyoe.com

mgyoe.com



တထစ်ချ ဆိုရန်လည်း ခက်ပေသည်။ စစ်သမိုင်း မှတ်တမ်းရေးသူများ ကိုယ်တိုင်က ယင်းတိုက်ပွဲ၏ အရှုံးအနိုင်ကို ကောက်ချက်ချရာ၌ သဘောကွဲလွဲခဲ့ကြပေသည်။

အရေအတွက်သက်သက်အားဖြင့်ဆိုလျှင်မူ ဗြိတိသျှတို့ဘက်မှ အောင်ပွဲခံခဲ့ခြင်းမှာ ယုံမှားဖွယ်မရှိချေ။

ထိုအချိန်က မြန်မာနိုင်ငံ၌ ဂျပန်စစ်သည်အင်အား ၂၀,၀၀၀ ကျော်ရှိခဲ့ရာမှ စစ်ပြီးဆုံး၍ လက်နက်ချချိန်တွင်မူ အသက်ရှင်ပြီး ကျန်သူဦးရေ စုစုပေါင်းမှာ ၇၀၀၀ ခန့်သာ ရှိတော့သည်။

တစ်နည်းအားဖြင့် အချိန်ကာလ ရက်သတ္တပတ် သုံးပတ်အတွင်း ဂျပန်စစ်တပ်သည် မိမိ၏ စစ်သည်အင်အား ထက်ဝက်ကျော်မျှ ဆုံးရှုံးခဲ့ ရပေသည်။

တစ်ဖက်တွင်မူ ယင်းအချိန်ကာလအတွင်း ဗြိတိသျှနှင့် အိန္ဒိယ တပ်အပြင် မြန်မာပြည် ပြောက်ကျားတပ်များ စုစုပေါင်း အင်အားမှ ထိခိုက်ကျဆုံးသူဟူ၍ ၉၅ ဦးသာ ရှိခဲ့သည်။ အချိုးအဆအားဖြင့် တွက်သော် ဂျပန်တို့မှ အဆ ၁၁၀ ခန့် ပိုမိုဆုံးရှုံးခဲ့ရပေသည်။

နောက် ထူးခြားချက် တစ်ခုကလည်း ဂျပန်တို့မှ အဖမ်းခံခဲ့ ရသော စစ်သုံ့ပန်း အရေအတွက်ပင် ဖြစ်သည်။

ဤကား ဂျပန်တို့၏ တင်းကျပ်သော သံမဏိစည်းကမ်း ရိုးရာ အစဉ်အလာ တစ်ခုကြောင့်ပင် ဖြစ်သည်။

စစ်မြေပြင်၌ ရန်သူ၏လက်တွင်းသို့ သုံ့ပန်းအဖြစ် ဖမ်းဆီးခံရသူ တစ်ဦးသည် တစ်နေ့ မိမိနေရင်းဌာနသို့ ပြန်သွားခဲ့သော် လူ့အဖွဲ့ အစည်း တစ်ရပ်လုံးက ရှုတ်ချ ဝိုင်းပယ်လေ့ရှိကြသည်။

ထို့ကြောင့် ဖမ်းဆီးရမိသော ဂျပန်စစ်သည်တို့မှာ သေလုမြောပါး ဒဏ်ရာရပြီး မည်သို့မှမဟန်နိုင်သူ၊ နာမကျန်းဖြစ်နေသူများ၊ တစ်နည်း အားဖြင့် လက်ပစ်ဗုံးခွဲ၍ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန် ခွန်အား မရှိသူတို့သာလျှင် ဖြစ်ပေသည်။

သို့ရာတွင် ၁၉၄၅ ခု၊ ဇူလိုင်လ၌ မြန်မာနိုင်ငံတွင် ကျန်ရှိနေသူ ဂျပန်စစ်သား အတော်များများမှာ အကြီးအကျယ် စိတ်ဓာတ်ကျနေကြ

mgyoe.com

mgyoe.com



ပြီ ဖြစ်သည်။

ယင်းကြောင့်ပင်လျှင် မြန်မာနိုင်ငံ စစ်မျက်နှာရှိ အမှတ် ၁၇ နှင့် ၁၉ အိန္ဒိယ ဒီဗိဇံ တပ်မကြီးများအနေဖြင့် ရက်သတ္တ နှစ်ပတ်ကာလအတွင်း ဂျပန်စစ်သုံ့ပန်း ၇၄၀ ကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပေသည်။ ၎င်း ၇၄၀ အနက် မြန်မာနိုင်ငံ စစ်ပွဲအတွင်း ဖမ်းဆီးရမိသူ သုံ့ပန်းထဲမှ ရာထူးအဆင့် အမြင့်ဆုံးဖြစ်သော ဗိုလ်ကြီး (ကပ္ပတိန်)၊ လက်ဖတင်နင် (ဗိုလ်) အဆင့် သုံ့ပန်းအတော်များများ ပါရှိခဲ့ပေသည်။

အဆိုပါတိုက်ပွဲနှင့်ပတ်သက်၍ ဗြိတိသျှအမှတ် ၁၄ စစ်တပ်သေနာပတိ ဗိုလ်ချုပ်ကြီးဆလင်း (နောက်ပိုင်း ဗိုလ်ချုပ်မှူး) ကိုယ်တိုင်က...

"ဤနောက်ဆုံး တိုက်ပွဲတွင် ရန်သူတို့ မရှုမလှခံရခြင်းသည် ဂျပန် အမှတ် ၂၈ စစ်တပ်ကြီးကို ချေမှုန်းလိုက်ရာ ရောက်သည်မက မြန်မာပြည်ရှိ ဂျပန်စစ်သည်တို့၏ တိုက်ခိုက်မှု စွမ်းရည်နှင့် စိတ်ဓာတ်ကိုပါ အကြီးအကျယ် ထိခိုက်ပျက်ပြားသွားစေခဲ့သည်..."

ဟု သူ၏ စစ်မှတ်တမ်းသမိုင်းတွင် ရေးသားဖော်ပြခဲ့ပေသည်။

သို့ဖြစ်ပါမူ 'စစ်တောင်းတိုက်ပွဲ' ကို ကြိုတင် ပြင်ဆင်ပြီး တိုက်ခိုက်ခဲ့သူ ဂျပန် ဗိုလ်ချုပ်ကြီးများအနေဖြင့် မည်သို့လျှင် သူတို့က အနိုင်ရခဲ့သည်ဟု ဆိုနိုင်ပါမည်နည်း။

ယင်း ပြဿနာနှင့်ပတ်သက်၍ အောက်ပါ အချက်များသည် စိတ်ဝင်စားဖွယ် ကောင်းပေသည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီး၍ နှစ်ပေါင်း ၂၀ ခန့်အကြာ အင်္ဂလန်ပြည်ထုတ် 'ဆန်းဒေးတိုင်း' သတင်းစာကြီးမှ သတင်းထောက်တစ်ဦးက 'ခေတ်သစ် ဂျပန်ပြည်' အကြောင်း ဆောင်းပါးရေးရန်အတွက် ဂျပန်လူမျိုး အလွှာအသီးသီးတို့အား တွေ့ဆုံမေးမြန်းခဲ့ရာတွင် စစ်အတွင်းက မြန်မာနိုင်ငံရှိ အမှတ် ၂၈ ဂျပန်စစ်တပ်ကြီး၏ သေနာပတိ လက်ဖတင်နင်ဂျင်နရယ်လ် (ဒု-ဗိုလ်ချုပ်ကြီး) ဆာကူရိုင်း-ရှိဖိုနှင့် ၎င်း၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ် (မေဂျာဂျင်နရယ်လ်) ဟီဒီအိုတို့လည်း ပါဝင်၏။

အဆိုပါဂျပန်ဗိုလ်ချုပ်နှစ်ဦးအဆိုအရ ၁၉၄၅ ခုနှစ် မိုးရာသီ

mgyoe.com

mgyoe.com



'စစ်တောင်းတိုက်ပွဲ' တွင် ဗြိတိသျှတို့ 'ဆင်' ထားသော 'ထောင်ချောက်' အတွင်းမှ မိမိတို့၏ စစ်သည် အင်အား ၅၀ ရာခိုင်နှုန်း လွတ်မြောက်အောင် ထွက်နိုင်ခဲ့ခြင်းသည်ပင်လျှင် မဖြစ်နိုင်သောကိစ္စတစ်ခုကို အောင်မြင်ချောမောစွာ စွမ်းဆောင်နိုင်ခဲ့ပါသည်ဟု ဆိုလေသည်။

ဗိုလ်ချုပ်ကြီး ဆာကူရိုင်း–ရှိုဇို ကိုယ်တိုင်ကလည်း အင်္ဂလိပ်သတင်းထောက်အား

"အဲဒီ တိုက်ပွဲဟာ ကျုပ်ရဲ့ သက်တမ်းမှာ အကောင်းဆုံး တိုက်ပွဲဖြစ်တယ်၊ တကယ်လို့သာ ဟိုအချိန်က စစ်ပွဲမပြီးဆုံးဘဲ ဆက်ဖြစ်ပွားနေမယ်ဆိုရင် ကျုပ်တို့အားလုံး တစ်ယောက်မကျန် သေကုန်မှာပဲ၊ ဘာကြောင့်လဲဆိုတော့ ကျုပ်တို့အနေနဲ့ တစ်ဦးချင်း လက်နက်ချ အညံ့ခံဖို့ဆိုတာက လုံးဝမဖြစ်နိုင်လို့ပဲ"

ဟု ပြောပြခဲ့လေသည်။

ယင်း ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးမှ တပ်မဟာတစ်ခုကို ကွပ်ကဲသူ ဗိုလ်ချုပ် 'နာကာဇာဝါ–ကန်နီချီ' ဆိုသူကလည်း ဂျပန်ဘာသာ 'နန်ဆို' မဂ္ဂဇင်းတွင်

"စစ်အတွင်းက အမှတ် ၂၈ စစ်တပ်ကြီး၏ အောင်မြင်မှုမှာ ကေန်မုချ သေကျေပျက်စီးရမည့် အခြေအနေကြား၌ မသေဘဲ အသက်ရှင်လျက်နေနိုင်အောင် ကြိုးစားခဲ့ခြင်းနှင့် ရန်သူတွေက ပိတ်ဆို့ဝိုင်းရံထားသည့် ကြားမှ ရဲတင်းစွာ ထိုးဖောက်ထွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်"

ဟု ထုတ်ဖော် ရေးသားခဲ့ပေသည်။

၎င်း ဗိုလ်ချုပ်နာကာဇာဝါကပင် ဆက်လက်၍ ယင်းသို့ ရန်သူ၏ စစ်ကြောင်းကို ထိုးဖောက်ထွက်နိုင်၍ ဝမ်းမြောက်ကျေနပ်မိခြင်းကို ဂျပန်က အညံ့ခံအရှုံးပေးကြောင်း ကြေညာလိုက်သောအခါ အကြီးအကျယ် စိတ်ထိခိုက် ဝမ်းနည်းကြေကွဲခဲ့ရကြောင်း၊ ဂျပန်လူမျိုးတို့၏ အစဉ်အလာအရ သူ့ကိုယ်သူ အဆုံးစီရင်ရန် ချက်ချင်းဆုံးဖြတ်လိုက်ပြီးကာမှ ဂျပန်ဘုရင် ဧကရာဇ်၏ အမိန့်ကြောင့်သာ သတ်မသေဖြစ်ခဲ့ကြောင်း စသဖြင့် ဖွင့်ဟရေးသားခဲ့ပါသေးသည်။

mgyoe.com

mgyoe.com



(မှတ်ချက်။ ၁၉၄၅ ခုနှစ်က ဂျပန်ဘုရင်က ၎င်းစစ်တပ်အားလုံးသို့ ထုတ်ပြန်ခဲ့သည့်အမိန့်တွင် ဂျပန်လူမျိုးအားလုံးသည် မိမိတို့နိုင်ငံအကျိုးစီးပွားအတွက် ငြိမ်းချမ်းသော နည်းများဖြင့် ဆက်လက်ကြိုးပမ်းကြရမည်ဟု ပါရှိလေသည်)

မြန်မာနိုင်ငံရှိ ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးမှ အရာရှိ အားလုံးသည် မိမိနိုင်ငံ က မည်သည့်နည်းနှင့်မှ ရန်သူအား လက်နက်ချ အညံ့ခံလိမ့်မည်ဟု မယုံကြည်ခဲ့ကြချေ။ ထို့ကြောင့် ဗြိတိသျှနှင့် မဟာမိတ်တပ်များ၏ ကြီးမားသော အင်အားကို မကြောက်မရွံ့ မတုန်လှုပ်ဘဲ ဇွတ်အတင်း ထိုးဖောက်တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။ သူတို့ အနေဖြင့် စစ်တောင်းမြစ်ကို ဖြတ်ကျော်ရန် ကြိုးပမ်းရာတွင် ဂျပန် စစ်သည်ထောင်ပေါင်းများစွာ၏ အသက်ကို 'စတေး' ခဲ့ရရာ နောက် ရက်သတ္တပတ်အနည်းငယ်အတွင်း ဂျပန်ဘုရင်က လက်နက်ချကြောင်း ကြေညာလိုက်ခြင်းမှာ ကံကြမ္မာက သူတို့အား ရက်စက်စွာ ဒဏ်ပေးလိုက်ခြင်းနှင့် တူနေတော့သည်။ ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဆာဝီလျံဆလင်းက

"စစ်တပ်တွေဟာ အများအားဖြင့် တစ်ယောက်မကျန်တိုက်ကြမယ်လို့ ပြောလေ့ရှိကြတယ်၊ ဒါက အပြောသာရှိတယ်၊ လက်တွေ့လုပ်နိုင်ဖို့က ခဲယဉ်းပါတယ်၊ ဒါပေမဲ့ မြန်မာပြည်က ဂျပန်တွေကတော့ အဲဒီဆောင်ပုဒ်ကို လက်တွေ့ကျင့်သုံးနိုင်ခဲ့ကြတယ်"

ဟု တစ်ခါက ထုတ်ဖော်ပြောဆိုခဲ့ပေသည်။

တကယ်တော့လည်း ဂျပန်တို့၏ စိတ်ဓာတ်က ပြင်းထန်လှပေသည်။ အကယ်၍သာ ဂျပန်က ရုတ်တရက် လက်နက်မချဘဲ စစ်ပွဲကို ဆက်လက်တိုက်ခိုက်ခဲ့သော် ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးမှ အသက်မသေဘဲကျန်ရစ်သူ စစ်သည်တို့က စစ်တောင်းမြစ် အရှေ့ဘက်ကမ်းမှ ကြံ့ကြံ့ခံ၍ သဲသဲမဲမဲ ဆက်လက်ခုခံတိုက်ခိုက်လျက် ဗြိတိသျှ တပ်များအနေဖြင့် ထိုင်းနိုင်ငံ သို့မဟုတ် မလေးရှားဘက်သို့ မထိုးဖောက်နိုင်အောင် ကာကွယ်တားဆီးကြမည်မှာလည်း ယုံမှားဖွယ် မရှိချေ။

ဗြိတိသျှနှင့် မဟာမိတ် တပ်ပေါင်းများစွာ ဝိုင်းရံထားသည့်ကြားမှ ဂျပန်အမှတ် ၂၈ စစ်တပ်၏ သေနာပတိဗိုလ်ချုပ်ကြီး ဆာကူ

mgyoe.com

mgyoe.com



ရိုင်း–ရှိဗိုက လက်နက်ချရန် လုံးဝစိတ်မကူးဘဲ တင်းခံခဲ့ခြင်းကိုလည်း ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဆလင်းက လေးစားခဲ့ကြောင်း သူ၏ 'အရှုံးမှ အနိုင်သို့' စစ်မှတ်တမ်းစာအုပ်တွင် ရေးသားဖော်ပြခဲ့ပေသည်။

ယင်း အယူအဆကို အိန္ဒိယအစိုးရ၏ 'မြန်မာနိုင်ငံတိုက်ပွဲ' အကြောင်း တရားဝင် မှတ်တမ်းတင်ရသူ သမိုင်းဆရာကလည်း ဤသို့ ထောက်ခံထားပြန်သည်။

"အစာရေစာ ငတ်မွတ်ခေါင်းပါးနေသည့်ပြင် ရောဂါဘယများ ဖိစီးနှိပ်စက်ခြင်း ခံနေရသည့်ကြားမှ ဂျပန် ဗိုလ်ချုပ်ကြီး ဆာကူရိုင်းက လက်နက်ချ အညံ့ခံရန် လုံးဝ မစဉ်းစားခဲ့ခြင်းမှာ အိန္ဒိယနိုင်ငံ အလယ်ခေတ်မှ ရပ်ဂျ်ပွတ် စစ်သည်တို့၏ စိတ်ဓာတ်နှင့် ခပ်ဆင်ဆင်တူပေသည်။

သို့ဖြစ်လင့်ကစား ဗြိတိသျှတို့ဘက်မှ ကြည့်ပြန်သော် စစ်တောင်းမြစ်ဝှမ်း တိုက်ပွဲသည် တရားဝင် စစ်မှတ်တမ်းသမိုင်း၌ အကျယ်တဝင့် အသားပေး မှတ်တမ်းတင်ရေးသားရန် မလိုဟုသာ သဘောထားခဲ့ပေသည်။

အကြောင်းမူကား ဗြိတိသျှတို့အမြင်တွင် အဆိုပါ စစ်တောင်းတိုက်ပွဲသည် ဂျပန်တို့ အိန္ဒိယသို့ ချင်းနင်းဝင်ရောက်ရန် ကြိုးစားခဲ့သည့် 'အင်ဖာလ်တိုက်ပွဲ' နှင့် မြန်မာနိုင်ငံစစ်ပွဲ၏ အရှုံးအနိုင်ကို အဆုံးအဖြတ်ပေးခဲ့သော 'မိတ္ထီလာတိုက်ပွဲ' တို့ကဲ့သို့လောက် အရေးပါသော တိုက်ပွဲ မဟုတ်ဟု ယူဆခဲ့သောကြောင့်ပင်တည်း။

ပဲခူးရိုးမ တောင်တန်းကြီးများအတွင်း ခိုအောင်းနေခဲ့သော ဂျပန် အမှတ် ၂၈ စစ်တပ်နှင့် တိုက်ခိုက်ရခြင်းကို ရန်သူအကြွင်းအကျန်အား ရှင်းလင်းသုတ်သင်သည့် သာမန်စစ်ဆင်ရေးတစ်ခုဟုသာ သဘောထားခဲ့ပေသည်။

ယင်းတိုက်ပွဲကို ဗြိတိသျှတို့ဘက်မှ အရေးမပါလှဟု ယူဆခဲ့သည့် နောက်အကြောင်းတစ်ရပ်ကလည်း ရန်ကုန်–မန္တလေးလမ်း၏ တစ်စိတ်တစ်ဒေသဖြစ်သော တောင်ငူနှင့် ပဲခူးအကြားဒေသ၏ တောတောင်ရေမြေ အနေအထားအရ မိုးရာသီ ဇူလိုင်လအတွင်း ခြေလျင်

mgyoe.com

mgyoe.com



တပ်ကြီးများ ရင်ဆိုင်တိုက်ရန် မည်သို့မှ အခြေအနေမရှိချေ။ အုပ်စုငယ်များခွဲ၍ ပဲခူးရိုးမ တောတောင်များအတွင်းမှ ဖြတ်ထွက်လာသော ဂျပန်တို့အား လေကြောင်းမှသာ တိုက်ခိုက်ခဲ့ပေသည်။

ဂျပန်တွေက နေ့အချိန်တွင် ပုန်းအောင်းနေပြီး ညဘက်မှသာ လှုပ်ရှားချီတက်ကြသော်လည်း ၎င်းတို့ ဖြတ်သန်းသွားလာမည့် လမ်းများကို ကြိုတင်သိရှိသဖြင့် ဗြိတိသျှ အမြောက်တပ်များကလည်း မညှာမတာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြလေသည်။

ဗြိတိသျှတပ်များ၏ ပစ်ခတ်တိုက်ခိုက်မှုကို ဖြတ်ကျော် လွတ်မြောက်သည့်တိုင်အောင် မိုးရာသီကာလ မာန်ဟုန်ပြင်းစွာဖြင့် ဒလဟော စီးဆင်းနေသည့် စစ်တောင်း မြစ်ကလည်း ဂျပန်တို့အား ကြီးစွာသော အဟန့်အတားတစ်ခုဖြစ်ကြောင်း ဗြိတိသျှတို့ဘက်မှ သိပြီးဖြစ်သည်။

✱

ဂျပန် အမှတ် ၂၈ စစ်တပ်အနေဖြင့် ဗြိတိသျှနှင့် အိန္ဒိယတပ်များကိုသာ ရင်ဆိုင်ရသည်မဟုတ်၊ မြန်မာ ပြောက်ကျားတပ်များ၏ အဆက်မပြတ် တိုက်ခိုက်ခြင်းကိုလည်း ခံခဲ့ရပါသည်။

မြန်မာပြောက်ကျားတပ်ဆိုသည်မှာ ၁၉၄၂ ခုနှစ်က ဂျပန်တို့၏ အကူအညီဖြင့် တည်ထောင်ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော်ပင် ဖြစ်သည်။ ယင်းမြန်မာတပ်သည် ၁၉၄၅ ခု နှစ်ဦးပိုင်းတွင် မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်) အမည်ဖြင့် မဟာမိတ်တို့နှင့် ပူးပေါင်းကာ ဂျပန်ကို တော်လှန်တိုက်ခိုက်ခဲ့ကြလေရာ အဆိုပါ မျိုးချစ်တပ်မတော်၏ တပ်ဖွဲ့များကို ဗြိတိသျှအရာရှိများက ဦးဆောင်ကွပ်ကဲလျက် စစ်တောင်းမြစ်ဝှမ်းရှိ ဂျပန်တို့အား ပြောက်ကျား စစ်ဆင်နည်းဖြင့် အဆက်မပြတ် လိုက်လံတိုက်ခိုက်လျက် ရှိလေသည်။ ဗြိတိသျှလေတပ်မတော်မှ လေယာဉ်များ၏ တိုက်ခိုက်မှု၊ အမြောက်တပ်များ၏ ပစ်ခတ်မှုကို လွတ်မြောက်လာသော ဂျပန်စစ်သည်တို့အား မြန်မာ ပြောက်ကျားတို့က အပြီးသတ် သုတ်သင်ချေမှုန်းခဲ့ကြပေသည်။

mgyoe.com

mgyoe.com



ယင်းအခြေအနေမှ လွတ်မြောက်ကျန်ရှိနေခဲ့သော ဂျပန်တို့ကိုမူ စစ်တောင်းမြစ်၏ လှိုင်းတံပိုး ဝဲဂယက်တို့က ဝါးမျိုပစ်ပြန်လေသည်။

စစ်တောင်းတိုက်ပွဲနှင့် ပတ်သက်၍ ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်ခဲ့သော တိုက်ဆိုင်မှုအချို့ကိုလည်း ဖော်ပြရန် လိုပေလိမ့်မည်။

၁၉၄၂ ခုနှစ်က မြန်မာပြည်တွင် တာဝန်ကျနေသော ဗြိတိသျှ (အိန္ဒိယ)တပ်မကြီးသည် ဤစစ်တောင်းမြစ် ဒေသတွင်ပင် မရှုမလှ အရေးနိမ့်ခဲ့ရပေသည်။ ထိုနှစ် ဖေဖော်ဝါရီလက စစ်တောင်းတံတားကြီး ကို ဗြိတိသျှ အစိုးရအမိန့်ဖြင့် ဖောက်ခွဲဖျက်ဆီးလိုက်ရလေရာ ဗြိတိသျှ (အိန္ဒိယ) တပ်မကြီးသည် အချို့အဝက်က မြစ်အနောက်ဘက်ကမ်းသို့ ရောက်နေပြီး အချို့သော တပ်များက အရှေ့ဘက်ကမ်းတွင် ကျန်ရှိနေ သေးသဖြင့် တပ်မကြီးအနေဖြင့် နှစ်ခြမ်းကွဲသွားခဲ့ရသည်။

ယင်းတပ်မကြီးကို ကွပ်ကဲသူ ဗိုလ်ချုပ် (မေဂျာ–ဂျင်နရယ်လ် ဆမိုက်) သည် မိမိတပ်များအားလုံး ဖြတ်ကူးပြီးသည်အထိ စောင့်ဆိုင်း ပြီးမှသာ စစ်တောင်းတံတားကြီးကို ချိုးပစ်လိုက်ရမည်လောဟု အတန်ကြာအောင် စဉ်းစားဆုံးဖြတ်ရန် ခက်နေခဲ့သည်။

နောက်ဆုံးတွင် ရန်သူတပ်များ စစ်တောင်းမြစ်ကို လွယ်လင့် တကူ မဖြတ်ကူးနိုင်ရန် အဓိကဖြစ်သည်ဟု ဆုံးဖြတ်လျက် တံတားကြီး ကို ဖောက်ခွဲဖျက်ဆီးလိုက်လေသည်။

ထိုအချိန်၌ ဗြိတိသျှတပ်မကြီး၏ စစ်သည်အင်အား သုံးပုံ နှစ်ပုံ မှာ စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် ကျန်ရစ်ခဲ့သည်။ အဆိုပါ စစ်သည်များမှာ စစ်တောင်းမြစ်ကို ဖြစ်သလို ရေကူး၍ လည်းကောင်း၊ မြစ်၏ အထက်ပိုင်းမှ ဖြတ်ကူး၍လည်းကောင်း ဖြစ်သလို ဆုတ်ခွာခဲ့ကြ ရပေသည်။

ယခုအချိန်ကာလ သုံးနှစ်ခွဲမျှ အကြာတွင် ယင်းဗြိတိသျှ (အိန္ဒိယ) တပ်မကြီးကပင်လျှင် ဂျပန်တို့ စစ်တောင်းမြစ် အရှေ့ဘက် ကမ်းသို့ ဖြတ်ကူးမပြေးနိုင်အောင် ပိတ်ဆို့ကာဆီးနေရခြင်းမှာ တိုက် ဆိုင်မှုတစ်ရပ်ပင် ဖြစ်နေတော့သည်။

ဗြိတိသျှတပ်မှာ အမှတ် ၁၇ တပ်မကြီးပင် ဖြစ်သည်။

mgyoe.com

mgyoe.com



နောက်ထပ် တိုက်ဆိုင်မှုတစ်ခု ရှိပါသေးသည်။

ဂျပန် အမှတ် ၂၈ စစ်တပ်ကြီး၏ ဗဟိုအင်အားစုမှာ 'ရှင်ဘူ ဟောဒန်' အမည်ရှိ အမာခံတပ်ကြီးပင် ဖြစ်သည်။ ယင်းတပ်သည် ၁၉၄၂ ခုနှစ်က မြန်မာနိုင်ငံသို့ ထိုးစစ်ဆင်ဝင်ရောက်သိမ်းပိုက်ခဲ့သော ဂျပန်အမှတ် ၅၅ တပ်မကြီးပင် ဖြစ်သည်။

တစ်ဖန် အိန္ဒိယပြည်သို့ ချီတက်တိုက်ခိုက်ရန် ကြိုးစားခဲ့သော ဂျပန်အမှတ် ၃၃ တပ်မကြီးကို ကွပ်ကဲခဲ့သူက ဗိုလ်ချုပ် ဆာကူရိုင်း ရှိုဇိုပင်ဖြစ်ရာ ယခု ၁၉၄၅ တွင် အခြေအနေ ပြောင်းပြန်ဖြစ်ကာ ၎င်း ဗိုလ်ချုပ် 'ဆာကူရိုင်း–ရှိုဇို' က ဗြိတိသျှတို့၏ ထိုးစစ်ဒဏ်မှ ရှောင်ခွာ ဆုတ်ပြေးနေရပေသည်။

သို့ဖြစ်လင့်ကစား ဂျပန်စစ်တပ်များ စစ်တောင်းမြစ်ကို ဖြတ်ကူး ဆုတ်ပြေးခြင်းမှာ အစီအစဉ်မရှိဘဲ ကစဉ့်ကလျား ဆုတ်ခွာပြေးခြင်းဟု မဆိုနိုင်ချေ။ ဂျပန်တို့က ခပ်စောစောကပင် ကြိုတင်ပြင်ဆင် စီမံကိန်း ပြုလုပ်ကာ စစ်ဆင်ရေးတစ်ခုသဖွယ် စနစ်တကျ စီစဉ်ပြီးမှ ဗြိတိသျှနှင့် မဟာမိတ်စစ်ကြောင်းကို ထိုးဖောက်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ၎င်းတို့၏ စစ်သည်များကိုလည်း ပဲခူးရိုးမ၏ တောကြီးများအတွင်း အချိန်ယူ၍ လေ့ကျင့်မှု သင်တန်းများပင် ပေးခဲ့သေးသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ ရာသီဥတုဒဏ်နှင့်တကွ အစာ ရေစာရှားပါးခြင်း၊ ရောဂါဘယထူပြောခြင်းစသော အနှောင့်အယှက် များကြောင့် ဂျပန်စစ်သည်များအဖို့ မူလ ရည်မှန်းချက်မအောင်မြင်ခဲ့ ခြင်း ဖြစ်ပေသည်။

ဤနေရာတွင် ယခုစာအုပ်ကို ရေးသားသူကျွန်ုပ်၏ အကြောင်း ကိုပါ အနည်းငယ် ဖော်ပြရန် လိုမည်ထင်ပါသည်။

ပထမအချက်အနေဖြင့် ကျွန်ုပ်ကိုယ်တိုင်က 'စစ်တောင်းတိုက်ပွဲ' ၏ မျက်မြင်သက်သေတစ်ဦး ဖြစ်ခဲ့ပါသည်။

ဂျပန်အမှတ် ၂၈ စစ်တပ်ကြီး၏ အမာခံတပ် 'ရှင်ဘူ' တပ်၏ စစ်ဆင်ရေးအမိန့်ကို ဂျပန်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ကျွန်ုပ် ကိုယ်တိုင် ပြန်ဆိုပေးခဲ့ရပါသည်။

mgyoe.com

mgyoe.com



ဗြိတိသျှ (အိန္ဒိယ) အမှတ် ၁၇ တပ်မကြီးက ဖမ်းဆီးရမိသော ဂျပန်သုံ့ပန်းများအား စစ်ဆေးမေးမြန်းရာတွင်လည်း ကျွန်ုပ်ကိုယ်တိုင် ပါဝင်ခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ဤစာအုပ် နောက်ဆုံးအခန်း၌ ဖော်ပြထားသော ဗြိတိသျှ လက်ဖတင်နင် (ဗိုလ်) ကလေးမှာ ကျွန်ုပ်ပင် ဖြစ်သောကြောင့်တည်း။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါတွင်လည်း အသက်မသေဘဲ ကျန်ရစ်သူ မြန်မာနိုင်ငံစစ်မျက်နှာရှိ ဂျပန်စစ်သည် အတော်များများ (ဗိုလ်ချုပ်ကြီးများမှ သာမန် တပ်သားများအထိ) ကို ကျွန်ုပ်က တွေ့ဆုံမေးမြန်းခဲ့ပါသေးသည်။

ထို့ပြင် ၁၉၆၄ ခုနှစ်က တိုကျိုမြို့တွင်ကျင်းပခဲ့သော အိုလံပစ် အားကစားပြိုင်ပွဲ အချိန်က ကျွန်ုပ်မှာ ဂျပန်နိုင်ငံခြားရေးရုံး၏ ဧည့်သည်တော်အဖြစ် ရောက်ရှိနေရာ စစ်ပြန် ဂျပန်အမျိုးသားများနှင့် ထပ်မံတွေ့ဆုံခွင့် ရခဲ့ပါသည်။

ထို့ပြင် စစ်အတွင်းက ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးမှ အရာရှိဟောင်းများအသင်း၏ အာဘော်အဖြစ် 'နန်ဆို' အမည်ရှိ ဂျာနယ် တစ်စောင်ကိုလည်း လေ့လာကိုးကားခဲ့ပါသည်။

ယင်း 'နန်ဆို' ဂျာနယ်၏ အဓိပ္ပာယ်မှာ 'တောင်ဘက်မှ ပြတင်းတစ်ခု' ဖြစ်၍ စစ်အတွင်းက စစ်တောင်းမြစ်ဝှမ်း တိုက်ပွဲအတွေ့အကြုံအဖြစ်အပျက်အကြောင်း အများဆုံး ရေးသားဖော်ပြလေ့ရှိသဖြင့် ကျွန်ုပ်အဖို့ ဤစာအုပ်ရေးရာတွင် များစွာအထောက်အကူရရှိခဲ့ပါသည်။

ယင်းဂျာနယ်ကို ဦးစီးထုတ်ဝေသူမှာလည်း ၁၉၄၅ ခုနှစ်က ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးမှ အရာရှိတစ်ဦးဖြစ်သူ ဒု–ဗိုလ်မှူးကြီး 'အေအိချိ' ဖြစ်ပါသည်။ သို့သော် ယခုစစ်ပြီးခေတ်တွင် သူသည် ဂျပန် မော်တော်ယာဉ်ကုမ္ပဏီတစ်ခုတွင် အကြီးအကဲ ဖြစ်နေပါသည်။

ဂျပန်စစ်အရာရှိဟောင်းတို့၏ နန်ဆိုဂျာနယ်ကို လေ့လာကြည့်ခြင်းအားဖြင့် သူတို့တစ်တွေ ၁၉၄၅ ခုနှစ်က ပဲခူးရိုးမ

mgyoe.com

mgyoe.com



တောတောင်များထဲမှ စစ်တောင်းမြစ်ကို ဖြတ်ကူးရန် ကြိုးပမ်းခဲ့ရပုံများသည် ၎င်းတို့အနေဖြင့် ယနေ့တိုင် မမေ့နိုင်အောင် စွဲလမ်းသတိရနေကြသေးကြောင်း ထင်ရှားနေပါသည်။

ထိုစဉ်က ဂျပန်အရာရှိတစ်ဦးဖြစ်ခဲ့သူ ရေတပ်ဗိုလ်မှူး 'ဆူဆူမီ' ဆိုသူကမူ မြန်မာနိုင်ငံ စစ်တောင်းတိုက်ပွဲ အတွေ့အကြုံများကို စာအုပ်တစ်အုပ် ရေးသား၍ မှတ်တမ်းတင်ခဲ့ပါသည်။

၁၉၄၂ ခုနှစ်က ဗြိတိသျှနှင့် ဂျပန်တပ်များ တိုက်ပွဲဖြစ်ပွားခဲ့သောနေရာများသို့လည်း ကျွန်ုပ်ကိုယ်တိုင် အကြိမ်ပေါင်းများစွာ သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသေးသည်။

တောင်ငူနှင့်ပဲခူးအကြား ရန်ကုန်–မန္တလေးလမ်းမကြီးဆိုလျှင် ကျွန်ုပ် နောက်ပိုင်း ရောက်သွားတိုင်း စစ်အတွင်းက ဒေသတစ်ဝိုက် ဖြစ်ပျက်ခဲ့သော အတွေ့အကြုံများကို ပြန်လည် သတိရမြင်ယောင်မိပါသည်။

တစ်ခါက ကျွန်ုပ်သည် စစ်တောင်းမြစ်အတွင်းသို့ ရေကူးနေရင်း ဤမြစ်ကြီးကား တစ်ချိန်တွင် ညင်သာစွာ စီးဆင်းနေသလောက် အချိန်အနည်းငယ်အတွင်း ကြောက်မက်ဖွယ် ဒီလှိုင်းကြီးများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါတကားဟု ဆင်ခြင်မိပါသည်။

မည်သို့ပင်ဖြစ်စေ... ဂျပန် ၂၈ စစ်တပ်ကြီးမှ အရာရှိများအနေဖြင့် မြန်မာပြည် 'စစ်တောင်းတိုက်ပွဲ' ကို မမေ့နိုင်ကြသလို ကျွန်ုပ်အနေဖြင့်လည်း ထိုစဉ်က လက်ဖတင်နင် အရာရှိကလေးတစ်ဦးအဖြစ် ရောက်ရှိခဲ့စဉ် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို မမေ့နိုင်အောင် ရှိနေပါတော့သည်။

ထို့ကြောင့် တရားဝင် စစ်သမိုင်းမှတ်တမ်းများတွင် ဖော်ပြမထားခဲ့သော ၁၉၄၅ ခုနှစ်က 'စစ်တောင်းတိုက်ပွဲ' နှင့် ပတ်သက်၍ ရနိုင်သမျှ အချက်အလက်များကို ရှာဖွေစုဆောင်းကာ ဤစာအုပ်ကို ရေးသားပြုစုလိုက်ရပါသတည်း။

**လူဝီအယ်လင်**

mgyoe.com

mgyoe.com

အပိုင်း - ၁

# ပဏာမအချက်အလက်များ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အခန်း ၁
# တည်ရှိခဲ့သော တပ်ဖွဲ့များ

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ဂျပန်စစ်တပ်များမှာ အမှတ် ၁၅၊ အမှတ် ၂၈ နှင့် အမှတ် ၃၃ စစ်တပ်ကြီး သုံးတပ် ဖြစ်လေသည်။

မြန်မာနိုင်ငံတစ်ခုလုံးကို ခြုံ၍တာဝန်ယူရသော 'မြန်မာနိုင်ငံဒေသစစ်တပ်' (Burma Area Army) ကိုတာဝန်ခံကွပ်ကဲသူကား ဗိုလ်ချုပ်ကြီး ကီမူရာဖြစ်၍ ရန်ကုန်မြို့တွင် ဌာနချုပ်ပြုလုပ်ထားသည်။

ယင်းမြန်မာနိုင်ငံဒေသ စစ်တပ်သည် ဆေးဂုံမြို့တွင် ရုံးထိုင်သော တောင်ပိုင်းဒေသ ဂျပန်တပ်များ၏ သေနာပတိချုပ် ဗိုလ်ချုပ်မှူး(ဖီးလ်မာရှယ်) 'တယ်ရာအူချိ' လက်အောက်တွင် တည်ရှိလေသည်။ တစ်ဖန် အဆိုပါဆေးဂုံမြို့ရှိ တောင်ပိုင်းဒေသ ဂျပန်တပ်အားလုံးကို တိုကျိုမြို့ရှိ ဘုရင့်လက်နက်ကိုင်တပ်များဌာနချုပ်က ကွပ်ကဲ အုပ်ချုပ်ထားလေသည်။

မြန်မာနိုင်ငံရှိ ဂျပန်စစ်တပ်ကြီးများအနက် အမှတ် ၁၅ စစ်တပ်သည် ၁၉၄၄ ခုနှစ်က အိန္ဒိယနိုင်ငံသို့ ချင်းနင်းဝင်ရောက်ရန် ကြိုးစားတိုက်ခိုက်ရာတွင် မရှုမလှ အရေးနိမ့်ခဲ့ရပြီး အမှတ် ၃၃ စစ်တပ်ကလည်း ၁၉၄၅ ခု၊ နှစ်ဦးပိုင်း ဧရာဝတီမြစ်ရိုး

mgyoe.com

mgyoe.com

တစ်လျှောက် ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် ရှုံးနိမ့်ကာ မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းကို ဂျပန်တို့ စွန့်လွှတ်ခဲ့ရသည်။

၁၉၄၅ ခုနှစ်၊ နွေဦးရာသီရောက်သော် ရန်ကုန်မြို့တော်သည်ပင်လျှင် ဗြိတိသျှတို့ လက်သို့ ကျရောက်သွားပြီး ဂျပန်အမှတ် ၁၅ နှင့် အမှတ် ၃၃ တပ်များမှာ တနင်္သာ ရီတိုင်းဘက်သို့ ဆုတ်ခွာနေရလေသည်။

ရခိုင်ပြည်ဘက်သို့ ရောက်နေသော ဂျပန်စစ်သည်များ အနေဖြင့် ထွက်ပေါက် ပိတ်မနေရန်အတွက် ဂျပန်အမှတ် ၂၈ တပ်ကြီးသည် ဧရာဝတီမြစ်ကို ဖြတ်ကူး၍ ပဲခူးရိုးမ တောတောင်များထဲတွင် ခိုအောင်းနေရန် ဆုံးဖြတ်ခဲ့လေသည်။ ထိုမှတစ် ဆင့် ဗြိတိသျှနှင့် မဟာမိတ်တပ်များကို ထိုးဖောက်တိုက်ထွက်၍ စစ်တောင်းမြစ်ကို ဖြတ်ကူးကာ အရှေ့ဘက်ကမ်းရှိ ကျန် ဂျပန်တပ်များနှင့် ပူးပေါင်းရန် ဖြစ်လေသည်။

ဤကား ယခုစာအုပ်ပါ အကြောင်းအရာများ၏ အစတွင်ရှိနေသော အခြေအနေ ပင်ဖြစ်သည်။

## အမှတ် ၂၈ စစ်တပ်ကြီး

ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးကို စတင်ဖွဲ့စည်းခဲ့ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ၁၉၄၄ ခုနှစ်က ဂျပန်တို့က အိန္ဒိယပြည်သို့ ချင်းနင်းဝင်ရောက်တိုက်ခိုက်ရာတွင် လက်ဝဲ တောင်ပံမှ အင်အားဖြည့်တင်းရန်ပင်ဖြစ်သည်။ ချင်းတောင်တန်းကိုဖြတ်၍ အိန္ဒိယသို့ တိုက်ရိုက်ထိုးစစ်ဆင်ရန်ကိုမူ လက်ဖတင်နင်ဂျင်နရယ်လ်(ဒုတိယ ဗိုလ်ချုပ်ကြီး) မူကေဂူချီ ကွပ်ကဲသော ဂျပန်အမှတ် ၁၅ စစ်တပ်ကြီးက ဦးဆောင်တိုက်ခိုက်ရန်ဖြစ် သည်။ ယင်းစစ်ဆင်ရေး၏ ရည်မှန်းချက်မှာ ဗြိတိသျှအမှတ် ၄ တပ်မကြီး ဌာနချုပ် စခန်းပြုလုပ်ထားသော မဏိပူရပြည်နယ် မြို့တော် အင်ဖာလ်မြို့ကို ဝင်ရောက်သိမ်း ပိုက်ရန်ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီး မူကေဂူချီ၏ အမှတ် ၁၅ စစ်တပ် သည် ဗြဟ္မပုတ္တရမြစ်ဝှမ်းသို့ ဆက်လက်ချီတက်ရန်ဖြစ်သည်။ ယင်းအဆင့်သို့ရောက် ပါက ဂျပန်တို့ ချီတက်ဝင်ရောက်လာခြင်းသတင်းက ပျံ့နှံ့ကာ နဂိုက မကျေမနပ် ဖြစ်နေသော ဘင်္ဂလားပြည်နယ်လူထုက ဗြိတိသျှအစိုးရအပေါ် တော်လှန်အုံကြွလျက် ဂျပန်စစ်တပ်များအား ခရီးဦးကြို ပြုကြလိမ့်မည်ဟုလည်း မျှော်မှန်းထားလေသည်။

ဤကား ဂျပန်တို့က မျှော်လင့်ထားသည့်အတိုင်း စီမံကိန်းရေးဆွဲထားခြင်းပင် ဖြစ်သည်။

mgyoe.com

mgyoe.com

ဂျပန်အမှတ် ၁၅ စစ်တပ်ကြီးက မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ချင်းတောင် ဒေသမှတစ်ဆင့် ထိုးစစ်ဆင်နေစဉ် ယင်းတပ်ကြီး၏ လုံခြုံရေးအတွက် လက်ဝဲဘက် တောင်ပံမှ ကာကွယ်ပေးရန် လိုအပ်ပေသည်။ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းသို့ ဗြိတိသျှတို့ရေကြောင်းမှ တိုက်ခိုက်လာမည့် အန္တရာယ်နှင့် စစ်တကောင်းမြို့မှတစ်ဆင့် ရခိုင်သို့ ထိုးဖောက်ဝင်လာမည့် အန္တရာယ်တို့ကို ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်လေသည်။

အမှတ် ၂၈ စစ်တပ်ကြီးတွင် ဒီဗီဇံ တပ်မကြီးသုံးခု ပါဝင်ရာ ၎င်းတို့မှာ အမှတ် ၂၊ အမှတ် ၄၅ နှင့် ၅၅ တပ်မကြီးများပင်ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် အမှတ် ၂ တပ်မကြီးသည် မြန်မာပြည်အလယ်ပိုင်းသို့ ပြောင်းရွှေ့ရပြီး ထိုမှတစ်ဆင့် ပြင်သစ် အင်ဒိုချိုင်းနားသို့ အပြီးပိုင် ပြောင်းရွှေ့သွားသောကြောင့် ဤစာအုပ်ပါ အဖြစ်အပျက်များနှင့် မပတ်သက်တော့ချေ။

အမှတ် ၅၄ နှင့် ၅၅ တပ်မကြီးနှစ်ခုသာလျှင် ယခုဖော်ပြလတ္တံ့သော မှတ်တမ်းတွင် အဓိက ပါဝင်နေသည်။

ဖော်ပြပါ တပ်မကြီးများအပြင် ဂျပန် ၂၈ စစ်တပ်ကြီးကို အခြားတပ်ဖွဲ့များဖြင့်လည်း အင်အား ဖြည့်တင်းထားပါသေးသည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ပြင်မှ ချဉ်းကပ်လာလတ္တံ့သော ရန်သူအား စောင့်ကြည့်ရာတွင် အမှတ် ၂၈ စစ်တပ်ကြီးကို ဂျပန်ရေတပ်ကလည်း ပူးပေါင်းကူညီခဲ့ရလေသည်။

ရေတပ်ဗိုလ်ချုပ်ကြီး တာနာကာရိုင်ဇို ဦးစီးကွပ်ကဲသော ဂျပန်အမှတ် ၁၃ ရေတပ်ဖွဲ့က အမှတ် ၂၈ ဂျပန်စစ်တပ်ကြီးကို ကူညီကာကွယ်ရန် တာဝန်ကျခဲ့ပေသည်။ ရေတပ်ဗိုလ်ချုပ် တာနာကာရိုင်ဇိုဆိုသူမှာ အနောက်တောင်ပစိဖိတ်သမုဒ္ဒရာ စစ်မျက်နှာ၌ တိုက်ခိုက်ရေးအရည်အချင်းထက်မြက်သူဟု နာမည်ရခဲ့သူဖြစ်သည်။

သူ၏ရေတပ်ဌာနချုပ်ရုံးကို ရန်ကုန်မြို့၌ထားရှိပြီး ဂျပန်ရေတပ်ဖွဲ့ နှစ်ဖွဲ့ကို ရန်ကုန်နှင့် တောင်ကုတ်တွင် နှစ်နေရာခွဲ၍ ချထားလေသည်။

ရေတပ်ဖွဲ့များ၏ တာဝန်ကား မြန်မာ့ပင်လယ် ကမ်းရိုးတန်းတစ်လျှောက် ရန်သူသင်္ဘောများ ချဉ်းကပ်မလာအောင် စောင့်ကြပ်ရန်နှင့် မြစ်ချောင်းများအတွင်း ဗြိတိသျှစစ်တပ်များက မြှုပ်ထားခဲ့သည့် ရေမြှုပ်ဗုံးများ ဖော်ထုတ်ရှင်းလင်းရန်ပင်ဖြစ်သည်။

ဂျပန်ရေတပ်ဖွဲ့ တစ်ဖွဲ့လျှင် လူအင်အား ၆၀၀ ခန့်ရှိပြီး 'တိုပိဒို' သင်္ဘောအပါ
mgyoe.com

 mgyoe.com 

အဝင် တိုက်ရေယာဉ်ငယ်များသာ ရှိလေသည်။

၁၉၄၅ ခုနှစ် နွေဦးရာသီကာလတွင် ရန်ကုန်မြို့ရှိ ဂျပန်တပ်များကို ပူးပေါင်းဖွဲ့စည်းလျက် အမှတ် ၁၀၅ စုပေါင်းတပ်မဟာအဖြစ် ပြန်လည်ဖွဲ့စည်းကာ ပဲခူးရိုးမတွင် ဌာနချုပ်စခန်းပြုထားသည်။ အမှတ် ၂၈ ဂျပန်စစ်တပ်ကြီး၏ ကွပ်ကဲမှုဖြင့် ဆက်လက်လှုပ်ရှားခဲ့ရလေသည်။

ဂျပန် ၂၈ စစ်တပ်ကြီးအတွင်းရှိ တပ်များအနက် မြန်မာနိုင်ငံတွင် တိုက်ပွဲအတွေ့အကြုံ ဝါရင့်ဆုံးတပ်ဖွဲ့ကား အမှတ် ၅၅ ဒီဗီဇံတပ်မကြီးပင်ဖြစ်သည်။ ယင်းတပ်မကြီးမှ တပ်သားအများစုမှာ ဂျပန်ပြည် 'ရှီကိုကူ' ကျွန်းသားများဖြစ်ကြသည်။

၁၉၄၁ ခုနှစ်က ယိုးဒယား (ထိုင်း)နိုင်ငံမှတစ်ဆင့် မြန်မာပြည်သို့ ထိုးဖောက်ဝင်ရောက်ပြီး ဗြိတိသျှအမှတ် ၁၇ တပ်မကြီးကို ဆုတ်ခွာပြေးရအောင် တိုက်ခဲ့သည်မှာလည်း ယင်းအမှတ် ၅၅ တပ်မကြီးပင်ဖြစ်ပေသည်။

၁၉၄၂ ခုနှစ်ဆန်းက အမှတ် ၃၃ ဂျပန်တပ်မကြီးက ရန်ကုန်မြို့သို့ ချီတက်သိမ်းပိုက်နေစဉ် အမှတ် ၅၅ တပ်မကြီးသည် စစ်တောင်းမြစ် စစ်မျက်နှာမှ မြောက်ဘက်သို့ ချီလျက် တရုတ်စစ်သည်တို့အား တိုက်ခိုက်ခဲ့လေသည်။

တရုတ်တပ်များ ဆိုသည်မှာ ထိုစဉ်က အရေးနိမ့်နေသော ဗြိတိသျှတပ်များအား 'ချန်ကေရှိတ်' အစိုးရက စစ်ကူလွှတ်လိုက်သော တရုတ်တပ်များပင်ဖြစ်သည်။

တရုတ်တပ်များသည် မြောက်ဘက်မှ ဝင်ရောက်ပြီး တောင်ငူမြို့ထိအောင် ချီတက်လာခဲ့သော်လည်း ဂျပန်အမှတ် ၅၅ တပ်မကြီးက တရုတ်တို့ကို လျင်မြန်စွာ တိုက်ခိုက်ချေမှုန်းနိုင်ရုံမက မန္တလေးမြို့ကို အလွယ်တကူတိုက်ယူကာ မြန်မာပြည် မြောက်ပိုင်းတစ်ခုလုံးကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပေသည်။

ဒု-ဗိုလ်ချုပ်ကြီး (လက်ဖ်တင်နယ်-ဂျင်နရယ်) 'ဆာကူရိုင်း-ရှိုဇို' သည် အမှတ် ၂၈ စစ်တပ်ကြီးကို ကွပ်ကဲရန် သေနာပတိတာဝန်လက်ခံယူချိန်၌ ၎င်းအနေဖြင့် အမှတ် ၅၅ ဒီဗီဇံတပ်မကြီး၏ အကြောင်းနှင့်တကွ မြန်မာနိုင်ငံ အခြေအနေတို့ကို ကောင်းစွာ သိရှိပြီးဖြစ်သည်။

အကြောင်းမူကား ၁၉၄၂ ခုနှစ်က မြန်မာပြည်သို့ ချင်းနင်းဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဂျပန် အမှတ် ၃၃ တပ်မကြီးကို ကိုယ်တိုင်ဦးစီးကွပ်ကဲခဲ့သောကြောင့်ပင်တည်း။

'ဆာကူရိုင်း-ရှိုဇို' ၏ စစ်မှုထမ်းသက်ကလည်း မနည်းလှချေ။

mgyoe.com

mgyoe.com


အရာရှိငယ်ဘဝက သူသည် ပြင်သစ်နိုင်ငံဆိုင်ရာ ဂျပန်သံရုံး၌ စစ်သံမှူးအဖြစ် အမှုထမ်းခဲ့ဖူးသည့်ပြင် ဂျပန်နှင့် တရုတ် ဖြစ်ပွားခဲ့သော အရေးအခင်းကာလအတွင်းက တိုကျိုမြို့၊ ဂျပန်စစ်ဦးစီးဌာနချုပ်၌ အရာရှိတစ်ဦးအဖြစ်လည်း အမှုထမ်းခဲ့၏။

၁၉၄၂ ခုနှစ်၊ မတ်လက ရန်ကုန်မြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် 'ဆာကူရိုင်း ရှိုဇို' သည် တိုကျိုမြို့ စစ်ဌာနချုပ်၌ ယန္တရားတပ်များ ဌာနအကြီးအကဲဖြစ်လာလေသည်။

ပုဂ္ဂိုလ်ရေးအရ သူသည် အလွန်တည်ကြည်ဖြောင့်မတ်သူဖြစ်၍ လက်အောက် အရာရှိများက ဆာကူရိုင်း–ရှိုဇိုအား အထူးလေးစားကြည်ညိုခဲ့ကြ၏။ အထူးသဖြင့် မြန်မာနိုင်ငံရောက် ဂျပန်ဗိုလ်ချုပ်ကြီးများအနက် 'ဆာကူရိုင်း–ရှိုဇို' သည် ကိုယ်ကျင့် တရား အထူးကောင်းသူဟု နာမည်ရခဲ့၏။

ဥပမာ စစ်အတွင်းက မြန်မာနိုင်ငံရောက် ဂျပန် အမှတ် ၁၅ စစ်တပ်၏ သေနာပတိ 'မူဘာဂူချိ' ဆိုလျှင် မိန်းမရှုပ်သူ၊ ကာမဂုဏ်ကြူးသူအဖြစ် နာမည်ကြီးခဲ့၏။ အလားတူ ပင် အမှတ် ၃၃ တပ်မကြီးကိုကွပ်ကဲသူ 'ဟွန်ဒါ' ကမူ အားအားရှိတိုင်း ညစ်ညမ်းသော ပုံပြင်များကို ပြောလေ့ရှိသည်။

ဗိုလ်ချုပ်ကြီး 'ဆာကူရိုင်း–ရှိုဇို' နှင့်ပတ်သက်၍ ဂျပန်အမှတ် ၅၅ ဒီဗိဇံတပ်မ ကြီးမှ ဒု–ဗိုလ်မှူးကြီး 'ဆိုင်တိုး' က

"ဗိုလ်ချုပ်ကြီး ဆာကူရိုင်း–ရှိုဇို၏ ကိုယ်ကျင့်တရား စရိုက်နှင့် သွင်ပြင်လက္ခဏာကို ကြည့်ရသည်မှာ ဖူဂျီတောင်ကြီးကို ပြေးသတိရဖွယ်ပင်ဖြစ်သည်။"

ဟု မှတ်ချက်ချခဲ့ဖူးလေသည်။

၁၉၄၄ ခု၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အမှတ် ၂၈ စစ်တပ်ကြီး၏ စစ်ဦးစီး အဖွဲ့မှူးအဖြစ် ဗိုလ်ချုပ် (မေဂျာ–ဂျင်နရယ်လ်) 'အီဝါကူရို–ဟီဒီအို' ဆိုသူရောက်ရှိ လာလေသည်။ ဗိုလ်ချုပ် 'အီဝါကူရို–ဟီဒီအို'သည်လည်း ခေသူမဟုတ်ချေ။ မြန်မာ နိုင်ငံရောက် ဂျပန်စစ်ဘက် အရာရှိကြီးများအနက် အရည်အချင်းအပြည့်ဝဆုံး ပုဂ္ဂိုလ် တစ်ဦးဟုလည်း နာမည်ရသူဖြစ်သည်။ ၁၉၃၂ ခုနှစ်က မန်ချူးရီးယားပြည်သို့ ချင်းနင်း ဝင်ရောက်တိုက်ခဲ့စဉ် ဂျပန်စစ်တပ်၏ ဝါဒပေါ်လစီ စာတမ်းကို ရေးဆွဲပြုစုခဲ့သူမှာ လည်း 'အီဝါကူရို–ဟီဒီအို'ပင်ဖြစ်သည်။

၁၉၄၁ ခုနှစ်က အမေရိကန် သာသနာပြုမစ်ရှင်အဖွဲ့ ခေါင်းဆောင်အချို့သည် အမေရိကန် စာပို့တိုက်ဌာနဝန်ကြီး 'ဂျိန်းစ်ဝေါကာ' မှတစ်ဆင့် ဂျပန်စစ်သည်အချို့နှင့်

mgyoe.com

mgyoe.com


ကုန်သည်ကြီးတစ်စုတို့၏ သဘောထားကို သမ္မတကြီး 'ရုစ်ဘဲ' ထံ တိုက်ရိုက် တင်ပြရန် ကြိုးစားခဲ့ဖူး၏။ ရည်ရွယ်ချက်ကား ဂျပန်စစ်အရာရှိနှင့် ကုန်သည်ကြီးများ၏ သဘောထားအမှန်ကို အမေရိကန်သမ္မတကြီးက သိရှိလာပါက ဖြစ်ပွားအံ့ဆဲဆဲ စစ်ပွဲကို တားဆီးနိုင်ပြီး တရုတ်ပြည်၌ ဂျပန်တို့သိမ်းပိုက်ထားပြီးသော နယ်မြေ အချို့ကိုပါ အမေရိကန်က အသိအမှတ်ပြုလိမ့်မည်ဟူသော ရည်ရွယ်ချက်ပင်ဖြစ်၏။

ထိုစဉ်က ဂျပန်စစ်တပ်တစ်ခုလုံးက ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် 'အီဝါကူရို–ဟီဒီအို' ကိုပင် ရွေးချယ်ခဲ့လေသည်။

သူကိုယ်တိုင် အမေရိကန်နိုင်ငံသို့ သွားရောက်၍ ဝါရှင်တန်နှင့် နယူးယောက်မြို့များတွင် လပေါင်းများစွာနေထိုင်ကာ အမေရိကန်တို့နှင့် လျှို့ဝှက်စေ့စပ်ဆွေးနွေးရေးများ ကြိုးစားလုပ်ခဲ့၏။ သူနှင့်တွေ့ဆုံဆက်ဆံခဲ့ဖူးသော အမေရိကန်အရာရှိများကလည်း 'အီဝါကူရို–ဟီဒီအို' အား ဆက်ဆံရေးပြေပြစ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်ဟု မှတ်ချက်ချခဲ့ကြလေသည်။

အမေရိကန်တို့နှင့် စေ့စပ်ဆွေးနွေးရေး ပျက်ပြားသွားပြီးနောက် 'အီဝါကူရို'သည် ပြင်သစ်၊ အင်ဒိုချိုင်းနားသို့ အမှတ် ၅ ကိုယ်ရံတော်တပ်ကို ကွပ်ကဲလျက် ရောက်ရှိနေလေသည်။ ထိုစဉ်က သူသည် မလေးကျွန်းဆွယ်ရှိ ဗြိတိသျှတပ်များအား စစ်ဆင်ရန်အမိန့်ကို စောင့်နေခြင်းဖြစ်သည်။

'အီဝါကူရို' ၏ တပ်များက စင်ကာပူထိအောင် တောင်ဘက်သို့ တရကြမ်း ထိုးစစ်ဆင်တိုက်ခိုက်ပုံမှာ လျှပ်တစ်ပြက် လျင်မြန်လွန်းလှသည် ဆိုရလောက်အောင် သွက်လက်လှပြီး ၎င်းကိုယ်တိုင်ရေးသားခဲ့သည့် 'ဆေကီနိုဆိုကိုဂေဘီ' ခေါ် စစ်မှတ်တမ်းစာအုပ်၌ အသေးစိတ်ဖော်ပြထားပါသည်။

ယင်းစာအုပ်၏ မူကြမ်းဖြစ်သော သူ၏ နေ့စဉ် ဒိုင်ယာရီမှတ်တမ်းစာအုပ်ကို 'အီဝါကူရို' သည် ၁၉၄၅ ခုနှစ် ပဲခူးရိုးမတောင်တန်းအတွင်း ခိုအောင်းနေစဉ်ကပင် သွားလေရာ ယူဆောင်ထိန်းသိမ်းခဲ့လေသည်။

မာလာယုတွင် ဗြိတိသျှတို့ အရေးနိမ့်သွားပြီးနောက် 'အီဝါကူရို' သည် အိန္ဒိယပြည် နိုင်ငံရေးနှင့်ပတ်သက်လာခဲ့ပြန်သည်။ စစ်အတွင်းက အိန္ဒိယပြည်ပြင်ပမှ အိန္ဒိယအမျိုးသားများ ပါဝင်ဖွဲ့စည်းခဲ့သော 'အိုင် အင် အေ' ခေါ် အိန္ဒိယအမျိုးသားတပ်မတော်နှင့် ဂျပန်စစ်တပ်တို့ ဆက်သွယ်ရေးကို ကြီးကြပ်ချုပ်ကိုင်ထားသော 'ဟီကာရီ–ကီကန်' (အလင်းရောင်တပ်ဖွဲ့)ကိုလည်း 'အီဝါကူရို'ကပင် ဦးစီးကွပ်ကဲခဲ့လေသည်။

mgyoe.com

mgyoe.com


အိန္ဒိယအမျိုးသား တပ်မတော်နှင့် ဆက်ဆံရခြင်းကလည်း လွယ်ကူလှသည် မဟုတ်ချေ။ မကြာခဏ ဂျပန်နှင့် အိန္ဒိယအမျိုးသားများ ပဋိပက္ခဖြစ်ခဲ့ကြရသည်။ တစ်ကြိမ်ကဆိုလျှင် 'အီဝါကူရို' သည် အခြေအနေအရ 'အိုင် အင် အေ' တပ်၏ တပ်မှူးကြီး 'မိုဟန်ဆင်း' ကိုပင် ဖမ်းဆီးချုပ်နှောင်ခဲ့ရလေသည်။

နောက်ပိုင်းတွင် ဖော်ပြပါ 'ဟီကာရီ–ကီကန်'တပ်ဖွဲ့၏ အကြီးအကဲအဖြစ် ဂျာမနီပြည်ဆိုင်ရာ ဂျပန်စစ်သံမှူး ဗိုလ်မှူးကြီး ယာမာမိုတိုကို အစားထိုးခန့်ထားပြီး 'အီဝါကူရို' ကိုမူ 'ဆူမာတြာ' ကျွန်း ဂျပန်စစ်အုပ်ချုပ်ရေးဌာနသို့ ပြောင်းရွှေ့လိုက်လေသည်။

ဆူမာတြာမှတစ်ဆင့် ၁၉၄၅ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးသို့ ဗိုလ်ချုပ်ကြီးဆာကူရိုင်း၏ စစ်ဦးစီးအဖွဲ့မှူးအဖြစ် ပြောင်းရွှေ့ရောက်လာခြင်း ဖြစ်လေသည်။

## အမှတ် ၅၄ တပ်မကြီး

ဂျပန်အမှတ် ၂၈ စစ်တပ်ကြီး၏ ကွပ်ကဲမှုအောက်ရှိ တပ်များအနက် အင်အားအကြီးဆုံးမှာ အမှတ် ၅၄ ဒီဝီဇံတပ်မကြီးပင်ဖြစ်လေသည်။

အမှတ် ၅၄ တပ်မကြီးကို ဒုဗိုလ်ချုပ်ကြီး (လက်ဖ်တင်နင် ဂျင်နရယ်) 'ကာတာမူရာ–ရှိဟာချီ' ကွပ်ကဲလျက် ၁၉၄၃ ခုနှစ်၊ စက်တင်ဘာလက မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ရာ ယင်းတပ်ကြီး၏ အဓိကတာဝန်မှာ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်ကို ကာကွယ်ရန်ပင်ဖြစ်သည်။

ရခိုင် ကမ်းရိုးတန်း ဆိုရာ၌ ရမ်းဗြဲနှင့် မာန်အောင်ကျွန်းများလည်း ပါဝင်လေသည်။ သို့ရာတွင် ဗြိတိသျှအမှတ် ၁၅ စစ်တပ်၏သဲသဲမဲမဲ ထိုးစစ်ဆင်မှုကြောင့် ၁၉၄၅ ခုနှစ်၊ နွေဦးရာသီလောက်တွင် ဂျပန်အမှတ် ၅၄ ဒီဝီဇံတပ်မကြီးသည် ရခိုင်ပြည်မှ ဆုတ်ခွာခဲ့ရလေသည်။

ယင်းတပ်မကြီးအနေဖြင့် ဧရာဝတီမြစ်ကို ဆောလျင်စွာ မဖြတ်ကူးနိုင်ပါက အမှတ် ၂၈ စစ်တပ်ကြီး၏ အခြားတပ်များနည်းတူ ဗြိတိသျှတပ်များ ဝိုင်းရံပိတ်ဆို့ခံရကာ ချောင်ပိတ်မိတော့မည်မှာ သေချာသလောက် ဖြစ်နေပေပြီ။

ထို့ကြောင့် ဂျပန်တို့သည် တိုက်ရင်းဆုတ်ရင်းနှင့် ဧရာဝတီမြစ်ကြီးဘက်ဆီသို့ တဖြည်းဖြည်း ဆုတ်ခွာခဲ့ရတော့သည်။

အရေးထဲ ဂျပန် ၅၄ ဒီဝီဇံတပ်မကြီးကို ဦးစီးကွပ်ကဲသူ တပ်မှူးအပြောင်းအလွဲ

mgyoe.com

mgyoe.com


ဖြစ်ခဲ့ရသေးသည်။ ၁၉၄၄ ခု၊ စက်တင်ဘာလတွင် ဗိုလ်ချုပ်ကြီး ကာတာမူရာရှိဟာချီ နေရာတွင် ဒု–ဗိုလ်ချုပ်ကြီး (လက်ဖတင်နင်–ဂျင်နရယ်လ်) 'မီယာဇာကီ'ဆိုသူ ရောက်ရှိလာသည်။

'မီယာဇာကီ' သည် ခန္ဓာကိုယ် မထွားကျိုင်းသလောက် စိတ်ဓာတ်ပြင်းထန်ပြီး သတ္တိကောင်းသူဖြစ်သည်။ သူသည် အိန္ဒိယပြည်တိုက်ရင်း အရေးမလှ၍ 'ကိုဟီးမား' မှ ဂျပန်တို့ဆုတ်ခွာခဲ့ရစဉ် အမှတ် ၃၁ ဒီဗီဇံတပ်မကြီးကို ကွပ်ကဲလျက် တိုက်ပွဲပေါင်းများစွာကို ဦးစီးတိုက်ခိုက်ခဲ့သူလည်းဖြစ်သည်။

ဗိုလ်ချုပ်ကြီး 'မီယာဇာကီ'၏ မူလအစီအစဉ်အရ ဧရာဝတီမြစ်ကို သရက်မြို့ဒေသမှ ဖြတ်ကူးရန် ရည်ရွယ်ခဲ့လေသည်။

သို့ရာတွင် ဗြိတိသျှတပ်များ၏ ထိုးစစ်ဆင်ချီတက်မှုက အလွန်လျင်မြန်လှသောကြောင့် သရက်မြို့မှ မြစ်ကိုဖြတ်ကူးရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် 'မီယာဇာကီ' သည် မြစ်ဖြတ်ကူးရန် အခြားနေရာကို ဆက်လက်ရှာဖွေရင်း နောက်ဆုံးတွင် သရက်မြို့၏ တောင်ဘက် ကမ္မမြို့မှ ဖြတ်ကူးရန် ရွေးချယ်ဆုံးဖြတ်လိုက်တော့သည်။

သူ၏ ဆုံးဖြတ်ချက်က မှန်ကန်သည်ဟု မဆိုနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ဗြိတိသျှတပ်များက မြောက်ဘက်၊ အနောက်မြောက်နှင့် အနောက်ဘက်မှ ဝိုင်းရံတိုက်ခိုက်မှုကို တွန်းလှန်နေရသောကြောင့်ပင်တည်း။

ဤသို့လျှင် အနှောင့်အယှက် အခက်အခဲအမျိုးမျိုးကြားမှ မြစ်ကို ဖြတ်ကူးပြီးနောက် ပဲခူးရိုးမသို့သွားရန် လမ်းတွင် ပိတ်ဆို့ကာဆီးထားသည့် အိန္ဒိယအမှတ် ၇ ဒီဗီဇံတပ်မကြီးကို ရင်ဆိုင်ရပြန်လေသည်။

ဗြိတိသျှ အိန္ဒိယ တပ်မကြီးအနေဖြင့် ကမ္မမြို့၏ တောင်ဘက်၊ ဧရာဝတီမြစ်အရှေ့ဘက်တွင် စစ်တပ်များ နှစ်ထပ်ချကာ ဂျပန်တို့၏ ထွက်ပေါက်ကို ပိတ်ဆို့ထားလေသည်။ ပထမတစ်ထပ်တွင် တပ်ရင်း သုံးရင်းမျှ ရှိပြီး တောတောင် ကုန်းမြင့်ဒေသများတွင် အပေါ်စီးမှ နေရာယူထားကြသည်။

ဒုတိယ 'ထောင်ချောက်' အနေဖြင့် တပ်ရင်းနှစ်ရင်းက ပဲခူးရိုးမနှင့် မြစ်ကမ်းဒေသကြား ကွင်းပြင်တစ်ဝိုက်တွင် အသင့်စောင့်ကာ ဂျပန်တို့ ထိုးဖောက်မသွားနိုင်အောင် ပိတ်ဆို့ထားသည်။

ဗိုလ်ချုပ်ကြီး 'မီယာဇာကီ' သည် ဗြိတိသျှတို့နှင့် ပြင်းထန်စွာ တိုက်ပွဲအကြိမ်ကြိမ် ဖြစ်ပွားပြီးကာမှ ပေါက်ခေါင်းမြို့သို့ ရောက်ရှိသွားလေသည်။ ထိုအတောအတွင်း

mgyoe.com

mgyoe.com


သူ၏ တပ်ဘက်မှ အကြီးအကျယ် ဆုံးရှုံးခဲ့ရလေသည်။ ပေါက်ခေါင်းမြို့မရောက်မီ ကမ္မမြို့တစ်ဝိုက်၌ ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် မြစ်အရှေ့ဘက်ကမ်းရောက်မှ ဆက်လက်တိုက်ခိုက်ရခြင်းကြောင့် ပို့ဆောင်ရေးယာဉ်များ၊ အမြောက်များနှင့် စစ်သည် ၁၄၀၀ ခန့် ဆုံးရှုံးခဲ့ရလေသည်။ ဂျပန်တပ်သား ၇၀ ကျော်သည်လည်း သုံ့ပန်းအဖြစ် ဖမ်းဆီးခံခဲ့ရလေရာ အမှတ် ၅၄ တပ်မကြီး၏ စစ်သည်များစိတ်ဓာတ်ကျဆင်း ပျက်ပြားစပြုနေပြီဖြစ်ကြောင်း ထင်ရှားနေပေသည်။

သို့ဖြစ်လင့်ကစား 'မီယာဇာကီ' သည် သူ၏ တပ်မကြီးမှ ကျန်ရှိသော စစ်သည်အားလုံးကို ၁၉၄၅ ခုနှစ်၊ မေလကုန်တွင် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း 'တောင်ကုန်း အမှတ် ၅၃၆ '၌ အောင်မြင်စွာ ပြန်လည် စုရုံးနိုင်ခဲ့ပေသည်။

ထိုမှတစ်ဆင့် သူသည် ပေါက်ခေါင်းမြို့သို့ ဆက်လက်ချီတက်ပြီး ခေတ္တအပန်းဖြေရင်း ပဲခူးရိုးမသို့ ခရီးဆက်ရန် ပြင်ဆင်ခဲ့လေသည်။

## အမှတ် ၅၅ တပ်မကြီး

ဂျပန်အမှတ် ၂၈ တပ်မကြီးအနေဖြင့် ပဲခူးရိုးမတောတောင်များ အတွင်းသို့ ဝင်ရောက်ခိုအောင်းခြင်းမပြုမီကပင် အမှတ် ၅၅ ဒီဗီဇံ တပ်မကြီးသည် တလုံးတစည်းတည်း မရှိတော့ဘဲ သီးခြားတပ်ဖွဲ့များ ခွဲ၍ ဖွဲ့ထားပြီး ဖြစ်နေလေသည်။ ဥပမာအမှတ် ၁၁၂ ခြေလျင်တပ်ရင်းမှ စစ်သည်များကို 'ကန်ဂျိုတပ်ဖွဲ့' ဟု အမည်ပေးကာ ပုပ္ပားတောင်ဒေသမှ တောင်ဘက်သို့ ချီတက်မည့် ဗြိတိသျှနှင့် အိန္ဒိယတပ်များကို ခုခံဟန့်တားရန် ၁၉၄၅ ခုနှစ်၊ မတ်လက စေလွှတ်ထားခဲ့သည်။

တစ်ဖန် တပ်မ ၅၅ လက်အောက်ခံတပ်ဖွဲ့တစ်ခု ဖြစ်သော အမှတ် ၁၄၃ ခြေလျင်တပ်ရင်းကိုလည်း မိတ္ထီလာမှ ရန်ကုန်သို့ ချီလာသည့် မဟာမိတ်တပ်များကို ဆီးတိုက်ရန် 'ချူ' တပ်ဖွဲ့အမည်ဖြင့် တာဝန်ပေးထားခဲ့သည်။

အဆိုပါ 'ချူတပ်ဖွဲ့'ကို တပ်မကြီး၏ သေနာပတိ ဗိုလ်ချုပ်ကြီး 'ဟာနာယာ–ဘာဒါရို' ကိုယ်တိုင် ဦးစီး ကွပ်ကဲလေသည်။

အမှတ် ၅၅ ဒီဗီဇံတပ်မကြီးမှ ကျန်ရှိသော တပ်များကိုမူ ခြေလျင်တပ်ဖွဲ့များ၏ တပ်မှူးဗိုလ်မှူးကြီး 'နာကာဇာဝါကာနီချီ' ကွပ်ကဲလျက် 'ရှင်ဘူ' တပ်ဖွဲ့ဟူ၍ ဖွဲ့စည်းထားခဲ့လေသည်။

ယင်းသို့ သီးခြားတပ်ဖွဲ့များ ခွဲထွက်တာဝန်ယူရခြင်းကြောင့်ပင်လျှင် အမှတ် ၅၅

mgyoe.com

mgyoe.com


တပ်မကြီးအနေဖြင့် အတော်ပင် အင်အားလျော့နည်းခဲ့ရလေသည်။

အရေးထဲ တပ်မကြီး၏သေနာပတိ ဗိုလ်ချုပ်ကြီး 'ဟာနာယာဘာဒါရှိ' မရှိခြင်းကြောင့် တပ်သားစစ်သည်များမှာ အားငယ်စိတ်ဓာတ်ကျနေကြလေသည်။

ငယ်သားစစ်သည်များအနေဖြင့် သူတို့ ဗိုလ်ချုပ်ကြီးအား ဂျပန်တို့၏ ရိုးရာသူရဲကောင်း 'ဆာမူရိုင်း' ကဲ့သို့ သတ္တိပြောင်မြောက်သူအဖြစ် အထူးလေးစားအားကိုးကြသောကြောင့်ပင် ဖြစ်သည်။

သို့ရာတွင် ဂျပန်စစ်တပ် အရာရှိပိုင်းကမူ ဗိုလ်ချုပ်ကြီး 'ဟာနာယာ' အပေါ် တစ်မျိုးမြင်ခဲ့ကြသည်။ သူသည် လက်အောက်အရာရှိများအား အလွန် နှိပ်စက်တတ်သည်ဟု ဆိုကြသည်။

စာရေးသူကိုယ်တိုင် စစ်ပြီးကာလ ၁၉၄၆ ခုနှစ်က ဗိုလ်ချုပ်ကြီး ဟာနာယာနှင့် ထိုင်းနိုင်ငံတွင် တွေ့ဆုံခွင့်ရခဲ့ရာ ကျွန်ုပ်အကဲခတ် ကြည့်ရသလောက် သူသည် တကယ်ပင် ရက်စက်ညှဉ်းပန်းမည့် လူတစ်ယောက်ဟု ယူဆမိပါသည်။

သူ၏အကြောင်း စုံစမ်း လေ့လာကြည့်သောအခါတွင်လည်း ကျွန်ုပ်၏ ယူဆချက် မမှားကြောင်း သိခဲ့ရပေသည်။

လက်အောက်ခံ အရာရှိများ၏ စစ်ဆင်ရေး အခြေအနေကို မကျေနပ်သည့်အခါ ဗိုလ်ချုပ်ကြီး ဟာနာယာက တာဝန်ရှိသူတပ်မှူးအား ရှေးဂျပန်တို့၏ အစဉ်အလာအရ မိမိ ဝမ်းဗိုက်ကို ဓားဖြင့်ခွဲ၍ သတ်သေခိုင်းတတ်သည်ဟု သိရပါသည်။

တစ်ခါက ရခိုင်စစ်မျက်နှာတွင် ဗြိတိသျှတပ်များနှင့် ရင်ဆိုင်တိုက်နေရသူ လက်ဖတင်နင် (ဗိုလ်) အရာရှိငယ်တစ်ဦးက အမြောက်တပ် စစ်ကူတောင်းဆိုရာ ဟာနာယာသည် ပြင်းစွာ ဒေါသထွက်လျက်...

"ဟေ့... မင်းက ဘာဖြစ်လို့ အမြောက်တပ် စစ်ကူတောင်းရတာလဲ၊ ဘာလဲ... မင်းက သတ္တိကြောင်လို့လား၊ အမြောက်တပ်မပါဘဲ မင်းဟာမင်း ညဘက်ဝင်တိုက်ပါတော့လား၊ ဒါမှ သတ္တိမရှိရင် မင်းကိုယ်မင်း ဗိုက်ခွဲသေလိုက်ပေတော့"

ဟု အပြစ်တင် ကြိမ်းမောင်းခဲ့ဖူးသည်ဆို၏။

သို့ဖြစ်လင့်ကစား လက်အောက်ငယ်သား သာမန် စစ်သည်များကတော့ သူ့အား တစ်မျိုးမြင်ခဲ့ကြလေသည်။

'ဟာနာယာ' သည် မကြာခဏ တပ်သားများအား စုရုံးတန်းစီစေ၍ သြဝါဒမိန့်ခွန်းစကားပြောလေ့ရှိရာ ဂျပန်လူမျိုးတို့၏ ရှေးအစဉ်အလာ ရိုးရာ သူရသတ္တိအကြောင်း

mgyoe.com

mgyoe.com


ပြောလေ့ရှိသဖြင့် သာမန်တပ်သားများက အလွန် စိတ်ဓာတ်တက်လာတတ်ကြ၏။

သူ ပြောလေ့ရှိသော စစ်သည်တို့၏ ဆောင်ပုဒ် စကားမှာ အောက်ပါအတိုင်း ပင်ဖြစ်သည်။

"ရဲဘော်တို့... ရန်သူနဲ့ တိုက်ခိုက်ရာမှာ အဆုံးစွန်သော အဆင့်ထိအောင် တိုက်ကြရမယ်၊ မင်းတို့ရဲ့ နောက်ဆုံးကျည်ဆန်ကုန်တဲ့အထိ တိုက်ကြ၊ ကျည်ဆန်လုံးလုံးကုန်သွားရင် ဓားနဲ့ဆက်တိုက်ရမယ်၊ တိုက်ရင်း မင်းတို့ဓား ကျိုးပဲ့သွားရင်တောင်မှ မင်းတို့ရဲ့ ခန္ဓာကိုယ်ကို ကျည်ဆန်လိုသဘောထားပြီး ရန်သူကို အတင်းဝင်တိုက်ကြရမယ်၊ တိုက်နေတုန်းမှာလည်း 'ဧကရာဇ်မင်းမြတ် သက်တော်ရှည်ပါစေ' လို့ ဟစ်အော် ကြွေးကြော်နေကြရမယ်၊ ဒါမှသာ ရဲဘော်တို့ဟာ သူရသတ္တိရှိစွာနဲ့ သေဆုံးကြရမှာ ဖြစ်တယ်"

*

ဗိုလ်ချုပ်ကြီး 'ဟာနာယာ'နှင့် ပတ်သက်၍ နောက်ထပ်ထူးခြားချက်တစ်ရပ် ရှိပါသေးသည်။

သူသည် (ကြည်းတပ်ဦးစီးချုပ် 'အီဝါကူရို' ကဲ့သို့ပင်) သူလျှိုထောက်လှမ်းရေး လုပ်ငန်းတွင် များစွာ အတွေ့အကြုံရှိခဲ့သူ ဖြစ်သည်။ စစ်မက်တိုက်ခိုက်ရေးတွင် ရန်သူ၏နယ်မြေတွင်းသို့ လျှို့ဝှက်စွာ ဝင်ရောက်ပြီး အဖျက်လုပ်ငန်းများ လုပ်ခြင်းသည် အလွန်ထိရောက်အရေးပါကြောင်းကို ယုံကြည်သူလည်း ဖြစ်သည်။

၁၉၃၀ ပြည့်နှစ်လောက်က 'ဟာနာယာ' သည် ဂျပန်စစ်တပ်အရာရှိတစ်ဦးအဖြစ် မန်ချူးရီးယားပြည်သို့ ရောက်ရှိနေရာ မန်ချူးရီးယားမှတစ်ဆင့် တရုတ်ပြည်မြောက်ပိုင်းသို့ ဂျပန်တို့၏ထိုးစစ်ကို တိုးချဲ့ခြေလှမ်းလှမ်းရေးအတွက် ကြိုးစားလှုံ့ဆော်ခဲ့သူများ အနက် 'ဟာနာယာ' သည်လည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

ဂျပန် အမှတ် ၅၅ ဒီဗိဇံတပ်မကြီး၏ သေနာပတိအဖြစ် ရခိုင်ပြည်သို့ ရောက်ရှိလာသောအခါ ညစဉ်လိုလို အရာရှိများရိပ်သာတွင် လက်အောက်အရာရှိများအား သူ၏ အတွေ့အကြုံများအကြောင်း ပြောပြလေ့ရှိသည်။

"မန်ချူကို ပြည်လို ဖန်တီးခဲ့သူက ငါပဲကွ"

ဟု ဂုဏ်ယူကြွားဝင့်လေ့ရှိသည်။

သူ ပြောပြသည့် အကြောင်းအရာများအနက် အောက်ပါအဖြစ်အပျက်တစ်ခုသည် စိတ်ဝင်စားဖွယ် ကောင်းပေသည်။

mgyoe.com

mgyoe.com


ယင်း ဖြစ်ရပ်ကား ၁၉၃၁ ခုနှစ်၊ စက်တင်ဘာ ၆ ရက်နေ့က ဖြစ်ပျက်ခဲ့လေသည်။

ထိုစဉ်က ဂျပန်တို့က တရုတ်ပြည်မကြီးအတွင်းသို့ ကျူးကျော်ဝင်ရောက်ရန် အကြောင်းရှာနေကြရာ မီးရထားတံတားတစ်ခုအား ဖောက်ခွဲဖျက်ဆီးပစ်ပြီး ယင်းကိစ္စကို ရန်စသည်ဟုဆို၍ ဂျပန်စစ်တပ်များ တရုတ်ပြည်ထဲ ဝင်ကြရန် ရည်ရွယ်ထားခဲ့သည်။

အဆိုပါ 'ရန်စမှု' ကို လုပ်ကြံဖန်တီးရန် ဂျပန်အရာရှိတစ်စုက လျှို့ဝှက်စွာ တာဝန်ယူထားကြသည်။

သို့သော် အရာရှိများအနေဖြင့် ချက်ချင်းလက်ငင်းတံတားကို ချိုးပစ်ရန် သင့်မသင့် စဉ်းစားကြရာဝယ် ဆုံးဖြတ်ရ ခက်နေကြသည် ဆို၏။ ထိုအခါ ဗိုလ်မှူးကြီး 'အီတာဂါကီ' ဆိုသူက ခေါက်ဆွဲစားသည့် 'တူ' တစ်ချောင်းကို ကိုင်ပြီး ကလေးများ 'ခေါင်းပန်း' လှန်သလို ဆုံးဖြတ်ရန် အကြံပေးလေသည်။

"ကိုင်း... ဟောဒီတူကို မြှောက်ပစ်လိုက်လို့ လက်ယာဘက်မှာ ပြန်ကျရင် ကျုပ်တို့ ဘာမှမလုပ်ဘဲ နေကြမယ်၊ တကယ်လို့ တူက လက်ဝဲဘက်ကျရင်တော့ တံတားကို ခုညပဲ ချိုးပစ်ကြမယ်"

ပြောပြောဆိုဆို 'တူ' ကို မြှောက်ပစ်လိုက်ရာ တူသည် လက်ယာဘက်တွင် ကျလာလေသည်။

ဤတွင် အသက်ငယ်ငယ် ကပ္ပတိန် (ဗိုလ်ကြီး) တစ်ဦးဖြစ်သူ 'အီမာဒါ' က ရုတ်တရက် ထိုင်ရာမှ ထပြီး

"ခင်ဗျားတို့က တယ်ပြီး အသက်ကို နှမြောကြပုံရတယ်၊ ဒါလောက် အရေးကြီးတဲ့ ကိစ္စကို ခေါက်ဆွဲစားတဲ့ 'တူ' နဲ့ ဆုံးဖြတ်မနေပါနဲ့၊ ကျုပ်ကိုယ်တိုင် အခုပဲသွားပြီး တံတားကို ဖောက်ခွဲပစ်မယ်"

ဟု ဟစ်အော် ပြောရင်း အခန်းထဲမှ ပြေးထွက်သွားတော့သည်။

ထိုစဉ်က 'အထူးတာဝန်တပ်ဖွဲ့' ၏ အကြီးအကဲဖြစ်သူ 'ဟာနာယာ' သည် ချက်ချင်းထ၍ အဆုံးအဖြတ် ပေးခဲ့လေသည်။

"ကိုင်း... အီမာဒါက တစ်ယောက်တည်း မိုက်ရူးရဲ လုပ်သွားရင် ကျုပ်တို့က သတ္တိကြောင်ရာ ကျနေဦးမယ်၊ ဒါကြောင့် ကျုပ်တို့ လိုက်သွားမယ်"

ဤသို့ ပြောလိုက်ခြင်းအားဖြင့် ကျန်အရာရှိများကပါ သဘောတူ လက်ခံလိုက်ကြသဖြင့် ထိုနေ့ညမှာပင် မီးရထားတံတားကို ဖောက်ခွဲပစ်လိုက်ကြတော့သည်။

mgyoe.com

ယင်းကိစ္စကို တရုတ်တို့က တံတားချိုး ရန်စသည်ဟု အကြောင်းပြကာ ဂျပန်စစ်တပ်က တရုတ်ပြည်တွင်းသို့ ချင်းနင်းဝင်ရောက်တိုက်ခိုက်ခဲ့တော့သည်။

ထို့ကြောင့် ဗိုလ်ချုပ်ကြီး ဟာနာယာက သူသည် ဂျပန်စစ်တပ်၏ ကံကြမ္မာလမ်းကြောင်းကို ဖန်တီးခဲ့ရာတွင် ပါဝင်ခဲ့သည်ဟု ဂုဏ်ယူပြောဆိုခြင်း ဖြစ်လေသည်။

## တောင်ပေါ်မှ သူလျှိုများ

အမှတ် ၅၅ ဒိဗီဇံတပ်မကြီးအနေဖြင့် ရခိုင်ပြည်မှ ဆုတ်ခွာပြီး ဧရာဝတီမြစ်ကို ဖြတ်ကူးရန် ထွက်လာချိန်၌ 'ဟာနာယာ' သည် 'ချူ' တပ်ဖွဲ့ကို ကွပ်ကဲလျက် မြန်မာပြည်အလယ်ပိုင်းသို့ ရောက်ရှိနေပြီဖြစ်သော်လည်း သူ၏ အတွေးအခေါ် အယူအဆတို့က တပ်မကြီးတွင် စွဲမြဲ ကျန်ရစ်လေသည်။

အထူးသဖြင့် စစ်မက်တိုက်ခိုက်ရာတွင် လျှို့ဝှက်ထောက်လှမ်းရေး သူလျှိုများ အသုံးပြုခြင်း၏ ထိရောက်ထက်မြက်မှုကို သူ၏တပ်မှ စစ်သည်များ၏ ဦးနှောက်တွင် စွဲမြဲ ကျန်ရစ်ခဲ့သည်။

ထို့ပြင် ဂျပန် အမှတ် ၂၈ စစ်တပ်ကြီးမှ ဗိုလ်ချုပ်များနှင့် အရာရှိအတော်များများတို့သည် 'ဟာနာယာ' ကဲ့သို့ မန်းချူးရီးယားစစ်ပွဲ အတွေ့အကြုံ (သို့မဟုတ်) စစ်သတင်း ထောက်လှမ်းရေး အတွေ့အကြုံရှိကြသူများ ဖြစ်လေသည်။

ဥပမာ 'ရှင်ဘူ' တပ်ဖွဲ့မဖွဲ့စည်းမီက အမှတ် ၅၅ ဒိဗီဇံ တပ်မကြီး၏ ခြေလျင်တပ်အုပ်စုကို ကွပ်ကဲသူ ဗိုလ်ချုပ် (မေဂျာဂျင်နရယ်လ်) 'ဆာကူရိုင်း တိုကူတာရို' (မှတ်ချက်။ စစ်တပ်ကြီး၏ သေနာပတိ ဆာကူရိုင်း–ရှိုဇိုနှင့် မမှားရန် သတိပြုပါ) ဆိုလျှင် ယခင်က တရုတ်ပြည်တွင် အမှုထမ်းခဲ့ဖူးပြီး ထိုစဉ်က စစ်သတင်းထောက်လှမ်းရေး လုပ်ရာတွင် ကြမ်းတမ်းရက်စက်သောနည်းများ အသုံးပြုခဲ့သည်ဟု ကျော်ကြားခဲ့သည်။ တစ်ခါတစ်ရံ ရာဇဝတ်မှု ကျူးလွန်သူ လူဆိုးလူမိုက်များနှင့် နိုင်ငံရေး အချောင်သမားများကို အသုံးပြုပြီး လျှို့ဝှက်စစ်သတင်းများ ရယူလေ့ရှိသည်။

အကြမ်းဖက် နှိပ်စက်နည်းဖြင့် သတင်းရယူခြင်းကို ဂျပန်ဘာသာဖြင့် 'ရှင်နာဂိုရို' ဟု ခေါ်လေသည်။

ယင်းသို့ ဟာနာယာနှင့် ဆာကူရိုင်းတို့က စစ်သတင်း ထောက်လှမ်းရေးကို အကြမ်းဖက်နည်းဖြင့်လုပ်ရန် အထူးဝါသနာပါခြင်းကြောင့်လည်း တစ်ခါက ဂျပန်သတင်းစာဆရာ တစ်ဦးက ၎င်းတို့နှစ်ဦးအား စိတ်မနှံ့သူ လူရူးတွေဟု ဝေဖန်ခဲ့ခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com

သို့ရာတွင် ဟာနာယာနှင့်ဆာကူရိုင်းတို့၏ အကြမ်းဖက်နည်းများသည် မထိရောက်ဟု မဆိုနိုင်ချေ။ 'ယာမာတို ဒါမာရှီ' ခေါ် ဂျပန်တို့၏ ရိုးရာစိတ်ဓာတ်ကို အသုံးပြုလှုံ့ဆော်ပေးခြင်းအားဖြင့် ဂျပန်စစ်သည်တို့သည် သာမန်အားဖြင့် ဖြစ်နိုင် စရာမရှိသောတာဝန်များကို အသက်အန္တရာယ် ပဓာနမထားတော့ဘဲ မိုက်မိုက်ကန်းကန်းပြုလုပ်ကြရာ ယင်းနည်းကို ဗိုလ်ချုပ် 'ဟာနာယာ' က ကောင်းစွာ အသုံးချခဲ့လေသည်။

'ဟာနာယာ' အနေဖြင့် တပ်မှူးကြီးတာဝန်ကို စတင်လွှဲပြောင်းယူချိန်တွင် စစ်သတင်းထောက်လှမ်းရေးအဖွဲ့အချို့ ဖွဲ့စည်းပြီးဖြစ်နေလေသည်။

စင်ကာပူနှင့် မာလာယုတွင် ဂျပန်တို့က ဖမ်းဆီးရမိထားသော အိန္ဒိယလူမျိုး (ဗြိတိသျှတပ်သား) စစ်သုံ့ပန်းများကို စုရုံးလျက် 'အိုင် အင် အေ' ခေါ် အိန္ဒိယအမျိုးသားတပ်မတော်ဟူ၍ ဖွဲ့စည်းပြီးဖြစ်ရာ ယင်း 'အိုင် အင် အေ' တပ်ဖွဲ့ဝင်များက အိန္ဒိယနယ်စပ်တွင် ထောက်လှမ်းရေးအဖွဲ့ငယ်များတည်ထောင်ဖွဲ့စည်းထားပြီးဖြစ်သည်။ ယင်းအဖွဲ့ငယ်များ၏ ရည်ရွယ်ချက်ကား အိန္ဒိယပြည်တွင်းမှ လူထုအား ဗြိတိသျှအစိုးရကို ဆန့်ကျင်အောင် စည်းရုံးလှုံ့ဆော်၍ ဂျပန်ဘက်သား သူလျှိုများကို စေလွှတ်ရန်ပင် ဖြစ်သည်။

အဆိုပါ အိန္ဒိယအမျိုးသားတပ်မတော်၏ လှုပ်ရှားမှုများကို ကြီးကြပ်ကွပ်ကဲသည့် ဂျပန်အဖွဲ့မှာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း 'ဟီကာရီ–ကီကန်' ခေါ် 'အလင်းရောင် အဖွဲ့အစည်း' ကြီးပင်ဖြစ်သည်။

ယင်း 'ဟီကာရီ' အဖွဲ့ကြီး၏ စစ်တွေမြို့ဆိုင်ရာ အဖွဲ့ခွဲကို ကပ္ပတိန်(ဗိုလ်ကြီး) ဟာတိုရီဆိုသူက ခေါင်းဆောင်လေသည်။ ထိုလူကား ခေသူမဟုတ်၊ ဂျပန်ပြည် ဝါဆေဒါတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာဖြင့် ဘွဲ့ယူခဲ့ပြီးနောက် တိုကျိုမြို့ ဂျပန်စစ်ဘက်ထောက်လှမ်းရေးဌာန၏ 'နာကာနို' သင်တန်းကျောင်းတွင် ထောက်လှမ်းရေး ပညာရပ်များ လေ့လာသင်ကြားခဲ့သူဖြစ်သည်။ ထို့ပြင် ၁၉၄၁ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့အား ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ကြားပေးခဲ့သူ နည်းပြဆရာများအနက် 'ဟာတိုရီ' သည်လည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

စစ်တွေမြို့ရှိ သူ၏ထောက်လှမ်းရေး အေဂျင်စီအဖွဲ့သည် ရခိုင်တိုင်း တစ်တိုင်းလုံးတွင် လျှို့ဝှက်ထောက်လှမ်းရေး သူလျှို(အေဂျင့်)များကို အနှံ့အပြား ဖြန့်ထားသည့်ပြင် နယ်စပ်ရှိ ဗြိတိသျှတပ်များကိုပင် ထိုးဖောက်ကာ အိန္ဒိယနယ်စပ်အတွင်းသို့

mgyoe.com

mgyoe.com

တိုင်အောင်ပင် သူလျှိုများ စေလွှတ်နိုင်ခဲ့သည်။

ကပ္ပတိန် ဟာတိုရီခေါင်းဆောင်သော စစ်တွေမြို့ရှိ ထောက်လှမ်းရေးအဖွဲ့တွင် ဂျပန်ပြည် 'နာကာနို' ထောက်လှမ်းရေး သင်တန်းကျောင်းမှ အရာရှိအချို့နှင့် တပ်ကြပ်များပါဝင်သည့်ပြင် ဂျပန်ဘာသာရေးဝန်ထမ်း၊ အရပ်သား စစ်မှုထမ်းသုံးဦးလည်း ပါဝင်လေသည်။

၎င်း သုံးဦးအနက် တစ်ဦးမှာ 'မာရူယာမာ' အမည်ရှိ ဂျပန်ဗုဒ္ဓဘာသာ ဘုန်းကြီး တစ်ဦးဖြစ်လေသည်။ သူသည် အလွန်အယူသီးသော 'နီချီရင်' ဂိုဏ်းဝင်တစ်ဦး လည်းဖြစ်သည်။ 'မာရူယာမာ' ၏ ထူးခြားသော အရည်အချင်းတစ်ခုကား အိန္ဒိယ (အူရဒူ) ဘာသာစကားကို ကောင်းစွာ တတ်ကျွမ်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကုလား တန်နယ်မှ ထောက်လှမ်းရေးသူလျှိုများ စည်းရုံးသိမ်းသွင်း၍ ဘင်္ဂလားပြည်ထဲသို့ စေလွှတ်ရာတွင် 'မာရူယာမာ' က များစွာ အကူအညီပေးနိုင်ခဲ့လေသည်။ ထို့ပြင် မကသေး သူကိုယ်တိုင်က ဗုဒ္ဓဘာသာဘုန်းကြီး ဖြစ်နေခြင်းကလည်း သူ၏အောင်မြင်မှုကို အထောက်အပံ့ ဖြစ်စေခဲ့လေသည်။

'မာရူယာမာ' သည် စစ်မဖြစ်မီက သူ၏ ဘာသာရေးဂိုဏ်းအတွက် ဝါဒဖြန့်ချိရင်း အိန္ဒိယပြည်သို့ ရောက်ဖူးသဖြင့် ဒေသဆိုင်ရာ ကျွမ်းကျင်မှုလည်းရှိလေသည်။

ဂျပန်တို့က ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်မိပြီးသည်နှင့် သူသည် ရခိုင်လူမျိုး များကို စတင်စည်းရုံးကာ အိန္ဒိယနယ်စပ်သို့ အောင်မြင်စွာ စေလွှတ်နိုင်ခဲ့ပေသည်။ 'မာရူယာမာ' သည် ရခိုင်ဘာသာစကားကိုလည်း အသင့်အတင့် တတ်ကျွမ်းသဖြင့် ဗြိတိသျှတပ်များနှင့် ရင်ဆိုင်တွေ့ကြုံမည့် အန္တရာယ်ကို ကြိုတင်သိရှိပြီး ရှောင်နိုင်ခဲ့၏။

သူ့အနေဖြင့် မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးနှင့် ဆက်နွှယ်ပေါင်းသင်းထား နိုင်ခြင်း၊ ရခိုင်လူမျိုးစု ခေါင်းဆောင်များနှင့် ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနိုင်ခြင်း တို့ကြောင့်လည်း ဂျပန်တို့၏ စစ်ထောက်လှမ်းရေးလုပ်ငန်းတွင် များစွာအကူအညီ ပေးနိုင်ခဲ့သည်။

ရခိုင်တိုင်းရင်းသားတို့က "မာရူယာမာ" အား လေးစားအထင်ကြီးခဲ့သည့် အကြောင်းတစ်ရပ်ကလည်း သူသည် ဗြိတိသျှလေယာဉ်များ ဗုံးကြဲတိုက်ခိုက်သည့် အခါများ၌ လုံးဝတိမ်းရှောင်မပြေးဘဲ ဂါထာ၊ မန္တန်တွေ ရွတ်ဖတ်သရဇ္ဈာယ်နေလေ့ ရှိခြင်းပင်ဖြစ်သည်။ တိုင်းရင်းသားများက သူ့အား အထင်ကြီးနေခြင်းကပင်လျှင် စစ်သတင်း ထောက်လှမ်းရေးအတွက် အလွန်အသုံးဝင်ခဲ့ပေသည်။

mgyoe.com

mgyoe.com


နောက်ထပ် အရပ်သားစစ်မှုထမ်း တစ်ယောက်ဖြစ်သော 'ကာယာဘူကီ' ဆိုသူသည်လည်း လူဆန်းတစ်ယောက်ဖြစ်လေသည်။ သူသည် အစ္စလမ်ဘာသာဝင်တစ်ဦးဖြစ်သည့်ပြင် ဂျပန်လူမျိုးထဲတွင် အလွန်ရှားပါးသော မက္ကာမြို့ပြန် 'ဟာဂျီ' ဘွဲ့ရသူတစ်ဦးဖြစ်သည်။ သူကလည်း ရခိုင်တိုင်းရင်းသားများကို သူလျှိုအဖြစ် စည်းရုံးသိမ်းသွင်းကာ ဗြိတိသျှပိုင်နက်နယ်မြေများ အတွင်းသို့ ဝင်ထွက်သွားလာလုပ်ရှားစေနိုင်ခဲ့သည်။ 'ကာယာဘူကီ' က 'ဟာဂျီ' ဘွဲ့ရသူဖြစ်၍လည်း ရခိုင်မွတ်စလင်များက အထူးလေးစားကြည်ညိုခြင်း ခံခဲ့ရပေသည်။

ဗြိတိသျှစစ်အရာရှိများအနေဖြင့် ရခိုင်လူမျိုးတို့အား မည်သို့မှ သံသယမဖြစ်မိခြင်းကို အကြောင်းပြု၍ ဂျပန်သူလျှို (ရခိုင်မွတ်စလင်)များက လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်ခဲ့ပေသည်။ တစ်ကြိမ်ကဆိုလျှင် ရခိုင်မွတ်စလင် (ဂျပန်သူလျှို)တစ်ဦးသည် ဗြိတိသျှ စစ်စခန်းတစ်ခုထဲသို့ ခပ်တည်တည်လျှောက်ဝင်သွားပြီး ပြန်ထွက်လာနိုင်ခဲ့သည်။

ထိုလူအနေဖြင့် ဗြိတိသျှ စစ်စခန်း၏ အခြေအနေကို အကဲခတ် မှတ်သားပြီး ခပ်တည်တည်ပြန်လျှောက်ထွက်လာခြင်းဖြစ်ရာ သူဝင်ထွက်သွားလာခြင်းကို မည်သူကမှ စစ်ဆေးမေးမြန်းခြင်း မပြုခဲ့ချေ။

ဂျပန်လူမျိုး 'ဟာဂျီ' ဘွဲ့ရ 'ကာယာဘူကီ' ဆိုသူ ဂျပန်စစ်တပ်နှင့်အတူ ရောက်ရှိနေကြောင်း သတင်းသည် ရခိုင်တိုင်းတစ်တိုင်းလုံး လျင်မြန်စွာ ပျံ့နှံ့သွားလေရာ သူ၏သူလျှိုအဖွဲ့အစည်းအတွက် လူသစ်များ စည်းရုံးရရှိရေးမှာ အလိုအလျောက်လွယ်ကူနေတော့သည်။ များမကြာမီ 'ကာယာဘူကီ' ၏ သူလျှို(အေးဂျင့်)များသည် စစ်တွေမြို့မှ မောင်တောအထိ ကျေးရွာတိုင်းလိုလို ရှိနေလျက် စစ်သတင်းများကို စုဆောင်းရရှိနေလေသည်။

ဤသို့လျှင် ဂျပန်စစ်ထောက်လှမ်းရေး သူလျှိုများ ကြိုတင်ရှိနှင့်နေပြီဖြစ်လင့်ကစား ဗိုလ်ချုပ်ကြီး 'ဟာနာယာ' အနေဖြင့် ကျေနပ်အားရခြင်း မရှိသေးချေ။

ရခိုင်ပြည်ရှိ တောင်တန်းဒေသများတွင် အလွန်ရိုးသားပြီး လုံးဝခေတ်မမီသေးသော တောင်တန်းသားလူမျိုးအုပ်စုများ ရှိနေလေရာ 'ဟာနာယာ' က ယင်းတောင်တန်းသားများနှင့် စည်းရုံးပူးပေါင်း၍ အကူအညီရယူရန် လိုအပ်သည်ဟု ယူဆခဲ့ပေသည်။

ထို့ကြောင့် သူသည် ဂျပန်ပြည် 'နာကာနို' ထောက်လှမ်းရေးသင်တန်းကျောင်းဆင်းအရာရှိ ဖြင့် 'အာကီရာကီကန်' ခေါ် လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့တစ်ဖွဲ့ ဖန်တီး

mgyoe.com

mgyoe.com

လိုက်ပြန်လေသည်။ ယင်းအဖွဲ့ကို ကပ္ပတိန် (ဗိုလ်ကြီး)တာနာကာဆိုသူက ဦးစီးကွပ်ကဲ ရလေသည်။

ကပ္ပတိန် 'တာနာကာ' သည် မြန်မာလူမျိုးနှင့် ပူးပေါင်းလုပ်ကိုင်ခြင်း အတွေ့အကြုံ ရှိပြီးသူ တစ်ဦးပေတည်း။

သူသည် ၁၉၄၂ ခုနှစ်က ရဲဘော်သုံးကျိပ်ဝင် အရာရှိတစ်ဦး*ကွပ်ကဲသော ဗမာ့ လွတ်လပ်ရေးတပ်မတော် စစ်သည်အင်အား ၃၀၀ နှင့်အတူ တောင်ကုတ်လမ်းမှ တောင်တန်းကြီးများကို ဖြတ်ကျော်ချီတက်ခဲ့ဖူးလေသည်။ သူတို့အဖွဲ့သည် ဂျပန် ခြေလျင်တပ်များ ပင်မအင်အားစုထက် ပို၍စောစွာ စစ်တွေမြို့သို့ ရောက်ရှိခဲ့သည်။

'တာနာကာ' သည် ရခိုင်ပြည်၏ သဘာဝ တောတောင် ရေမြေဒေသ အနေ အထားကို ကောင်းစွာ ကျွမ်းကျင်ပြီးသူလည်းဖြစ်သည်။ ထို့ကြောင့် ကုလားတန်မြစ် ဝှမ်းဒေသတွင် ရခိုင်အမျိုးသားထောက်လှမ်းရေး သူလျှို ၄၀ ကို စည်းရုံးနေရာချကာ ယင်းဒေသမှ တောင်ဘက်သို့ ထိုးဖောက်ဆင်းရန် ကြိုးစားနေသော ဗြိတိသျှ (အနောက် အာဖရိက) ဒီဗီဇံ တပ်မကြီး၏ လှုပ်ရှားမှု သတင်းများကို ထောက်လှမ်း ရယူခဲ့လေသည်။

ဂျပန် ကပ္ပတိန် 'တာနာကာ' နှင့် တွေ့ထိခဲ့သော တောင်တန်းသားအချို့မှာ အလွန်ရက်စက်ကြမ်းကြုတ်ပြီး စရိုက်ကြမ်းသူများဖြစ်သည်ဟု ဆိုလေသည်။ ယင်း လူမျိုးစုများအား စည်းရုံးပေါင်းသင်းရာတွင် ဂျပန်တို့က 'ဆာကေ' ခေါ် ဂျပန်အရက် လှိုင်လှိုင်နှင့် စားသောက်ဖွယ် ဟင်းသီးဟင်းရွက် စသည်များကို ရက်ရောစွာ ပေးကမ်း စည်းရုံးခဲ့ရသည်ဆို၏။ ကုန်ကျစရိတ်က မများလှဘဲ ရရှိသည့်အကျိုးအမြတ်က များစွာ အဖိုးတန်လေသည်။

တောင်တန်းသားများအနေဖြင့် နိုင်ငံရေးအရ နယ်ခြားသတ်မှတ်ချက်များကို သိလည်းမသိ၊ ဂရုလည်း မစိုက်ကြချေ။ ၎င်းတို့နေထိုင်သော တောင်ပေါ်ကျေးရွာ များကလည်း မြန်မာ–အိန္ဒိယ နယ်စပ် နှစ်ဖက်စလုံး၌ တည်ရှိကြလေသည်။ ထို့ကြောင့် ဂျပန်စစ်တပ်က စေလွှတ်သော သူလျှိုများသည် 'ဘန်ဒါဘန်' နှင့် 'ချိရင်ဂါ' ဒေသ များမှတစ်ဆင့် စစ်တကောင်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ဘင်္ဂလားပြည်နယ် အတွင်းသို့လည်းကောင်း လွယ်ကူစွာ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ကြလေသည်။

'တာနာကာ' ကိုယ်တိုင်က စစ်ထောက်လှမ်းရေး အတွေ့အကြုံရှိသည့်ပြင် ပြောက်

* ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင် ဖြစ်တန်ရာသည်။ ။ (မြန်မာပြန်သူ)

mgyoe.com

ကျားစစ်ဆင်တိုက်ခြင်းကို ဝါသနာပါသူ ဖြစ်လေသည်။ ထို့ကြောင့် သူသည် ဗမာ့တပ်မတော်စစ်ကြောင်းတစ်ခုကို တာဝန်ပေးချီတက်စေရန် စစ်တကောင်းမြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် စစ်ဆင်ရေး စီမံကိန်းတစ်ခု ရေးဆွဲတင်ပြခဲ့လေသည်။

သို့ရာတွင် ယင်းစီမံကိန်းသည် အကောင်အထည်ပေါ်မလာခဲ့ချေ။

'တာနာကာ' သည် ရခိုင်ပြည်တောင်တန်းဒေသမှ လူမျိုးစုများဖြစ်သော 'မရူ' နှင့် 'ကာမူဝီ' တောင်တန်းသားများကို အထူးရင်းနှီးအောင် ပစ်ပေါင်းခဲ့ရာတွင် တောင်တန်းသားတို့၏ ဓလေ့ထုံးစံများကိုပါ ရိုသေလိုက်နာခဲ့လေသည်။ ထို့ကြောင့် တစ်ခါက 'ကာမူဝီ' လူမျိုးစုထဲမှ တန်ဖိုးအကြီးဆုံး 'သမီးကညာ' တစ်ဦးကို 'တာနာကာ' အား ပေးကြသည်အထိ တိုင်းရင်းသားများက သူ့အပေါ် ယုံကြည်ခဲ့ကြသည်ဆို၏။ သို့သော် 'တာနာကာ' က ကျေးဇူးတင်စွာဖြင့် ငြင်းပယ်ခဲ့လေသည်။

၁၉၄၅ ခုနှစ်ဆန်းစတွင် ဂျပန်စစ်တပ်များက ရခိုင်မှ ပြန်လည်ဆုတ်ခွာစပြုချိန်တွင် 'တာနာကာ' နှင့်တကွ သူ၏ ထောက်လှမ်းရေးအဖွဲ့ဝင်များသည် ရခိုင်တောင်တန်းဒေသတွင် နေရစ်ခဲ့လေသည်။

သူတို့သည် ဗြိတိသျှနှင့် မဟာမိတ်တပ်များ မသိအောင် လျှို့ဝှက်စွာ ပုန်းအောင်းနေရသဖြင့် အလွန်ဆိုးရွားသော အခြေအနေတွင် နေကြရလေသည်။ သူတို့ ခိုအောင်းနေရာ တောတောင်များမှာ အဆိပ်ပြင်းထန်သော မြွေဆိုးများ အလွန်ပေါသည့်ပြင် စားနပ်ရိက္ခာရနိုင်မည့်ဒေသများနှင့်လည်း ဆက်သွယ်ရန် အလွန်ခက်ခဲလှပေသည်။

မကြာမီ 'တာနာကာ' တို့ လူစုမှာ ငှက်ဖျားရောဂါ၊ ဘယ်ရီဘယ်ရီ ရောဂါများ ဖြစ်သူကဖြစ်နှင့် ကျန်းမာရေးချို့တဲ့ကာ အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်း အန္တရာယ်ကိုပါ ရင်ဆိုင်ရလေသည်။

တဖြည်းဖြည်းနှင့် အခြေအနေက ဆိုးသည်ထက် ဆိုးလာလေရာ 'တာနာကာ' နှင့် ၎င်းအုပ်စုသည် ကြာရှည်ဆက်မနေနိုင်တော့ဘဲ တောင်ပေါ်ဒေသမှ ဆင်းကာ မြို့ဟောင်းဘက်ဆီသို့ ထွက်လာလေသည်။

တစ်ညသဉ္ဇ သူတို့လူစုသည် တဲတစ်တဲအတွင်း ခိုအောင်းနေကြစဉ် တိုင်းရင်းသားတို့က ရုတ်တရက် ဝိုင်းရံပိတ်ဆို့ကာ လေးဖက်လေးတန်မှ တိုက်ခိုက်ကြသဖြင့် ရှိစုမဲ့စု လူအင်အားကလေးမှာ အပြုတ်ချေမှုန်းခြင်း ခံရလေတော့သည်။

ယင်းသို့ ဒေသခံတိုင်းရင်းသားများ၏ တိုက်ခိုက်မှုကို ခံရခြင်းမှာ ဂျပန် ၂၈ စစ်တပ်ကြီး၏ ထောက်လှမ်းရေးတပ်ဖွဲ့အတော်များများ ကြုံတွေ့ခဲ့ရသည့်အဖြစ်ပင်တည်း။

mgyoe.com

mgyoe.com


စစ်အတွင်း သူလျှိုထောက်လှမ်းရေးလုပ်ငန်းတွင် ပုဂ္ဂိုလ်ရေးရာ ကြေကွဲရင်နာဖွယ် ဖြစ်ရပ်များ ရှိတတ်ပေသည်။

အထူးသဖြင့် မိမိတို့ဘက်မှ စစ်ရေးနိမ့်လာသည့်အခါ ထောက်လှမ်းရေးသူလျှို များ၏ ဘဝသည် အခက်အခဲအမျိုးမျိုး ကြုံတွေ့ရခြင်း၊ ကြေကွဲဖွယ်ဇာတ်သိမ်းဖြင့် ဘဝအဆုံးသတ်ရခြင်း စသည့် အဖြစ်မျိုးတွေ ရှိတတ်ပေသည်။

အောက်ပါ အဖြစ်အပျက်ဆိုလျှင် ထင်ရှားသော သာဓကတစ်ခုပင်ဖြစ်သည်။

၁၉၄၅ ခုနှစ်က ပဲခူးရိုးမ ဒေသအတွင်း ဂျပန်စစ်တပ်၏ ထောက်လှမ်းရေး သူလျှို နှစ်ဦးရှိခဲ့၏။

၎င်းတို့မှာ အမှတ် ၂၈ စစ်တပ်ကြီးမှ ထောက်လှမ်းရေး တပ်သားများလို ပြောက် ကျားစစ်ဆင်နည်းများ လေ့ကျင့်သင်တန်းတက်ခဲ့သူ စိတ်ကြမ်းလူကြမ်းများမဟုတ်ဘဲ တစ်ဘာသာဖြစ်နေ၏။

ယင်းသူလျှိုနှစ်ဦးကား 'မိဇူရှိမာ' အမည်ရှိ ဂျပန်အရပ်သားတစ်ဦးနှင့် ၎င်း၏ ဇနီးဖြစ်သူ ပုသိမ်နယ်မှ ကရင်အမျိုးသမီးတစ်ဦးဖြစ်လေသည်။

စောစောပိုင်းကဆိုလျှင် 'မိဇူရှိမာ' သည် သူ၏ ကရင်တိုင်းရင်းသူ ချစ်ဇနီးနှင့် ပုသိမ်ခရိုင်တွင် ပျော်ရွှင်အေးချမ်းစွာနေထိုင်ခဲ့ရ၏။ သို့ရာတွင် ဗြိတိသျှတပ်များ ထိုး စစ်က တဖြည်းဖြည်း ပြင်းထန်လာသောအခါ မိမိတို့ နေထိုင်ရာဒေသသို့လည်း မကြာမီ ဗြိတိသျှတပ်များ ရောက်ရှိလာရန် သေချာသလောက်ဖြစ်နေပြီဟု တွက်မိလေသည်။

ဤတွင် 'မိဇူရှိမာ' က အနောက်ဘက်သို့ ထွက်ပေါက်တွေ လုံးဝမပိတ်သေးမီကာ လတွင် ထွက်ပြေးတိမ်းရှောင်ရန် ဆုံးဖြတ်လိုက်၏။ သူကိုယ်တိုင် ဂျပန်အမျိုးသား တစ်ယောက်အနေဖြင့် ဗြိတိသျှတပ်များ ရောက်လာချိန်တွင် မည်သို့မှ ကြာရှည်ပုန်း အောင်းနေ၍ မဖြစ်နိုင်ကြောင်းသိ၍လည်း ယင်းသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်၏။

သူ၏ဇနီးအနေဖြင့်မူကား သူနှင့်အတူ ထွက်ပြေးရန်မလိုဟု ယူဆလျက် ထားပစ် ခဲ့ပြီး သူတစ်ယောက်တည်းသာ တိမ်းရှောင်သွားရန် ပြင်ဆင်လေတော့သည်။ အကယ် ၍ စစ်ကြီးပြီးဆုံးသွားပါက အသက်မသေခဲ့သော် ချစ်ဇနီးနှင့် ပြန်လည်တွေ့ဆုံနိုင် သေးသည်ဟူသော မျှော်လင့်ချက်လည်း ထားခဲ့၏။

ထို့ကြောင့် 'မိဇူရှိမာ' သည် ဂျပန်အမှတ် ၂၈ စစ်တပ်ကြီး၏ 'ရှင်ဘူ' တပ်ဖွဲ့နှင့် အတူ ပဲခူးရိုးမတောတောင်များထဲသို့ လိုက်ပါသွားရတော့မည့်အကြောင်း ဇနီးသည် အား ဖွင့်ပြောလေရာ ကရင် အမျိုးသမီးမှာ ချုံးပွဲချငိုကြွေးရင်း သူတစ်ယောက်တည်း

mgyoe.com

 mgyoe.com 

မနေရစ်လိုကြောင်း၊ ခင်ပွန်းဖြစ်သူ 'မိဇူရှိမာ' နှင့် သေအတူ ရှင်မကွာ လိုက်ခဲ့ပါရစေဟု အတင်း ငိုယိုတောင်းပန်တော့သည်ဆို၏။

'မိဇူရှိမာ'လည်း အမျိုးမျိုး ဖျောင်းဖျနားချပါသော်လည်း မရသည့်အဆုံးတွင် ကရင်အမျိုးသမီး ချစ်ဇနီးကို ခေါ်လာ၍ ပဲခူးရိုးမ တောင်တန်းဘက်သို့ ထွက်ခဲ့လေသည်။

ပဲခူးရိုးမဒေသရှိ 'ရှင်ဘူ' တပ်ဖွဲ့အနေဖြင့် 'မိဇူရှိမာ' တို့ ဇနီးမောင်နှံ ရောက်ရှိလာသောအခါ စစ်သတင်းထောက်လှမ်းရေးအတွက် အလွန်အသုံးဝင် အဖိုးတန်သော အေဂျင့်(သူလျှို)နှစ်ဦး ရချေပြီဟု ဝမ်းသာအားရ ဆီးကြိုလက်ခံခဲ့လေသည်။

'မိဇူရှိမာ' ကိုယ်တိုင်က ဂျပန် အမျိုးသားဖြစ်လင့်ကစား မြန်မာတို့၏ လူနေမှုစနစ်နှင့် အကျွမ်းတဝင်ရှိခြင်း၊ သူ၏ဇနီး ကရင်အမျိုးသမီးက မြန်မာတိုင်းရင်းသူဖြစ်၍ မြန်မာကျေးရွာ လူ့အဖွဲ့အစည်းအတွင်း၌ မည်သူကမှ သင်္ကာမကင်းမဖြစ်ဘဲ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ခြင်းတို့ကြောင့် 'မိဇူရှိမာ' တို့ ဇနီးမောင်နှံသည် ဂျပန်စစ်တပ်၏ အဖိုးတန်သော ထောက်လှမ်းရေးသူလျှိုများ ဖြစ်ခဲ့လေသည်။

သို့နှင့်ပင် သူတို့ ဇနီးမောင်နှံသည် ပဲခူးရိုးမ တောင်ခြေရှိ ကျေးရွာများဆီသို့ လှုပ်ရှားသွားလာရင်း ဗမာ့တပ်မတော်တပ်ဖွဲ့များ၏ အင်အားအခြေအနေနှင့် လှုပ်ရှားမှုသတင်းများကို ထောက်လှမ်းနေခဲ့လေသည်။

သူတို့အနေဖြင့် မည်သည့်အနှောင့်အယှက်မှ မတွေ့ရဘဲ ကောင်းစွာ နေထိုင်သွားလာနေကြသော်လည်း ဂျပန်အမျိုးသားတစ်ဦးနှင့် ၎င်းဇနီး ကရင်အမျိုးသမီးတို့ စုံတွဲ၏သတင်းသည် တောင်ခြေရှိ ကျေးရွာများမှတစ်ဆင့် တဖြည်းဖြည်းပျံ့နှံ့လာလေရာ ကြာသော် ဗမာ့တပ်မတော်က ကြားသိသွားလေတော့သည်။

(မှတ်ချက်။ ။ထိုအချိန်၌ ဗမာ့တပ်မတော်က ဂျပန်အား အတိအလင်း တော်လှန်နေပြီဖြစ်သည်)

ထို့ကြောင့် ဗမာ့တပ်မတော် စစ်ထောက်လှမ်းရေး အရာရှိတို့က ဂျပန်ဇနီးမောင်နှံအား ဖမ်းဆီးစစ်ဆေးရန် ဆုံးဖြတ်လိုက်သည်။

သူတို့ဇနီးမောင်နှံကလည်း တစ်ယောက်စီခွဲမနေဘဲ အမြဲတမ်း အတူတွဲ၍ သွားလာလှုပ်ရှားလေ့ရှိလေရာ ဗမာ့တပ်မတော်က သူတို့အား လိုက်လံရှာဖွေရာ၌ မခဲယဉ်းလှချေ။

တစ်နေ့သ၌ 'မိဇူရှိမာ' တို့ ဇနီးမောင်နှံသည် ကျေးရွာတစ်ရွာသို့ ရောက်ရှိလာရာ

mgyoe.com

mgyoe.com


ရွာထဲသို့ ဝင်မိလျှင်ပင် အခြေအနေက တစ်မျိုးဖြစ်နေကြောင်း ချက်ချင်းပင် အကဲခတ်မိတော့သည်။

ကျေးရွာသူ ရွာသားများ၏ အမူအရာကလည်း ခါတိုင်းလိုမဟုတ် မျက်စိမျက်နှာပျက်နေကြသည့်ပြင် ရွာထဲ၌ မိမိတို့ကဲ့သို့ မျက်နှာစိမ်းဧည့်သည်များ ရောက်ရှိနေသည်ကိုလည်း သတိပြုမိလေသည်။

အမှန်အားဖြင့်လည်း သူတို့ဇနီးမောင်နှံ ရွာတွင်းသို့ ဝင်မိသည့် အချိန်ကပင် ဗမာ့ တပ်မတော်သားများက တစ်ရွာလုံးကိုဝိုင်းကာ ထွက်ပေါက်အားလုံးကို ပိတ်ဆို့ထားပြီး ဖြစ်နေပေသည်။

ဂျပန်သူလျှို ဇနီးမောင်နှံမှာ မည်သို့မျှ ထွက်ပြေးတိမ်းရှောင်၍ မဖြစ်နိုင်တော့ချေ။

ထိုအချိန်၌ မျက်နှာစိမ်း အရပ်သား သုံးလေးယောက်ခန့် ချဉ်းကပ်လာလေရာ 'မိဇူရှိမာ' သည် သူ့အနေဖြင့် တစ်ခုတည်းသော နည်းလမ်းကိုပင် ရွေးချယ်ဆုံးဖြတ်လိုက်သည်။

သူ၏ လွယ်အိတ်ထဲ အဆင်သင့်ပါသော ခြောက်လုံးပြူးသေနတ်ကို ရုတ်တရက်ဆွဲထုတ်ကာ ဇနီးဖြစ်သူ ကရင်အမျိုးသမီး၏ ရင်ဘတ်တည့်တည့်ကိုချိန်လျက် တစ်ချက်ပစ်လိုက်သည်။ တစ်ဆက်တည်းမှာပင် သေနတ်ကို သူ၏နားထင်နားသို့တေ့လျက် မောင်းဖြုတ်ချလိုက်တော့သည်။

တစ်ယောက်နှင့်အများ ခုခံနေ၍ မဖြစ်နိုင်တော့သဖြင့် မိမိတို့ဇနီးမောင်နှံ ရန်သူလက်တွင်းသို့ အသက်ရှင်လျက် ဖမ်းဆီးခြင်း မခံရလေအောင် ရှေးဦးစွာ ဇနီးအား ပစ်သတ်ပြီးမှ သူ့ကိုယ်သူ အဆုံးစီရင်လိုက်ခြင်းပင်ဖြစ်သည်။

*

ဂျပန် အမှတ် ၂၈ စစ်တပ်ကြီးလက်အောက်ရှိ ထောက်လှမ်းရေး တပ်ဖွဲ့များအနက် အရေးပါဆုံး တပ်ဖွဲ့ကား 'ဟာယာတေတိုင်' ခေါ် 'လေမုန်တိုင်းတပ်ဖွဲ့' ပင် ဖြစ်သည်။

အရေးပါဆုံးဟု ဆိုရခြင်းကား ၁၉၄၇ ခုနှစ် နွေဦးရာသီက ဂျပန်တို့ ပဲခူးရိုးမတောတောင်များအတွင်းမှ ထိုးဖောက်ထွက်ခွာသည့် စစ်ဆင်ရေး အစီအစဉ်များတွင် ယင်းတပ်ဖွဲ့၏ လှုပ်ရှားမှုများက တိုက်ရိုက်သက်ဆိုင် အရေးပါသောကြောင့်ပင်ဖြစ်သည်။

အဆိုပါ 'ဟာယာတေ' တပ်ဖွဲ့ကို အမှတ် ၂၈ စစ်တပ်ကြီးတစ်ခုလုံးမှ လက်ရွေး

mgyoe.com

mgyoe.com

စင် ရဲဘော်များကို ရွေးချယ်လျက် ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလကပင် တိုက်ကြီးမြို့၌ စတင်ဖွဲ့စည်းခဲ့ပေသည်။ တပ်ဖွဲ့၏ ရည်ရွယ်ချက်က လတ်တလော အသုံးဝင်မည့် စစ်ဘက်ထောက်လှမ်းရေး သတင်းများကို ရယူရန်သာ မဟုတ်ဘဲ အမှတ် ၂၈ စစ်တပ်ကြီး၏ ရှေ့လာလတ္တံ့သော စစ်ဆင်ရေးများတွင်ပါ အသုံးဝင်စေရန် ရည်ရွယ်ခဲ့ပေသည်။

သေနာပတိ ဗိုလ်ချုပ်ကြီး ဆာကူရိုင်း ကိုယ်တိုင်ကလည်း သူ၏ အမှတ် ၂၈ စစ်တပ်ကြီးသည် တစ်ချိန်ချိန်တွင် အောက်မြန်မာနိုင်ငံ၌ ပြောက်ကျားစစ်ဆင်ရလိမ့်မည်ဟု ကြိုတင် တွက်ထားမိသဖြင့် ယင်း 'ဟာယာတေ' တပ်ဖွဲ့ စတင်ဖွဲ့စည်းစဉ်က အထူးသင့်တော်မည့်လူများကို ခေါင်းခေါက် ရွေးချယ်ခဲ့လေသည်။

လူသစ်များ ရွေးရာတွင် ပထမဆုံးလိုအပ်ချက်မှာ ဂျပန်စစ်သားများအနက် မြန်မာလို ဝတ်စားဆင်ယင် လိုက်ပါက မြန်မာလူမျိုးများနှင့် ရွေးမရအောင်တူပြီး မြန်မာလူ့အဖွဲ့အစည်းအတွင်း ဝင်ရောက်ရောနှောနေထိုင်လျှင်လည်း မည်သူကမှ ဂျပန်လူမျိုးဟု မရိပ်မိနိုင်မည့်သူများ ဖြစ်ရမည်။ ဒုတိယအချက်အနေနှင့် 'ဟာယာတေ' တပ်ဖွဲ့ဝင်များသည် စိတ်ဓာတ်ကြံ့ခိုင်သလောက် ခန္ဓာကိုယ် ကျန်းမာရေး အခြေအနေအထူးကောင်းမွန်သူများ ဖြစ်ရမည်ဟူ၍ သတ်မှတ်ထားခဲ့ပေသည်။

လူရွေးပြီး တကယ်သင်တန်းပေးသောအခါတွင်လည်း သင်တန်းသားများသည် မြန်မာတို့၏ ဓလေ့ထုံးစံများကို အသေးစိတ် လေ့လာကြရင်း အစားအသောက်စားရာ၌ပင် ဂျပန်လူမျိုးတို့အဖို့ ငရုတ်သီးစပ်လွန်းပူလွန်းသော မြန်မာဟင်းလျာများကို မြိန်ရေရှက်ရေ စားတတ်အောင် လေ့ကျင့်ခဲ့ကြရင်း ယုတ်စွအဆုံး အိမ်သာတက်ရာ၌ပင် မြန်မာတိုင်းရင်းသားများနှင့်တူအောင် လေ့ကျင့်ခဲ့ကြရလေသည်။

ထူးဆန်းသော အချက်တစ်ချက်ကား 'ဟာယာတေ' တပ်ဖွဲ့တွင် ပါဝင်သူ ဂျပန်စစ်သည်အများစုမှာ (ဟီကာရီကီကန်အဖွဲ့တွင် ပါဝင်ခဲ့ဖူးသူ ကပ္ပတိန် ဆူဂါနာဂါ တစ်ယောက်မှလွဲ၍) သူလျှိုလုပ်ငန်း၊ ထောက်လှမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသလောက် နည်းပါးခြင်းပင်ဖြစ်သည်။

'ဟာယာတေ' တပ်ဖွဲ့ကို ကွပ်ကဲရသူ တပ်မှူးကား မေဂျာ(ဗိုလ်မှူး)မစ်ဆူအိုဆိုသူပင်ဖြစ်သည်။ သူသည် မြန်မာလူမျိုးတစ်ယောက်ဟု ထင်ရလောက်အောင် အရပ်ပုပုပျပ်ပျပ်ဖြစ်သော်လည်း ခွန်အားဗလ အထူးတောင့်တင်းသန်မာသူ ဖြစ်လေသည်။

မေဂျာ ဆူဂါနာဂါနှင့်တကွ အခြားသင်တန်းသားများသည် မြန်မာလူမျိုးတို့ နေထိုင်ပုံစနစ်အကြောင်း အသေးစိတ်လေ့လာသင်ကြားကြရလေသည်။ ၎င်းတို့အား ဩင်

mgyoe.com

mgyoe.com


ကြားပို့ချပေးသူကား ဂျပန်လူမျိုး ဖခင်နှင့် မြန်မာမိခင်တို့မှ ပေါက်ဖွားလာသော အရပ်သားတစ်ဦးဖြစ်လေသည်။

မြန်မာနိုင်ငံ၏ အထွေထွေ အခြေအနေအရပ်ရပ်နှင့် ပတ်သက်၍ သင်တန်းများကိုမူ အတွေ့အကြုံ ဝါရင့်သောမေဂျာ ဂျင်နရယ်လ်(ဗိုလ်ချုပ်)အီဝါကူရိုနှင့် လက်ဖတင်နင်ဂျင်နရယ်လ်ဆူချိယာတို့လို ပုဂ္ဂိုလ်များက သင်တန်းပို့ချပေးခဲ့၏။

အဆိုပါသင်တန်းသို့ သင်တန်းသား စုစုပေါင်း ၁၆၁ ဦး တက်ရောက်သင်ကြားခဲ့ရာ ၎င်းတို့အနက် ၂၁ ဦးကို ဒုတိယပတ်သင်တန်းဆက်ပေးလျှင် အကူအညီရစေရန် ထားပစ်ခဲ့၏။ သို့ရာတွင် ဒုတိယပတ်သင်တန်းက လုံးဝ အကောင်အထည်ပေါ် မလာခဲ့ချေ။

ကျန်လူများကမူ မိမိတို့၏ မူလတပ်ရင်းတပ်ခွဲများသို့ ပြန်သွားကြရလေသည်။

သင်တန်းမှဆင်းပြီးလာကာ သူ့အမှတ် ၅၄ ဒီဗီဇံတပ်မကြီးမှ စစ်သည်များကို 'ကူဆူနိုဘိ' တပ်ဖွဲ့အမည်ဖြင့် ထောက်လှမ်းရေး တပ်ဖွဲ့ငယ်တစ်ခုအဖြစ် ဖွဲ့စည်းထားလိုက်လေသည်။

အမှတ် ၅၅ ဒီဗီဇံတပ်မမှ သင်တန်းဆင်း စစ်သည်များကမူ တပ်မကြီး၏ အင်အားစုရှိရာ ပျဉ်းမနားမြို့သို့သွားပြီး မြောက်ဘက်မှ ထိုးစစ်ဆင်လာသည့် ဗြိတိသျှ အမှတ် ၄ စစ်တပ်ကြီးကို ခုခံတိုက်ခိုက်ကြရလေသည်။

ကျန်လူများက "ရှင်ဘူ" တပ်ဖွဲ့သို့ ဝင်ရောက်ပူးပေါင်းပြီး ၁၉၄၅ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်းက ရှေ့ပြေးကင်းထောက်တာဝန်ကို ယူကြရလေသည်။

"ဟာယာတေ" တပ်ဖွဲ့ဝင်များ၏ ထိခိုက်ကျဆုံးမှုအရေအတွက်က အလွန်များပြားခဲ့ရာ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လက မော်လမြိုင်မြို့တွင် ယင်းတပ်ဖွဲ့ကို ပြန်ဖျက်သိမ်းချိန်၌ သင်တန်းဆင်းစစ်သည်ဆို၍ ၃၄ ဦးသာ ကျန်တော့လေသည်။

"ဟာယာတေ" တပ်ဖွဲ့အတွက် သင်တန်းသား လူသစ်များရွေးချယ်ရာတွင် အကောင်းဆုံး၊ အတော်ဆုံး စစ်သည်များကို ခေါင်းခေါက်ရွေးချယ်ရန် ရည်မှန်းချက်ထားရှိခဲ့သော်လည်း တကယ့်လက်တွေ့အခြေအနေတွင်မူ ထိုအတိုင်းဖြစ်မလာခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် တပ်မှူးအသီးသီးထံသို့ အကောင်းဆုံးစစ်သည်ရဲဘော်များကို သင်တန်းသို့စေလွှတ်ရန် ညွှန်ကြားချက်ထုတ်စဉ်က တပ်မမှူးများ အနေဖြင့် သင်တန်းကာလအချိန်ကန့်သတ်ချက်လည်း မရှိ၊ ကိုယ့်လူ ကိုယ့်တပ်ကို ပြန်ရမည်ဟူသော အာမခံချက်လည်းမရှိသဖြင့် တကယ့်လူတော်လူကောင်းများ ရွေးပို့ခြင်းဟူ၍ အလွန်နည်းပါးခဲ့သောကြောင့်ပင်တည်း။

mgyoe.com

mgyoe.com


လူရွေးချယ်ပုံနှင့်ပတ်သက်၍ ထိုစဉ်က အမှတ် ၁၂၁ ခြေလျင်တပ်ရင်း စက်သေနတ်တပ်ခွဲမှ ဆာဂျင်–မေဂျာ 'အိုဇာကီ' ဆိုသူ၏ ပြောပြချက်မှာ စိတ်ဝင်စားဖွယ်ကောင်းပေသည်။

'အိုဇာကီ' သည် ယခုအခါ ဂျပန်အသံလွှင့်ကုမ္ပဏီ (အင်–အိပ်ချ်–ကေ) ၏ အကြီးအကဲဖြစ်နေပေပြီ။

သူသည် စစ်အတွင်းကာလ မြန်မာနိုင်ငံတွင် ရှိစဉ်က နေ့စဉ် ဒိုင်ယာရီမှတ်တမ်းထားရှိခဲ့သဖြင့် အတိတ်က ဖြစ်ရပ်များအကြောင်း ပြန်ပြောနိုင်ခြင်းဖြစ်လေသည်။

'အိုဇာကီ' သည် ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလက ရခိုင်ကမ်းရိုးတန်းရှိ ရမ်းဗြဲကျွန်းတွင် ရောက်ရှိနေသည်ဆို၏။ ၎င်းတို့၏တပ်မှာ ဗြိတိသျှတပ်များ ထိုးစစ်ဆင်ခြင်းကို ခုခံတိုက်ခိုက်ရန် အသင့်စောင့်နေကြခြင်းဖြစ်လေသည်။

'အိုဇာကီ' သည် ရမ်းဗြဲကျွန်းတွင် ဝါးနှင့် ဓနိတို့ဖြင့် ဆောက်လုပ်ထားသောတဲငယ်တစ်ခုအတွင်း နေထိုင်ရင်း တစ်ညနေ၌ စိန်ပြောင်းလက်နက်အသစ်တစ်ခုကိုစမ်းသပ်ကြည့်နေစဉ် သူ၏ တပ်ခွဲမှူးလက်ဖတင်နင် 'အိနာကာ' ဆိုသူက တဲအတွင်းသို့ ဝင်ရောက်လာပြီး အမှတ် ၂၈ စစ်တပ်ကြီးအနေဖြင့် 'ဟာယာတော' တပ်ဖွဲ့ခေါ်တပ်ဖွဲ့အသစ်တစ်ခု ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ယင်းတပ်ဖွဲ့သစ်တွင် ပါဝင်ရန် 'အိုဇာကီ' အား ရွေးချယ်လိုက်ပြီဖြစ်ကြောင်း သတင်းပေးလေသည်။

'အိုဇာကီ' မှာ လုံးဝ မမျှော်လင့်သော သတင်းမျိုးကြားရသဖြင့် အံ့အားသင့်ကာ တပ်မှူးအား 'ဟာယာတော' တပ်ဖွဲ့ဆိုသည်မှာ မည်သို့သော တပ်မျိုးဖြစ်ကြောင်း မေးကြည့်မိသည်။ သို့သော် တပ်မှူး အိနာကာကိုယ်တိုင်က အသေးစိတ်မပြောနိုင်ဘဲ 'ဟာယာတော' သည် အထူးတာဝန်ဝတ္တရားများဆောင်ရွက်ရမည့် တပ်ဖွဲ့တစ်ခုဟုသာသိကြောင်း၊ သင်တန်းသို့ ခြောက်လကြာမျှ တက်ပြီးနောက် မိမိတို့ မူရင်းတပ်သို့ ပြန်လာပြီး လျှို့ဝှက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်းသာလျှင် ပြောပြနိုင်လေသည်။

သို့နှင့်ပင် အမှတ် ၁၂၁ ခြေလျင် တပ်ရင်းမှ 'အိုဇာကီ' အပါအဝင် စစ်သည်သုံးဦးတို့အား ရွေးချယ်စေလွှတ်ခဲ့လေသည်။

ရန်ကုန်မြို့ရှိ အမှတ် ၂၈ စစ်တပ်ကြီးသို့ရောက်သွားသောအခါ လက်ရွေးစင်အရာရှိနှင့်တပ်သား ၄၀ ခန့်သည် သင်တန်းတက်ရန်အတွက် သီးသန့်စစ်တန်းလျားများသို့ရောက်ရှိနေနှင့်ပြီဖြစ်လေသည်။

'ဟာယာတော' တပ်ဖွဲ့အတွက် သင်တန်းပေးရာတွင် အလွန်ရက်စက်ကြမ်းကြုတ်

mgyoe.com

mgyoe.com

သည်ဟု နာမည်ကြီးသော 'ကင်ပေတိုင်' စစ်ပုလိပ်အဖွဲ့၏ ပူးပေါင်းကူညီမှုဖြင့် ပေးရန် စီစဉ်ထားကြောင်း သိရလေသည်။

သင်တန်းက အလွန်ပင် ပင်ပန်းကြီးစွာ လေ့ကျင့်သင်ကြားရမည်ဟု ကြိုတင် သိထားသော်လည်း 'အိုဇာကီ' အနေဖြင့် စိုးရိမ်တုန်လှုပ်ခြင်းမဖြစ်မိပေ။ ဂျပန် စစ် တပ်ခြေလျင်တပ်များ၏ အခြေခံ လေ့ကျင့်ခန်းများတိုင်းက ခက်ခဲပင်ပန်းလှပြီး ယင်း အတွေ့အကြုံရှိပြီးသူ 'အိုဇာကီ' အဖို့ နောက်ထပ် ပင်ပင်ပန်းပန်းသင်တန်းတက်ရ မည်ဆိုခြင်းကို တုန်လှုပ်စရာ မရှိတော့သောကြောင့်ပင်ဖြစ်သည်။

သင်တန်းများ စတင်သောအခါ နံနက်စောစောတိုင်း 'ကရာတေး' သိုင်းပညာ လေ့ကျင့်ခန်းများ သင်ကြားရလေသည်။

ထိုနောက် မြန်မာဘာသာစာရေးခြင်းနှင့် စာဖတ်ခြင်းတို့ကို ဘာသာရပ်တစ်ခုအနေ ဖြင့် သင်ကြားကြရသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ရာသီဥတု အခြေအနေနှင့် ပတ်သက် ၍လည်းကောင်း၊ မြန်မာလူမျိုးတို့ ဓလေ့ထုံးစံများနှင့် ပတ်သက်၍လည်းကောင်း ရက်တိုသင်တန်း ပို့ချပေးခဲ့သည်။

ယင်း ဘာသာရပ်များ သင်ကြားပို့ချပေးခြင်း ရည်ရွယ်ချက်ကား 'ဟာယာတေ' တပ်ဖွဲ့အနေဖြင့် မကြာမီထမ်းဆောင်ရလတ္တံ့သော လျှို့ဝှက်တာဝန်များအောင်မြင်ရေး အတွက် အဆိုပါဘာသာရပ်များသည် အရေးကြီးသော အခြေခံလိုအပ်ချက်များဖြစ် သည်ဟု အာဏာပိုင်တို့က ယူဆကြသောကြောင့်ပင် ဖြစ်သည်။

သင်တန်းသားများအနက် 'အိုဇာကီ' သည် ဘာသာခြားများ လေ့လာသင်ကြား ရာ၌ ထူးချွန်သူဖြစ်လေရာ မြန်မာဘာသာကိုလည်း လျင်မြန်စွာ သင်ကြားတတ်မြောက် ခဲ့လေသည်။ သင်တန်းမပြီးဆုံးသေးမီမှာပင် သူသည် မြန်မာတိုင်းရင်းသားတို့နှင့် မြန်မာလို ကောင်းစွာ စကားပြောဆို ဆက်သွယ်နိုင်ခဲ့၏။

'ဟာယာတေ' တပ်ဖွဲ့၏ သင်တန်းနည်းပြဆရာများ ကိုယ်တိုင်ကလည်း မိမိတို့ ရောက်ရှိနေသော နယ်မြေရှိ တိုင်းရင်းသားဘာသာစကား တတ်ကျွမ်းမှသာ ထောက် လှမ်းရေးလုပ်ငန်းကို အောင်မြင်စွာ လုပ်နိုင်လိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်ဆို၏။

ထိုကြောင့် သင်တန်းကာလအတွင်း မြန်မာဘာသာကို သင်ကြားပို့ချပေးရုံမက အရည်အချင်းစစ် စာမေးပွဲများပင် နှစ်ကြိမ် သုံးကြိမ် ပြုလုပ်ခဲ့လေသည်။

သို့ရာတွင် စာသင်ခန်းထဲတွင် တတ်ကျွမ်းခြင်းနှင့် တကယ့်မြန်မာလူမျိုးတစ်ဦးနှင့် လက်တွေ့ဆက်သွယ်စကားပြောခဲ့ခြင်းက တခြားစီဖြစ်ကြောင်းကို မကြာမီ သိရှိ

mgyoe.com

mgyoe.com


ခဲ့ကြလေသည်။

တစ်ခါတွင် 'ဟာယာတေ' တပ်ဖွဲ့မှ သင်တန်းသားများသည် မြန်မာလို ဝတ်စားဆင်ယင်လျက် ကျေးရွာတစ်ရွာသို့ သွားရောက်ကာ ရွာသူရွာသားများနှင့် မြန်မာလို စကားပြောကြည့်ကြသည်ဆို၏။

ဂျပန်လူမျိုးစစ်စစ်က မြန်မာစကားကို ကြိုးစားပြောပုံက မြန်မာလူမျိုးတို့ အမြင်တွင် အလွန်သိသာနေတော့၏။ သူတို့သည် မြန်မာလူမျိုး စစ်စစ်မဟုတ်ကြောင်း ချက်ချင်းပေါ်လွင်ထင်ရှားနေတော့လေရာ 'ဟာယာတေ' တပ်ဖွဲ့ အကြီးအကဲများက လိုချင်သော အဆင့်အတန်းမီ မြန်မာလို ရေရေလည်လည် တတ်ကျွမ်းရန် အလွန်ဝေးသေးကြောင်း သိရလေတော့သည်။

သို့ဖြစ်လင့်ကစား 'ဟာယာတေ' တပ်ဖွဲ့ အကြီးအကဲများအနေဖြင့် စိတ်ပျက်အားလျော့ခြင်း မရှိခဲ့ပေ။

တပ်မှူးဖြစ်သူ မေဂျာ (ဗိုလ်မှူး) 'မစ်ဆူအို' က မိမိတို့၏ ထောက်လှမ်းရေးလုပ်ငန်းများ လုပ်ရာတွင် မြန်မာတိုင်းရင်းသားများကို စည်းရုံးငှားရမ်း၍ 'သူလျှို'အဖြစ် ဗြိတိသျှ စစ်စခန်းများသို့ စေလွှတ်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြလေသည်။

သို့သော် ရံဖန်ရံခါ မိမိတို့ ကိုယ်တိုင်ပင်လျှင် ရန်သူစစ်ကြောင်းအတွင်းသို့ ထိုးဖောက်ဝင်ရောက်ရန် လိုအပ်မည်ဖြစ်ရာ ဂျပန်စစ်သည်များက ရာခိုင်နှုန်းပြည့် မြန်မာလူမျိုးနှင့် တူအောင် 'ဟန်ဆောင်' နိုင်ရန်က အရေးကြီးလာပေသည်။

ဒုတိယ ကမ္ဘာစစ်အတွင်းက ဂျပန်စစ်တပ်မှ အရာရှိအရာခံ အကြပ်တပ်သားအားလုံးတို့သည် ဆံပင်ရှည် (ဗိုလ်ကေ) မထားဘဲ ခေါင်းတုံးရိတ်ထားခဲ့ရာ ယခု ထောက်လှမ်းရေး သူလျှို လုပ်ရမည့် 'ဟာယာတေ' တပ်ဖွဲ့ဝင်များကိုမူ ဆံပင်ရှည်ထားကြရန် တိုက်တွန်းခဲ့လေသည်။

မြန်မာလူမျိုးတို့ကဲ့သို့ အင်္ကျီ၊ လုံချည်ဝတ်ပြီး လမ်းသွားလျှင် မြန်မာ ညှပ်ဖိနပ်စီး၍လည်းကောင်း၊ လုံးလုံး ဖိနပ်မပါဘဲသော်လည်းကောင်း လမ်းလျှောက်နိုင်အောင်လည်း လေ့ကျင့်စေခဲ့၏။

ဤသို့လျှင် လိုလေသေးမရှိအောင် အသေးစိတ် ကြိုးစား လေ့ကျင့်ကြရသော 'ဟာယာတေ' တပ်ဖွဲ့ဝင်များသည် နေ့စဉ် လေ့ကျင့်ခန်းတစ်ခုအဖြစ် မြန်မာ့ကျေးရွာတစ်ရွာသို့ သွားရောက်လည်ပတ်ကြရ၏။ ယင်းသို့ ရွာထဲသို့ သွားရောက် လည်ပတ်ကြသည့်အခါ ရွာသားများနှင့်တကွ လှပကြော့ရှင်းသော မြန်မာမိန်းမပျိုများနှင့်ပါ

mgyoe.com

mgyoe.com


တွေ့ဆုံရင်း မြန်မာစကားပြော လေ့ကျင့်ကြလေသည်။

ထိုအချိန်က မြန်မာလူမျိုးတို့က ဂျပန်စစ်သည်များအပေါ် မိတ်ဆွေလိုသဘော ထားပြီး ပူးပေါင်းကူညီနေဆဲကာလ ဖြစ်လေရာ ဟာယာတေတပ်ဖွဲ့ဝင်များ မြန်မာရွာ ထဲသို့ သွားရောက်လည်ပတ်သည်ကိုပင် ဝမ်းသာအားရ လက်ခံကြိုဆိုရုံမက ပျော်ရွှင်စွာ ထမင်းလက်ဆုံစားပွဲများ ကျင်းပသည်အထိ အခြေအနေက ကောင်းမွန်အဆင်ပြေခဲ့ ပေသည်။

'အိုဇာကီ' အနေဖြင့်ကား သူ မှတ်မိသလောက် သင်တန်းကာလ ခြောက်လသည် လျင်မြန်စွာ ကုန်ဆုံးသွားသည်ဟု ထင်ခဲ့ရသည်ဆို၏။

သင်တန်းပြီးသည်နှင့် သင်တန်းသားအများစုမှာ မိမိတို့၏ မူရင်းတပ်မကြီးများသို့ ပြန်သွားကြရလေသည်။

သင်တန်းကာလအတွင်း သင်တန်းသားများ အားလုံးသည် ခင်မင်ရင်းနှီးစွာ အတူနေ၊ အတူလုပ်ခဲ့ရခြင်းကြောင့် တစ်ဦးပေါ်တစ်ဦး သံယောဇဉ်တွယ်မိကြကာ နောက်ဆုံးနှုတ်ဆက်ပွဲ ညစာစားပွဲ၌ အချင်းချင်း ခွဲခွာရ၍ ဝမ်းနည်းကြောင်း ဖွဲ့ဆို သီကုံးထားသည့် သီချင်းတစ်ပုဒ်ဆိုကြသောအခါ လူတိုင်းလိုလို မျက်ရည်များပင် လည်အောင် စိတ်ထိခိုက်ခဲ့ကြရသည် ဆို၏။

တကယ်တော့လည်း 'ဟာယာတေ' တပ်ဖွဲ့ဝင်များသည် အခြားစစ်သည်များနှင့် မတူတော့ဘဲ ထောက်လှမ်းရေး တာဝန်များကို ထမ်းဆောင်ရာတွင် အဖော်မပါ တစ် ကိုယ်တည်း လှုပ်ရှားသွားလာရတတ်သောကြောင့် သင်တန်းပြီးဆုံး၍ လူစုခွဲရခါနီး ဝမ်းနည်းစိတ်မကောင်းခြင်း ဖြစ်ခဲ့ကြရလေသည်။

ခြောက်လသင်တန်း ပြီးဆုံးသွားသောအခါ 'အိုဇာကီ' သည် အခြားသင်တန်းဆင်း ရဲဘော် ၆ ဦးတို့နှင့်အတူ အမှတ် ၂၈ စစ်တပ်ကြီး၏ဌာနချုပ် (ရန်ကုန်)သို့ တာဝန်ဖြင့် စေလွှတ်ခြင်း ခံရလေသည်။

ခရီးရောက်မဆိုက်မှာပင် ၎င်းတို့အား 'ဟာယာတေ' တပ်ဖွဲ့၏ တပ်မှူး မေဂျာ (ဗိုလ်မှူး) 'မစ်ဆူအို' ခေါင်းဆောင်လျက် မြန်မာနှင့် ယိုးဒယား(ထိုင်းနိုင်ငံ) နယ်စပ်ရှိ အခြေအနေကို လေ့လာစုံစမ်းရန် စေလွှတ်ခြင်း ခံခဲ့ရလေသည်။

သူတို့သည် နယ်စပ်သို့ ရှမ်းကုန်းမြင့်ဒေသ တောင်တန်းကြီးများကို ဖြတ်ကျော်၍ သွားရလေရာ အချိန် ကြာသလောက် ခဲယဉ်းပင်ပန်းလှသည် ဆို၏။ ရှမ်းပြည် အရှေ့ ပိုင်းရှိ သံလွင်မြစ်ကြီးအတိုင်း စုန်ဆင်းသွားကြရာဝယ် လမ်းတစ်လျှောက်ရှိ ကျေးရွာ
mgyoe.com

mgyoe.com


တိုင်းလိုလိုတွင် ဂျပန် 'ကင်ပေ'(စစ်ပုလိပ်) အဖွဲ့ဝင်များ သေဆုံးနေသည့် ရုပ်အလောင်းများကို တွေ့ကြရလေသည်။

စစ်ပွဲ၏ ဂယက်သည် ဤမျှ ဝေးလံခေါင်းပါးသော ကရင်ကျေးရွာများသို့တိုင်အောင်ပင် ပျံ့နှံ့ရောက်ရှိလာလေပြီ။

'အိုဇာကီ' တို့အဖွဲ့ ရန်ကုန်မြို့သို့ ပြန်ရောက်သောအခါ အမှတ် ၂၈ စစ်တပ်ကြီး၏ သေနာပတိ တပ်မှူးကြီးသည် ၎င်း၏ စစ်ဦးစီးအရာရှိများနှင့်အတူ ပဲခူးရိုးမသို့ ပြောင်းရွှေ့သွားနှင့်ပြီဖြစ်ကြောင်း သိရလေသည်။

ထို့ကြောင့် 'အိုဇာကီ' တို့လည်း လော်ရီကားတစ်စီးပေါ်သို့ ရနိုင်သမျှ စားနပ်ရိက္ခာများ တင်ဆောင်လျက် ပဲခူးဘက်သို့ ချက်ချင်းလိုက်သွားကြလေသည်။

သို့ရာတွင် ထိုအချိန်၌ ပဲခူးမြို့မှာ ဗြိတိသျှအမြောက်တပ်များ၏ ပစ်ခတ်တိုက်ခိုက်ခြင်းကိုခံနေရပြီး 'အိုဇာကီ' တို့အဖို့ရှေ့သို့ တိုးသွားရန် လမ်းမပိတ်နေပြီဖြစ်သည်။

ဂျပန်စစ်သည်များအနေဖြင့်လည်း စိတ်ဓာတ်ချောက်ချားနေကြပြီဖြစ်သည်။

'အိုဇာကီ' က သူမှတ်မိသလောက် ထိုအချိန်က အတွေ့အကြုံကို ပြန်ပြောရာတွင် ပဲခူးရိုးမ ဒေသမှာ မိုးရာသီ၌ အလွန်ပင်ဆိုးရွားလှသည်ဟု ဆိုလေသည်။

ယခု နှစ်ပေါင်းများစွာ ကြာမှ ထိုအချိန်က အကြောင်းတွေ ပြန်လည်စဉ်းစားကြည့်ရာတွင် 'အိုဇာကီ' က သူမှတ်မိသောနောက်ဆုံးအဖြစ်အပျက်မှာ သူ၏ ခြောက်လုံးပြူးသေနတ်ကို ကျေးရွာသူကြီးတစ်ဦးထံ၌ ကြက် ၁၀ ကောင်နှင့် လဲလှယ်ခဲ့ခြင်းပင်ဖြစ်သည်။ ဂျပန်တို့ လက်နက်ချချိန်တွင် သေနတ်ကို ဗြိတိသျှတို့ထံ အပ်နှံရမည့်အစား ကြက် ၁၀ ကောင်နှင့် လဲစားလိုက်သည့် သဘောပင်ဖြစ်သည်ဆို၏။

## မျိုးချစ်ဗမာ့တပ်မတော်

ဂျပန် ဗိုလ်ချုပ်ကြီးဆာကူရိုင်း လက်အောက်ခံ စစ်တပ်များသည် တောတောင်ဒေသအခက်အခဲ၊ မြစ်ကြီးတစ်ခု ကာဆီးနေခြင်းနှင့် သာမန်စစ်တိုက်ရခြင်းတို့ကိုသာ ရင်ဆိုင်ရသည်မဟုတ်၊ ကြီးကျယ်သော နိုင်ငံရေးပြဿနာကြီးတစ်ခုကိုပါ ရင်ဆိုင်ခဲ့ကြရလေသည်။

ယင်း နိုင်ငံရေးပြဿနာကြောင့် ယခင်ကလို မိမိတို့သိမ်းပိုက်ထားသော နယ်မြေမှ စားနပ်ရိက္ခာများ ရယူလျက် နောက်ကြောင်းစိတ်ချရသည့် အခြေအနေသည် ပျက်ပြယ်ပြောင်းလဲသွားခဲ့ပေသည်။

mgyoe.com

mgyee.com


ဂျပန်တို့က စစ်ပညာလေ့ကျင့်သင်ကြားပေးပြီး စစ်လက်နက်များ တပ်ဆင်ပေးခဲ့သော ဗမာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် နွေဦးရာသီသို့ ရောက်လတ်သော် ဂျပန်တို့အား အတိအလင်း တော်လှန်တိုက်ခိုက်ကြလေတော့သည်။

ယင်းသို့ မြန်မာတပ်များက တော်လှန်တိုက်ခိုက်ခြင်းကို ဂျပန် အမှတ် ၂၈ စစ်တပ်ကြီးမှ စစ်ဦးစီးအရာရှိ အချို့အနေနှင့် မအံ့သြကြသော်လည်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်စစ်တပ်ကြီး၏ ဌာနချုပ်မှ အရာရှိများအဖို့ ရုတ်တရက် အံ့အားသင့်သွားခဲ့ကြလေသည်။

အထူးသဖြင့် ဗမာ့တပ်မတော်၏ တပ်ဖွဲ့များက ရန်ကုန်မြို့တွင် စစ်ရေးပြအခမ်းအနားတစ်ခု ကြီးကျယ်စွာ ကျင်းပပြီး ရှေ့တန်းမှ 'ရန်သူ' ကို အပြုတ်တိုက်ရန်ဟု ကြွေးကြော်ကာ စစ်ချီသွားသည်ကို ဂျပန်စစ်တပ်ဌာနချုပ်မှ အရာရှိကြီးများက အဟုတ်မှတ်ကာ ယုံကြည်ခဲ့ကြ၏။

သို့သော် မြန်မာတပ်မတော်များသည် ခပ်တည်တည်နှင့် ရန်ကုန်မြို့မှ ထွက်ခွာသွားပြီးနောက် ဗြိတိသျှတို့ ရှေ့တန်းတပ်များနှင့်ပူးပေါင်းကာ ဂျပန်အားတော်လှန်တိုက်ခိုက်ခဲ့ကြလေတော့သည်။

ဂျပန်အမှတ် ၅၅ ဒီဝိဇံတပ်မကြီး၏ တပ်မှူးဖြစ်သူ မေဂျာဂျင်နရယ် (ဗိုလ်ချုပ်) 'ဆာကူရိုင်းတိုကူတာရို'က သူ၏ စစ်ဦးစီးအရာရှိများအား ထပ်တလဲလဲ ပြောကြားသည့်အချက်တစ်ခုမှာ မြန်မာတပ်များအနေဖြင့် ဂျပန်တို့အပေါ် ဆက်လက်သစ္စာရှိခြင်းကို ထိန်းသိမ်းချုပ်ကိုင်ထားနိုင်ရန် တစ်ခုတည်းသောနည်းသည် ဗြိတိသျှတပ်များအား မန္တလေးမြို့၏ မြောက်ဘက်မှ တောင်ဘက်သို့ ကျွံမလာနိုင်အောင် တားဆီးရန်ပင် ဖြစ်သည်ဟူ၍ပင်ဖြစ်သည်။

သူ၏တွေးခေါ်ယူဆပုံကား ဤသို့တည်း။

"မန္တလေးမြို့ကို ဗဟိုပြု၍ အရှေ့မှ အနောက်သို့ ကန့်လန့်ဖြတ်မျဉ်းတစ်ခု သားလိုက်လျှင် ယင်းမျဉ်းကြောင်းသည် မြန်မာလူထု၏ စိတ်ဓာတ်ကို ပြောင်းလဲစေမည့် အမှတ်အသားမျဉ်းကြောင်းပင် ဖြစ်သည်။ ဗြိတိသျှနှင့် အိန္ဒိယတပ်များက ထိုမျဉ်းကြောင်းကို ဖြတ်ကျော်ကာ တောင်ဘက်သို့ ထိုးဖောက်ဝင်မိသည်နှင့်တစ်ပြိုင်နက် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်သည် နေ့ချင်းညချင်း ပြောင်းလဲကာ ဗြိတိသျှဘက်သို့ ယိမ်းသွားရန် သေချာသည်။ ယင်းသို့ဖြစ်ခဲ့သော် ကျွန်ုပ်တို့အဖို့ ရှမ်းပြည်၌ ဌာနချုပ်ပြုလုပ်ပြီး စစ်တပ်တစ်တပ်ကို ပဲခူးရိုးမတွင်ထားလျက် ပြောက်ကျားစစ်ဆင်ရန်သာ

mgyee.com

mgyoe.com


ရှိတော့သည်"

ဤသို့လျှင် ဗိုလ်ချုပ်ဆာကူရိုင်းသည် ကြိုတင်တွေးတောမြော်မြင်ခဲ့လေရာ ယင်းမြော်မြင်ခြင်းကပင်လျှင် ဂျပန်နှင့် မြန်မာလူမျိုးတို့၏ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းကူညီမှု အခြေအနေက မည်သို့ဖြစ်လာသည်ကို ဖော်ပြရာ ရောက်ပေသည်။

အမှန်က လွန်ခဲ့သော သုံးနှစ်ပတ်လုံး အရှေ့တောင် အာရှ၌ ဂျပန်တို့၏ ဝါဒဖြန့်မှုတွင် ဂျပန်၊ မြန်မာ ချစ်ကြည်ရေးကို အကြီးအကျယ် ကြွေးကြော်ခဲ့လေသည်။

ဤသည်မှာလည်း အကြောင်းရှိပေသည်။ ဂျပန်တို့က လေ့နံ့စားထစ် မှတ်ယူခဲ့သည်မှာ မြန်မာလူမျိုးတို့သည် အစဉ်သဖြင့် ဂျပန်တို့အပေါ် ချစ်ကြည်ရင်းနှီးစွာဆက်ဆံသွားလိမ့်မည်ဟူ၍ပင်ဖြစ်သည်။ အထူးသဖြင့် ဗြိတိသျှတို့ လက်အောက်ခံကျွန်ဘဝမှ လွတ်မြောက်အောင် ကူညီကယ်တင်ပေးသူများအနေဖြင့် မြန်မာတို့က ဂျပန်အပေါ် ကျေးဇူးရှင်များဟု သဘောထားကြလိမ့်မည်ဟု ယုံကြည်မိခဲ့ကြပေသည်။

ယင်းသို့ ယုံကြည်မိခြင်း၏ အဓိကအကြောင်းကိုရှာသော် အတိတ်က ဇာတ်ကြောင်းတစ်ခုကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပေသည်။

၁၉၄၀ ပြည့်နှစ်က ဂျပန်စစ်ဦးစီးဌာနချုပ်မှ ကာနယ်(ဗိုလ်မှူးကြီး) ဆူဇူကီးဆိုသူသည် သတင်းစာဆရာတစ်ဦးအသွင် ဟန်ဆောင်ကာ မြန်မာနိုင်ငံသို့ လာရောက်ခဲ့စဉ် ဗြိတိသျှဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းထန်တက်ကြွနေသော မြန်မာလူငယ် 'သခင်' အချို့နှင့် ဆက်သွယ်မိခဲ့၏။

'သခင်' ဆိုသည်မှာ ဗြိတိသျှတို့ အုပ်ချုပ်မှုကို ဆန့်ကျင်သော ခေတ်ပညာတတ် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရလူငယ်များက အုပ်စိုးသူ လူတန်းစားဗြိတိသျှ 'သခင်' များနှင့် တန်းတူဖြစ်သည်ဟု ကြွေးကြော်သည့်အနေဖြင့် မိမိတို့နာမည်ရှေ့မှ 'သခင်' ဟု တပ်ထားသူ လူငယ်နိုင်ငံရေးသမားများပင်ဖြစ်သည်။

ဗိုလ်မှူးကြီးဆူဇူကီးသည် ယင်းမြန်မာလူငယ်များက ဗြိတိသျှအုပ်စိုးမှု လက်အောက်မှ လွတ်မြောက်အောင် အားပေးကူညီသင့်သည်ဟု ယုံကြည်ခဲ့လေသည်။ တစ်ချိန်တည်းမှာပင် အမိဂျပန်နိုင်ငံကို တစ်ဖက်တစ်လမ်းက အကျိုးပြုသည့်အနေဖြင့် 'ချန်ကေရှိတ်' အုပ်စိုးနေသော တရုတ်ပြည်သို့ စစ်လက်နက်ရိက္ခာပစ္စည်းများ တင်ပို့ခြင်းကို ဟန့်တားရန် ရည်ရွယ်ခဲ့လေသည်။

တရုတ်ပြည်သို့ စစ်ပစ္စည်းများ ဖြည့်တင်းပို့ပေးသည့် လမ်းကြောင်းမှာ ရန်ကုန်မြို့မှ 'မြန်မာနိုင်ငံ လမ်းမကြီး' (Burma Road) ကိုဖြတ်လျက် တရုတ်ပြည် 'ကူမင်းမြို့'

mgyoe.com

သို့ တင်ပို့လျက်ရှိရာ 'ဆူဇူကီး' သည် မြန်မာလူငယ် နိုင်ငံရေးသမား (သခင်) များ အား လှုံ့ဆော်သွေးထိုးပေးခြင်းအားဖြင့် 'မြန်မာ လမ်းမကြီး'မှတစ်ဆင့် တရုတ်ပြည်သို့ စစ်ပစ္စည်းများ တင်ပို့ရေးကို နှောင့်ယှက်ဟန့်တားနိုင်လိမ့်မည်ဟု ယူဆမိလေသည်။

သို့နှင့်ပင် ၁၉၄၁ ခုနှစ်က ဗိုလ်မှူးကြီး ဆူဇူကီး၏ ဆက်သွယ်စီစဉ်ချက်ဖြင့် သခင်အောင်ဆန်း ခေါင်းဆောင်သော မြန်မာလူငယ် ၃၀ (ရဲဘော်သုံးကျိပ်) သည် ဗြိတိသျှအစိုးရ၏ ထောက်လှမ်းရေးစုံထောက်များ အကဲခတ်စောင့်ကြည့်နေသည့်ကြားမှ ထွက်ပြေးလွတ်မြောက်ကာ ဂျပန်တို့ထံတွင် စစ်ပညာလေ့လာသင်ကြားရန် အတွက် 'ဟိုင်နန်' ကျွန်းသို့ ရောက်ရှိလာခဲ့လေသည်။

ဒုတိယကမ္ဘာစစ်ကြီး အာရှတိုက်သို့ ကူးစက်ဖြစ်ပွားလာသောအခါ အဆိုပါ ရဲဘော်သုံးကျိပ်သည် ဂျပန်စစ်တပ်များ ထိုးစစ်ဆင်ရာတွင် ကူညီလမ်းညွှန်ပေးနိုင်ခဲ့သည့်ပြင် 'ဗမာ့လွတ်လပ်ရေးတပ်မတော်' (ဘီအိုင်အေ) ကိုလည်း စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြလေသည်။

'ဗမာ့လွတ်လပ်ရေးတပ်မတော်' ကို ကြီးကြပ်ကွပ်ကဲရန်အတွက် ဗိုလ်မှူးကြီး ဆူဇူကီး၏ သီးခြားတပ်ဖွဲ့ဖြစ်သော 'မီနာမိကီကန်' သို့မဟုတ် 'တောင်ပိုင်း ဒေသဆိုင်ရာ တပ်ဖွဲ့'အား ဂျပန်အာဏာပိုင်တို့က တာဝန်ပေးခဲ့လေသည်။

ထိုအတောအတွင်း မြန်မာပြည်ဆိုင်ရာ ဂျပန်တပ်များ၏ သေနာပတိ လက်ဖတင်နင် ဂျင်နရယ်လ်(ဒု-ဗိုလ်ချုပ်ကြီး)အီဒါနှင့် ဗိုလ်မှူးကြီး ဆူဇူကီးတို့သည် မြန်မာတို့အပေါ် ထားရှိသည့် သဘောထားတွင် အယူအဆ ကွဲလွဲခဲ့ကြလေသည်။

သဘောကွဲလွဲကြသည့် အကြောင်းကား ဤသို့တည်း။

ကာနယ်(ဗိုလ်မှူးကြီး)ဆူဇူကီးသည် မြန်မာနိုင်ငံအား ချက်ချင်းလွတ်လပ်ရေး ပေးသင့်သည်ဟု ရိုးသားစွာ ယုံကြည်ထောက်ခံသူဖြစ်၍ 'ရဲဘော်သုံးကျိပ်' အားလည်း ထိုအတိုင်း ပြောဆိုအားပေးခဲ့၏။

သို့ရာတွင် မြန်မာနိုင်ငံအား လုံးဝ လွတ်လပ်ရေးပေးရန်ကို ဂျပန်စစ်အာဏာပိုင်တို့၏ အရှေ့တောင်အာရှဆိုင်ရာ ပေါ်လစီနှင့် မကိုက်ညီဘဲ ဖြစ်နေလေသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဂျပန်တို့၏ မူလရည်ရွယ်ချက်မှာ ရန်ကုန်မြို့နှင့် အောက်မြန်မာပြည် ဒေသအချို့ကိုသာ သိမ်းပိုက်ယူပြီး ၎င်းတို့၏ "မဟာ အရှေ့တောင်အာရှတူညီစွာ တိုးတက်ဖွံ့ဖြိုးရေး" စီမံကိန်း၏ ပြင်ပနယ်နိမိတ်ကို ကာကွယ်ရေးအတွက် အခြေခံစခန်းများ ပြုလုပ်ရန်ဖြစ်သည်။

mgyoe.com

သို့သော် မြန်မာနိုင်ငံကို တကယ်တမ်း တိုက်ခိုက်ကြသောအခါ ဗြိတိသျှတပ်များက လျင်မြန်စွာ ဆုတ်ခွာပြီး လွယ်လင့်တကူ သိမ်းပိုက်ရရှိခဲ့သည်တွင် ဂျပန်စစ်အာဏာပိုင်တို့က တစ်မျိုးတွေးတောလာပြန်သည်။

ထိုအတောအတွင်း ဗိုလ်မှူးကြီး ဆူဇူကီးနှင့် သူ၏ မြန်မာမိတ်ဆွေ (ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့လွတ်လပ်ရေး တပ်မတော်) များက ဂျပန်အမှတ် ၁၅ စစ်တပ်ကြီး၏ အကူအညီဖြင့် စစ်အုပ်ချုပ်ရေးကို ရပ်စဲကာ (ဗိုလ်ချုပ်အောင်ဆန်းတို့အား လွတ်လပ်ရေးပေးမည်ဟူ၍ ကတိပေးခဲ့သည့်အတိုင်း) လွတ်လပ်ရေးရရှိရန် ပြင်ဆင်ကြိုးစားနေခဲ့ကြလေသည်။

ရှင်းရှင်းဆိုရလျှင် 'ဆူဇူကီး'က မြန်မာမိတ်ဆွေများအား ကတိပေးခဲ့ခြင်းမှာ ဂျပန်စစ်တပ်က လိုလားသည်ထက် ပိုမိုလွန်ကဲနေပြီဖြစ်လေသည်။

ထို့ကြောင့် ဂျပန်တို့က ၁၉၄၃ ခုနှစ်တွင် 'မြန်မာလွတ်လပ်ရေး'ပေးခြင်းမတိုင်မီ ခပ်စောစောကပင် 'မီနာမိ–ကီကန်'တပ်ဖွဲ့ကို အာဏာပိုင်တို့က ဖျက်သိမ်းပစ်လိုက်ပြီး ဆူဇူကီးကိုယ်တိုင်က ဂျပန်ပြည်သို့ ပြန်သွားခဲ့ရလေသည်။

ဤနေရာတွင် စစ်အတွင်းက မြန်မာနှင့် ဂျပန်တို့ ဆက်ဆံရေးအကြောင်းကို အနည်းငယ်ဖော်ပြရန် လိုပေလိမ့်မည်။

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာလူမျိုးတို့အနေဖြင့် ဂျပန်မှန်သမျှအား မုန်းတီးစက်ဆုပ်ခဲ့သည်ဟုဆိုရန် ခဲယဉ်းပေသည်။

ဥပမာ စစ်ပြီးဆုံး၍ ၁၀ နှစ်အကြာ ၁၉၅၅ ခုနှစ်က ဂျပန်လူမျိုး အင်ဂျင်နီယာတစ်ဦးသည် ရန်ကုန်မြို့သို့ ကိစ္စတစ်ခုဖြင့် ရောက်သွားခဲ့၏။ တစ်ညသ၌ သူသည် လမ်းလျှောက်ထွက်သွားရာ မြန်မာလူမျိုးအချို့က ခင်မင်ရင်းနှီးစွာဖြင့် 'ဂျပန် မာစတာ'ဟုခေါ်ပြီး နှုတ်ဆက်ခြင်းခံခဲ့ရသည်ဆို၏။

ဤသို့နှုတ်ဆက်ခြင်းမှာ တစ်ချိန်က သိကျွမ်းရင်းနှီးခဲ့သော မိတ်ဆွေလူမျိုးအဖြစ် နှုတ်ဆက်လိုက်ခြင်းပင်ဖြစ်လေသည်။

စစ်အတွင်းက ဂျပန်တို့နှင့် ပူးပေါင်းခဲ့သော ဗမာ့တပ်မတော်ကို ဦးစီးကွပ်ကဲခဲ့သူ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ပင်လျှင် ၁၉၄၅ ခုနှစ်က ဗြိတိသျှတို့နှင့် ပူးပေါင်းသွားခြင်းမှာ ဗြိတိသျှတို့အပေါ် အထင်ကြီးလှ၍မဟုတ်၊ စစ်ရေးအခြေအနေအရ မလုပ်မဖြစ်အောင် ခြေလှမ်းတစ်ခုကို လှမ်းလိုက်ခဲ့ခြင်းပင်ဖြစ်သည်။ ထို့ပြင် ဂျပန်တို့နှင့် ပူးပေါင်း၍ လွတ်လပ်ရေးအတွက် အပြင်းအထန် ကြိုးပမ်းလာခဲ့ပြီးမှ ဗြိတိသျှတို့

mgyoe.com

mgyee.com


မြန်မာပြည်သို့ ပြန်လာချိန်တွင် ယင်းကြိုးပမ်းချက် အလဟဿမဖြစ်ဘဲ လွတ်လပ်ရေးရရန် ဆက်ကြိုးပမ်းလို၍လည်းဖြစ်သည်။

ဤနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အလွန်ခင်မင်ရင်းနှီးခဲ့သော ဗမာ့တပ်မတော် အကြံပေးအရာရှိ ကပ္ပတိန်(ဗိုလ်ကြီး)တာကာဟာရှိ၏ အတွေ့အကြုံမှာ စိတ်ဝင်စားဖွယ်ကောင်းပေသည်။

၁၉၄၅ ခုနှစ်၊ မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သူ၏တပ်များ ဂျပန်ကိုတော်လှန်၍ ဗြိတိသျှတို့ဘက်သို့ ပူးပေါင်းသွားတော့မည့်အကြောင်း သတင်းကြားကြားချင်း 'တာကာဟာရှိ' သည် ဗိုလ်ချုပ်တို့ 'စစ်ထွက်' သွားရာဒေသသို့ မတ်လ ၂၃ ရက်နေ့က အမြန်လိုက်သွားလေသည်။

သို့နှင့်ပင် တာကာဟာရှိနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ပြည်မြို့၏တောင်ဘက် ရွှေတောင်မြို့တွင် တွေ့ဆုံမိကြလေသည်။

ထိုအတောအတွင်း ၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့ဖြစ်လာလေရာ ဗမာ့တပ်မတော်တစ်ခုလုံးက ဂျပန်တို့အား အတိအလင်း တော်လှန်တိုက်ခိုက်ခဲ့ကြလေသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်အကြံပေးအရာရှိ 'တာကာဟာရှိ' အား မည်သို့မျှ ရန်မပြုချေ။ သူတို့နှစ်ဦးသည် အချိန်ကြာမြင့်စွာ ခင်မင်ရင်းနှီးခဲ့သူများဖြစ်၍ ယခု မြန်မာက ဂျပန်အား တော်လှန်နေသည့်အချိန်၌ပင် နှစ်ယောက်သားရင်းနှီးပွင့်လင်းစွာပင် စကားပြောဆို ဆွေးနွေးနိုင်လျက်ပင်ရှိနေသည်။

"ရှေ့အဖို့ ခင်ဗျားဘာလုပ်မယ် ကြံပါသလဲ"

တာကာဟာရှိက မေးသောအခါ ဗိုလ်ချုပ်အောင်ဆန်းက

"အခု အခြေအနေအရ ကျုပ်တို့က ဂျပန်နဲ့ ဆက်ပူးပေါင်းနေမယ်ဆိုရင် ကျုပ်တို့မြန်မာတစ်နိုင်ငံလုံး ပျက်စီးသွားဖို့ သေချာတယ်"

ဟု ပွင့်လင်းစွာပင် ပြန်ပြောခဲ့လေသည်။

"ဗြိတိသျှတို့နဲ့ ခင်ဗျား ဆက်သွယ်တာဟာ ဘယ်လိုစည်းကမ်းချက်မျိုးတွေနဲ့လဲ မသိရဘူးလား"

'တာကာဟာရှိ' က ဆက်မေးသောအခါတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းက

"ရှင်းရှင်းကတော့... ကျုပ်တို့ရဲ့ ရည်မှန်းချက်က မြန်မာပြည်အတွက် လုံးဝလွတ်လပ် ရေးရရှိဖို့ပဲ၊ ဒါပေမဲ့ အဲဒီအဆင့်မျိုးချက်ချင်းမရနိုင်ရင် ကိုယ်ပိုင် အုပ်ချုပ်ရေးရှိတဲ့ 'ဒိုမီနီယံ' နိုင်ငံအဆင့်မျိုးလိုချင်တယ်၊ ဒါကိုဖြစ်အောင် အခုကျုပ်တို့ စေ့စပ်

mgyee.com

 mgyoe.com


ဆွေးနွေးကြတုန်းပဲ၊ အဲဒီ လုံးဝလွတ်လပ်ရေး သို့မဟုတ် ဒိုမိနီယံ အဆင့်မျိုးမှ မရနိုင်ရင်တော့ ကျုပ်တို့က ဗြိတိသျှကိုလည်း အပြတ်အသတ် ပြန်တိုက်မှာပဲ"

ဟု သူ၏ သဘောထားကို ဖွင့်ပြောခဲ့လေသည်။

*

၁၉၄၅ ခုနှစ် စစ်ပြီး၍ ဂျပန်တို့ လက်နက်ချပြီးခါစအချိန်တွင် မော်လမြိုင်မြို့သို့ ရောက်ရှိနေသော ဗမာ့တပ်မတော် အကြံပေးအရာရှိတစ်ဦးဖြစ်သူ (ယခင် 'မီနာမိကီကန်' အဖွဲ့ဝင်) ကပ္ပတိန်(ဗိုလ်ကြီး) အီဇူမီးယားထံသို့လည်း ဗိုလ်ချုပ်အောင်ဆန်းက စာတစ်စောင် ရေးသားခဲ့ရာ ဗိုလ်ချုပ်၏ စာမှာအောက်ပါအတိုင်းဖြစ်လေသည်။

"ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ဖို့အတွက် ကျွန်တော်တို့ဟာ ဗြိတိသျှနဲ့ ပူးပေါင်းခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ 'မီနာမိကီကန်'က ဂျပန်မိတ်ဆွေရဲဘော်တွေကိုတော့ လေးစားခင်မင်လျက်ပင် ရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်အရေးဟာ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးအရေးဆိုမှု အခြေအနေပေါ်တည်ပါလိမ့်မယ်။ ဒါကြောင့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော်တို့ဟာ ဂျပန်ရဲ့အကူအညီ မလိုဘူးလို့လည်း မဆိုနိုင်ပါ"

ကပ္ပတိန် အီဇူမီးယားသည် အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း၏ စာကို မိတ်ဆွေအရာရှိများအား ဖတ်ပြရင်း

"ကျုပ်တို့အနေနဲ့ စစ်ပွဲမှာ အရေးနိမ့်သွားပြီဖြစ်သော်လည်း မြန်မာပြည်အပေါ် ကျုပ်တို့လူစုက ထားရှိခဲ့တဲ့ စေတနာကတော့ မြန်မာလူမျိုးတွေရဲ့ နှလုံးသားထဲမှာ အမြဲထာဝစဉ် ကိန်းအောင်းတည်ရှိနေပါလိမ့်မယ်"

ဟု ဂုဏ်ယူစွာ ပြောခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ... ဗိုလ်ချုပ်အောင်ဆန်း၏ မျိုးချစ်ဗမာ့တပ်မတော်က ဂျပန်အား အတိအလင်း တော်လှန်ပုန်ကန်လိုက်သည့် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှ စစ်ပြီးဆုံးသည့် ဩဂုတ်လကုန်အထိ ကာလတွင် ဂျပန်စစ်တပ်များသည် မြန်မာတို့၏ တိုက်ခိုက်ခြင်းကို တောက်လျှောက်ခံခဲ့ရလေသည်။ တစ်ချိန်က ဂျပန်စစ်တပ်များအဖို့ အချိန်မရွေးပူးပေါင်းကူညီမှုရနိုင်သော မြန်မာကျေးရွာများသည် နောက်ပိုင်းတွင် ဂျပန်တို့အား ထောင်ချောက်ဆင် ဖမ်းဆီးတိုက်ခိုက်ရာ နေရာများဖြစ်လာတော့သည်။

စစ်သတင်းထောက်လှမ်း ရရှိရန်ကလည်း မြန်မာတို့၏ ကူညီမှုမရရှိတော့သဖြင့်

mgyoe.com

mgyoe.com


အလွန်ခက်ခဲလာသည်။

များမကြာမီ ရန်ကုန်မြို့ကြီး ကျသွားလေရာ မျိုးချစ်ဗမာ့တပ်မတော် အရာရှိများ အနေဖြင့် ဂျပန်အား တော်လှန်ရန် မိမိတို့၏ ဆုံးဖြတ်ချက်သည် မှန်ကန်လေခြင်းဟု ဆင်ခြင်သုံးသပ်မိကြလေသည်။

* * *

mgyoe.com

mgyoe.com

# အခန်း ၂
# ရန်ကုန်မြို့တော်ကျဆုံးခြင်းနှင့် ဂယက်ရိုက်မှုများ

ဆေးဂုံမြို့ရှိ တောင်ပိုင်းဒေသဆိုင်ရာ ဂျပန်တပ်ပေါင်းစု ဌာနချုပ်အနေဖြင့် ရန်ကုန်မြို့၏ ကံကြမ္မာက မည်သို့ဖြစ်သင့်သည်ကို ကြိုတင်တွက်ကိန်းချထားပြီးဖြစ်သည်။

သေနာပတိချုပ် ဖီးလ်မာရှယ်(ဗိုလ်ချုပ်မှူး) 'တေရာအူချိ' ကွပ်ကဲသော အဆိုပါစစ်ဌာနချုပ်မှ စစ်ဦးစီး အရာရှိများအနေဖြင့် ရန်ကုန်မြို့တော်ကို မည်သည့်နည်းနှင့်မှ ဗြိတိသျှတို့လက်သို့ ပြန်မကျရောက်အောင် နောက်ဆုံး စစ်သည်၊ နောက်ဆုံးကျည်ဆန် ကုန်သည်အထိ ရှုပ်ရှုပ်ချွံချွံ ခုခံကာကွယ်ရမည်ဟု ဆုံးဖြတ်ထားကြလေသည်။

အကယ်၍သာ ရန်ကုန်မြို့ကို ဗြိတိသျှတပ်များက ပြန်လည်သိမ်းပိုက်နိုင်ပြီဆိုလျှင် အရှေ့တောင်အာရှ ဒေသ၌ ဂျပန်တို့သိမ်းပိုက်ထားသော နယ်မြေများ ထိန်းသိမ်းကာကွယ်ရေးတွင် အကြီးအကျယ် 'ယိုပေါက်'၊ သို့မဟုတ် 'ဟာကွက်' ကြီးတစ်ခုဖြစ်သွားပေမည်။

လောလောဆယ် အခြေအနေအရလည်း ဆေးဂုံမြို့ရှိ ဂျပန်စစ်ဌာနချုပ်မှ ဂျပန်ပြည်နှင့် ရေကြောင်းဆက်သွယ်ရေးလမ်းကြောင်း ပြတ်နေပြီဖြစ်၏။

mgyoe.com

mgyoe.com


ဂျပန်ပြည် ဆိပ်ကမ်းမြို့များဖြစ်သော နာဂါဆာကီ၊ မိုဂျီ၊ အူဂျီနာ စသော မြို့များမှ သင်္ဘောများ အင်ဒိုချိုင်းနားဘက်သို့လာလျှင် အမေရိကန်ရေတပ်မှ ရေငုပ်သင်္ဘောများနှင့် ကောင်းကင်မှ အမေရိကန်စစ်လေယာဉ်များ၏ တရကြမ်း ပစ်ခတ်တိုက်ခိုက်မှုကို ခံနေရပြီဖြစ်ရာ ၁၉၄၅ ခုနှစ် နွေဦးရာသီသို့ ရောက်လတ်သော် ဆေးဂုံအပါအဝင် အရှေ့တောင်အာရှဒေသရှိ ဂျပန်စစ်စခန်းသို့ စားနပ်ရိက္ခာနှင့် စစ်လက်နက်ပစ္စည်းများ ဖြည့်တင်းပို့ပေးရေးမှာ မရှိသလောက် နည်းပါးနေပြီဖြစ်လေသည်။

ထိုအချိန်၌ ဗြိတိသျှရေတပ်ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်ကွပ်ကဲသော အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု ဌာနချုပ်ကလည်း စင်ကာပူနှင့် မာလာယုကို ဂျပန်တို့လက်မှ ပြန်လည်သိမ်းပိုက်ရန်အတွက် အကြီးအကျယ်ထိုးစစ်ပြင်ဆင်နေပြီဖြစ်ရာ ယင်းထိုးစစ်၏ ပဏာမခြေလှမ်းအဖြစ် ရန်ကုန်မြို့ကို တိုက်ခိုက်သိမ်းပိုက်ရန် လိုအပ်နေပေသည်။ သို့မှသာ ထိုင်းနိုင်ငံနှင့် မာလာယုဘက်သို့ ဆက်လက်ထိုးစစ်ဆင်ရန်အတွက် ရေကြောင်း၊ လေကြောင်းတို့မှ ကူညီကာကွယ်ထောက်ပံ့မှုများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဗြိတိသျှတို့ဘက်မှ အမြင်တွင် ရန်ကုန်မြို့ကို မုတ်သုံရာသီမဝင်မီ (မေလ ပထမအပတ် နောက်ဆုံးထား၍) တိုက်ခိုက်သိမ်းပိုက်ရန်မှာ မလုပ်လျှင် မဖြစ်သောခြေလှမ်းတစ်ခုပင် ဖြစ်သည်။

ဗြိတိသျှတပ်များအနေဖြင့် မိတ္ထီလာမြို့မှ တောင်ဘက်သို့ ချီတက်ရာတွင် အခက်အခဲမရှိလှချေ။

အမှတ် ၁၇ ဗြိတိသျှ(အိန္ဒိယ) ဒီဗီဇံတပ်မကြီးဆိုလျှင် ရန်ကုန်မြို့မှ မြောက်ဘက်မိုင် ၆၀ ခန့်အကွာ ဒိုက်ဦးမြို့သို့ ရောက်နေပြီဖြစ်သည်။ ထိုမှတစ်ဆင့် ယင်း တပ်မကြီးသည် ပဲခူးမြို့ဆီသို့ ဆက်လက် ထိုးစစ်ဆင်လေသည်။

ပဲခူးမြို့မှာ ရန်ကုန်–မန္တလေးကားလမ်းတွင် တည်ရှိသည့်ပြင် အရှေ့ဘက်စစ်တောင်းမြစ်မှတစ်ဆင့် တနင်္သာရီတိုင်းဘက်သို့ သွားသည့်လမ်းနှင့် ဆုံရာလည်းဖြစ်သည်။

အကယ်၍ ဗြိတိသျှတို့က ပဲခူးလမ်းဆုံကို စီးမိထားပြီဆိုလျှင် ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ကျန်ရှိသော ဂျပန်တပ်များအဖို့ ပြေးပေါက်ပိတ်နေမည်ဖြစ်သည်။

ယင်းအချက်ကို ဂျပန်တို့ကလည်း တွက်မိသဖြင့် ရန်ကုန်မှ မြို့စောင့်တပ် အပါ

mgyoe.com

mgyoe.com

အဝင် ဂျပန် ရေတပ်စခန်းများမှ ရေတပ်သားများ၊ ဂျပန် ကုန်သည်များနှင့် အရပ်သားများ စုပေါင်းပါဝင်သော တပ်ဖွဲ့က ပဲခူးမြို့ကို အစွမ်းကုန်ခုခံ ကာကွယ်တိုက်ခိုက်ခဲ့လေသည်။

သို့ရာတွင် ၁၉၄၅ ခု၊ မေလ ၁ ရက်နေ့တွင် ဗိုလ်ချုပ် 'ကိုဝမ်' ကွပ်ကဲသော အမှတ် ၁၇ ဒီဝိဇံတပ်မကြီးက ပဲခူးမြို့ကို ဝင်စီးမိလေသည်။

အတိတ်ကို ပြန်ဆောင်သော် ၁၉၄၂ ခုနှစ်က အမှတ် ၁၇ တပ်မကြီးသည် ဂျပန်တို့နှင့် တိုက်ခိုက်ခဲ့ရာ၌ မရှုမလှ အရေးနိမ့်ခဲ့ရသည်မှာ ဤပဲခူးမြို့တွင်ပင်ဖြစ်၏။ ထို့ကြောင့် ယင်း တပ်မကြီးမှ စစ်သည်တို့၏ စိတ်ဓာတ်မှာ အတိတ်အဖြစ်ကို ပြန်လည်ကလဲ့စား ချေလိုသည့်ဆန္ဒ ပြင်းပြလျက် ယခု ၁၉၄၅ ခုနှစ်တွင် ပဲခူးမြို့ကို သဲသဲမဲမဲ တိုက်ကြခြင်း ဖြစ်တန်ရာသည်။

ပဲခူးမှတစ်ဆင့် ဗြိတိသျှ အမှတ် ၁၇ တပ်မကြီး၏ တပ်မှူးကြီး ဗိုလ်ချုပ် 'ကိုဝမ်' ကပင် ဦးစီးလျက် ရန်ကုန်မြို့တော်သို့ ဆက်လက်ချီတက်ရန်သာ ရှိတော့ချိန်တွင် မိုးရာသီ ကျရောက်လာသဖြင့် ဆုတ်ဆိုင်းသွားရပြန်လေသည်။

၁၉၄၅ ခုနှစ်က မုတ်သုံရာသီသည် အောက်မြန်မာပြည်သို့ မေလ ၁ ရက်နေ့တွင် စတင် ဝင်ရောက်ခဲ့လေသည်။

ပဲခူးမြို့ ဒေသတစ်ဝိုက်မှာ အလွန်မိုးများသဖြင့် အလွန် စွတ်စိုထိုင်းမှိုင်းကာ သွားလာ လှုပ်ရှားမှုအတွက် အခက်အခဲများ ဖြစ်လာလေသည်။ အထူးသဖြင့် ယာယီ ဆောက်လုပ်ထားသော လေဆိပ်များသည် မိုးသည်းထန်စွာ ရွာမှုကြောင့် အသုံးမပြုနိုင်သည့် အခြေအနေမျိုး ဖြစ်လာလေရာ ဗြိတိသျှ အမှတ် ၁၅ စစ်တပ်ကြီး၏ ရှေ့တန်းတပ်ဦး ဖြစ်သော အမှတ် ၁၇ ဒီဝိဇံတပ်မကြီးအတွက် စားနပ်ရိက္ခာ၊ ဓာတ်ဆီနှင့် လက်နက် ခဲယမ်းများ အဆက်မပြတ် ပေးပို့ဖြည့်တင်းရေးမှာလည်း ခက်ခဲလာတော့သည်။

အမှတ် ၁၄ စစ်တပ်ကြီး၏ သေနာပတိ ဗိုလ်ချုပ်ကြီး ဆလင်းသည် ရန်ကုန်မြို့ကို အမှတ် ၁၇ ဒီဝိဇံ တပ်မကြီးဖြင့် ဝင်ရောက်သိမ်းပိုက်ရန် ရည်ရွယ်ခဲ့လင့်ကစား ရာသီဥတု အခြေအနေအရ မဖြစ်နိုင်တော့သည့်အဆုံး၌ ၁၉၄၅ ခု၊ မေလ ၂ ရက်နေ့တွင် အမှတ် ၁၅ စစ်တပ်ဖြင့် ရေကြောင်းမှ ရန်ကုန်မြို့ကို တက်သိမ်းရန် ဆုံးဖြတ်လိုက်လေသည်။

ဤနည်းဖြင့် ရန်ကုန်မြို့တော်အား သိမ်းပိုက်ခဲ့ရလေရာ ထိုအချိန်၌ အမှတ် ၁၇

mgyoe.com

mgyoe.com


ဒီဝိဇ်တပ်မကြီးမှ စစ်သည်များမှာ ရာသီဥတုဆိုးရွားမှုအဟန့်အတားကြောင့် မြို့တော်၏ မြောက်ဘက် မိုင် ၄၀ သာသာနေရာတွင် ရောက်ရှိနေကြလေသည်။

စစ်ရေး ရှုထောင့်သက်သက်ဖြင့်ကြည့်သော် ဗြိတိသျှတပ်များဝင်ရောက် သိမ်းပိုက်ချိန်၌ ရန်ကုန်မြို့မှာ ဘာမှ မရှိတော့သော ဗလာမြို့တစ်မြို့ ဖြစ်နေလေသည်။ သံလျက်စွန်း၌ လေထီးဖြင့် ဆင်းသော အမှတ် ၈၀ လေထီးတပ်မှ ဂေါ်ရခါး စစ်သည်တို့အား ဂျပန်အနည်းငယ်ကသာ မဖြစ်စလောက် ခုခံခဲ့လေသည်။

ထိုအချိန်၌ပင် ဗြိတိသျှလေတပ်မှ လေယာဉ်မှူး တစ်ဦးသည် သူ၏ 'မော်စကီးတိုး' တိုက်လေယာဉ်ငယ်ဖြင့် မြို့ပေါ်မှပျံသန်းကြည့်ရာ ရန်ကုန်မြို့တွင်း၌ လှုသှုလှုပ်ရှားမှု မရှိသလောက် ဖြစ်နေကြောင်း သတိပြုမိလေသည်။

ဤတွင် လေယာဉ်မှူးလည်း ကိုယ်တိုင်ဆင်း၍ စုံစမ်းလိုသဖြင့် သူ၏ လေယာဉ်ကို မင်္ဂလာဒုံ၌ ထိုးဆင်းကာ ရန်ကုန်မြို့တွင်းသို့ ခြေကျင်လျှောက်ဝင်ခဲ့သည်ဆို၏။

ရန်ကုန်ထောင်ကြီးသို့ ရောက်သောအခါ ဗြိတိသျှစစ်သုံ့ပန်းများနှင့်တွေ့ပြီး ဂျပန်တပ်များ လုံးဝမရှိတော့ဘဲ ဆုတ်ခွာသွားပြီဖြစ်ကြောင်း သိရလေသည်။

ဤတွင် လေယာဉ်မှူးသည် ရန်ကုန်ဆိပ်ကမ်းမှ သမ္ဗန်တစ်စီးဖြင့် ပင်လယ်ဝဘက်ဆီသို့ စုန်ဆင်းပြီး ရေကြောင်းမှ ချီလာသော အမှတ် ၂၆ ဗြိတိသျှ (အိန္ဒိယ) တပ်မကြီးကို သွားကြိုခဲ့လေသည်။

အမှန်အားဖြင့် ရန်ကုန်မြို့ကြီးသည် ယခုလို ကျည်ဆန်တစ်တောင့်မှ မပစ်ဖောက်ရဘဲ မကျဆုံးသင့်ချေ။ သို့သော် ဤသို့ဖြစ်ခဲ့ရခြင်းမှာ ဗြိတိသျှ အမှတ် ၁၄ စစ်တပ်ကြီး၏ လျင်မြန်တက်ကြွစွာ တစ်ဟုန်ထိုး ထိုးစစ်ဆင်မှုကြောင့် တစ်ကြောင်း၊ ဂျပန်စစ်တပ်များ၏ သေနာပတိ ဗိုလ်ချုပ်ကြီး ကီမူရာ၏ သဘောထားကြောင့် တစ်ကြောင်း ဖြစ်ခဲ့ရသည်ဟု သုံးသပ်ရမည် ဖြစ်၏။

ဗိုလ်ချုပ်ကြီး 'ကီမူရာ' ဆိုသူက ခေသူမဟုတ်။ ဂျပန် ဝန်ကြီးချုပ် တိုဂျိုလက်ထက်က ဂျပန်အစိုးရအဖွဲ့တွင် ဒုတိယစစ်ဝန်ကြီးဖြစ်ခဲ့ဖူးပြီး ဂျပန်တို့ အိန္ဒိယပြည်သို့ ချင်းနင်း ဝင်ရောက်ရန် ကြိုးစားခဲ့သော 'အင်ဖာလ်တိုက်ပွဲ' အရေးနိမ့်ခဲ့ပြီးသည့် နောက်တွင် ကီမူရာသည် မြန်မာနိုင်ငံဒေသရှိ ဂျပန်တပ်များ၏ သေနာပတိအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရလေသည်။

အဆိုပါ 'အင်ဖာလ်တိုက်ပွဲ' တွင် ဂျပန်တို့ မရှုမလှအရေးနိမ့်ရခြင်းကြောင့် ဂျပန်အရာရှိကြီး အတော်များများကို အထက်အာဏာပိုင်တို့က မကျေနပ်၍အရေးယူခဲ့

mgyoe.com

mgyoe.com


လေသည်။ ၎င်းတို့ထဲတွင် စောစောပိုင်းက မြန်မာပြည်ရှိ ဂျပန်တပ်များ သေနာပတိ ဗိုလ်ချုပ်ကြီး ကာဝါဆောလည်း ပါဝင်ခဲ့သည်။

ဗိုလ်ချုပ်ကြီး ကီမူရာ အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ သေနာပတိတာဝန်ကို ယူလိုက်ရချိန်တွင် မြန်မာပြည်အလယ်ပိုင်းဒေသကို လေးဖက်လေးတန်မှ ထိုးစစ်ဆင်လာကုန်သော မဟာမိတ်တပ်များ ရန်မှ ခုခံကာကွယ်ရမည့် ပြဿနာနှင့် ရင်ဆိုင်နေရတော့သည်။

'ကီမူရာ'၏ အယူအဆမှာ ရန်ကုန်မြို့ကို သေသေကျေကျေ ခုခံကာကွယ်ခြင်းထက် တနင်္သာရီတိုင်းဘက်သို့ ဆုတ်ပြီးကြံ့ကြံ့ခံခြင်းက ပိုမိုထိရောက် အရေးပါလိမ့်မည် ဟူ၍ပင် ဖြစ်သည်။

ရန်ကုန်မြို့ကို အကျမခံဘဲ ခုခံနိုင်သည်ပဲ ထားဦး၊ ရိက္ခာ လက်နက်များဖြည့်တင်းရန် ခက်သည့်ပြင် မြို့၏မြောက်ဘက်မှ ရန်သူက တောက်လျှောက် ထိုးဖောက်ဝင်တိုက်နိုင်သည့် အန္တရာယ်ကလည်း ရှိနေပေသည်။

နိုင်ငံရေးအရ ရန်ကုန်မြို့တော် ကျမသွားရန် အရေးကြီးကြောင်းကိုလည်း ဗိုလ်ချုပ်ကြီးကီမူရာက ကောင်းစွာ နားလည်သဘောပေါက်ခဲ့လေသည်။ ရန်ကုန်မြို့သည် ဂျပန်တို့ 'လွတ်လပ်ရေး' ပေးထားသော လွတ်လပ်သောမြန်မာနိုင်ငံအစိုးရ ရုံးစိုက်ရာမြို့ဖြစ်သည့်ပြင် အိန္ဒိယခေါင်းဆောင် ဆူဘတ်စ် ချန္ဒရာဘို့စ်ခေါင်းဆောင်သော 'အိုင်အင် အေ' (အိန္ဒိယအမျိုးသား တပ်မတော်)၏ ဌာနချုပ်လည်း ဖြစ်လေသည်။

၁၉၄၅ ခုနှစ်၊ ဧပြီလသို့ရောက်၍ ဗြိတိသျှတပ်များ၏ ထိုးစစ်က တစ်နေ့တခြား ပြင်းထန်လာလေရာ ဂျပန်ထိပ်သီးစစ်အာဏာပိုင်များ အချင်းချင်း သဘောကွဲလွဲလာကြလေသည်။

ဗိုလ်ချုပ်ကြီး ကီမူရာ၏ စစ်ဦးစီးအဖွဲ့မှူး 'တာနာကာ' ဆိုလျှင် ရန်ကုန်မြို့ကို မည်သို့နည်းနှင့်မျှ ဗြိတိသျှတို့လက်မကျရောက်အောင် ခုခံကာကွယ်ရမည်ဟု ဇွတ်ပြောနေလေသည်။ လိုအပ်လျှင် ရန်ကုန်မြို့တွင် ရပ်ကွက်အလိုက်၊ လမ်းအလိုက် အနီးကပ်တိုက်ပွဲများ ဆင်၍ သေသေကျေကျေ တိုက်ရမည်ဟုဆို၏။

ယင်းအယူအဆကို မြန်မာဝန်ကြီးချုပ်(အဓိပတိ)ဒေါက်တာ ဘမော်က မနှစ်သက်ခဲ့ချေ။ သူ၏ အမြင်တွင် 'တာနာကာ' သည် ဂျပန်စစ်ဝါဒီတို့၏ အဆိုးဆုံးသော အမှတ်အသားလက္ခဏာတစ်ခုဟု မြင်မိလေသည်။ ၁၉၄၃ ခု၊ ဩဂုတ်လ ၁ ရက်နေ့က ကြေညာခဲ့သော 'မြန်မာ့လွတ်လပ်ရေး' သည် ဂျပန်စစ်တပ်၏ ကျေးဇူးကြောင့်

mgyoe.com

mgyoe.com


ရရှိခဲ့သည်မှန်သော်လည်း ယခု ဂျပန်တို့စစ်ရှုံး၍ ဆုတ်ခွာခါနီးတွင် မြန်မာနိုင်ငံသား တို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်ပြုန်းစေမည့် မြေလှန်မီးရှို့စနစ် အသုံးပြု ခြင်းကိုကား ဒေါက်တာဘမော်က မလိုလားနိုင်ချေ။

သို့သော် ဂျပန် စစ်ဦးစီးအဖွဲ့မှူး 'တာနာကာ' ကတော့ ခေါင်းမာစွာပင် ရှိလေ သည်။

"ကျုပ်တို့ ဂျပန်စစ်သည်အင်အားက အရှေ့တောင်အာရှမှာ လူဆယ်သိန်းကျော် ရှိတယ်၊ အဲဒီ စစ်သည်အင်အား တစ်ယောက်မကျန်ကို ဒီတိုက်ပွဲမှာ ခေါ်သုံးနိုင်တယ်"

ဤသို့ပင် 'တာနာကာ' က ဒေါက်တာဘမော်အား ကြွားသလို၊ ခြိမ်းခြောက်သလို ပြောခဲ့သည် ဆို၏။

ထိုအတောအတွင်း ရန်ကုန်မြို့မှ ဂျပန်စစ်ရုံးအချို့ကို ဘန်ကောက်မြို့သို့ ပြောင်း ရွှေ့သွားလေရာ ဂျပန်တပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားတော့မည့် အရိပ်လက္ခဏာ ကဲ့သို့ ဖြစ်လာသည်။ သို့ရာတွင် ယင်းကိစ္စကို မေးမြန်းစုံစမ်းကြည့်သောအခါ ဂျပန် အာဏာပိုင်တို့က ရုံးအချို့ဘန်ကောက်သို့ ပြောင်းရွှေ့ခြင်းမှာ ရုံးအုပ်ချုပ်မှု လုပ်ငန်း ပိုမိုပြေပြစ်ချောမောစေရန်သာ ဖြစ်ပါသည်ဟု အဖြေပေးခဲ့လေသည်။

တစ်နေ့တွင် မြန်မာဝန်ကြီးချုပ် ဒေါက်တာဘမော်ကိုယ်တိုင် ဂျပန်ဗိုလ်ချုပ်ကြီး 'ကီမူရာ' ထံသို့ သွားတွေ့ပြီး အကယ်၍ ဂျပန်တို့က ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး ထားသော ရွှေတိဂုံစေတီတော်အား စစ်စခန်းအဖြစ် အသုံးပြုပါမူ အရှေ့အာရှတစ်ခွင် ၌ ဂျပန်တို့၏ ဩဇာအကြီးအကျယ် ကျဆင်းသွားလိမ့်မည်ဟု သတိပေးပြောဆိုခဲ့ လေသည်။ ဂျပန် စစ်နာပတိ ဗိုလ်ချုပ်ကြီးကီမူရာသည် ဒေါက်တာဘမော်၏ အရေး ဆိုချက်ကို လက်ခံနားထောင်ပါသော်လည်း ကျေနပ်လောက်အောင် ကတိခံဝန်ချက် မပေးလိုက်ချေ။

(ဤကိစ္စ ပြောဆိုရခြင်းမှာ ဂျပန် စစ်ဦးစီးအဖွဲ့မှူး တာနာကာက ရွှေတိဂုံကုန်းတော်ကို မိုင်းဖုံးများ တပ်ဆင်ကာ ခံတပ်သဖွယ် အသုံးပြု ရန်စိတ်ကူးခဲ့သောကြောင့်ပင်ဖြစ်၏)

၁၉၄၄ ခုနှစ်က ဒေါက်တာဘမော်သည် ဂျပန်ရေဒီယိုမှ အသံလွှင့်ပြောကြားရန်နှင့် ဂျပန်နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံရန် တိုကျိုမြို့သို့ ဖိတ်ကြားခြင်းခံခဲ့ရလေ သည်။

ဂျပန်ပြည်၌ရှိစဉ် ဒေါက်တာဘမော်သည် ဝန်ကြီးချုပ် 'ကိုအီဆို'၊ စစ်ဦးစီးချုပ်

mgyoe.com

mgyoe.com


ဖီးလ်မာရှယ်(ဗိုလ်ချုပ်မှူး)ဆူဂီယာမာတို့နှင့်တွေ့ဆုံပြီး စစ်ရေးအခြေအနေက မည်သို့ပင်ရှိစေကာမူ ရန်ကုန်မြို့တော်ကို စစ်တလင်း မဖြစ်စေသင့်ကြောင်းနှင့် ဂျပန်တို့၏ မိတ်ဆွေ မြန်မာအုပ်ချုပ်ရေးပိုင်းမှ အရာရှိများအား ဗြိတိသျှတို့ လက်အောက်ကျရောက်အောင် စွန့်ပစ်မထားခဲ့သင့်ကြောင်း စသည်ဖြင့် ပြောကြားခဲ့လေသည်။

ထိုအခါ ဂျပန်စစ်ဦးစီးချုပ် 'ဆူဂီယာမာ' က ဂျပန်ပြည်အနေဖြင့် မိမိတို့အား ထောက်ခံခဲ့သူတို့အား စောင့်ရှောက်ပါသည်ဟု ပြန်ပြောခဲ့သည်ဆို၏။

သို့ရာတွင် 'ဆူဂီယာမာ'၏ နောက်ဆက်တွဲ ပြောပြချက်က ရှိပါသေးသည်။

သူက မြန်မာနိုင်ငံ၏ မြို့ကြီးပြကြီးများ (အထူးသဖြင့် ရွှေတိဂုံစေတီတော် ပတ်ဝန်းကျင်)၌ စစ်ပွဲမဖြစ်စေချင်သည့် ဒေါက်တာဘမော်၏ သဘောထားကို နားလည်ပါကြောင်း အစချီကာ

"ကျုပ်တို့က ခင်ဗျားတို့ရဲ့ မြို့ကြီးပြကြီးတွေ ထိခိုက်ပျက်စီးခြင်းမရှိအောင် တတ်နိုင်သလောက် ကြိုးစားမှာပဲ၊ ဒါပေမဲ့ ရန်သူက ကျုပ်တို့ဟာ ရန်ကုန်မြို့ကို ခုခံကာကွယ်ဖို့ မရည်ရွယ်တော့ကြောင်းကို (ဘယ်သူ့ဆီကပဲ သတင်းရသည်ဖြစ်စေ) တစ်စွန်းတစ်စ သိသွားမယ်ဆိုရင်တော့ ကျုပ်တို့က ဘာကြီးပဲဖြစ်ဖြစ် တွေ့ရာနေရာမှာ တရကြမ်း တိုက်ကြမှာပဲ"

ဟု ပြောခဲ့လေသည်။ တစ်နည်းအားဖြင့် ဂျပန်စစ်ဦးစီးချုပ် 'ဆူဂီယာမာ' က ဒေါက်တာဘမော်၏ အစိုးရအဖွဲ့ဝင် အချို့သည် ဗြိတိသျှတို့နှင့် လျှို့ဝှက်စွာဆက်သွယ်သတင်းပေးနေကြောင်းနှင့် ကိုယ်ထိလက်ရောက်သွားပူးပေါင်းရန် အခွင့်အရေးနှင့် အချိန်ကိုသာ စောင့်နေကြကြောင်းကို ဂျပန်အာဏာပိုင်တို့က ရိပ်မိထားပြီဟု သွယ်ဝိုက်၍ ပြောလိုက်ခြင်းပင်ဖြစ်လေသည်။

ရန်ကုန်မြို့ကြီး၏ အခြေအနေမှာ ၁၉၄၅ ခုနှစ် နွေဦးရာသီ၌ ဗြိတိသျှစစ်လေယာဉ်တို့၏ အဆက်မပြတ် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အကြီးအကျယ် ပျက်စီးလျက်ရှိနေပြီဖြစ်သည်။ မီးရထားဘူတာရုံကြီးဆိုလျှင် မရှိတော့သလောက် ပျက်စီးနေပြီး မြို့လယ်ရှိ အဆောက်အအုံ အတော်များများမှာလည်း ဗုံးဒဏ်ကြောင့် ပျက်စီးနေပြီဖြစ်လေသည်။

ဗြိတိသျှလေတပ်မှ လေယာဉ်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် မြို့တော်၏ ရေပေးရေးစနစ်မှာလည်း ပျက်စီးနေရာ ၁၉၄၅ ခုနှစ် မတ်လ ၂၂ ရက်နေ့မှစ၍ ရန်ကုန်မြို့တွင် ရေပြတ်နေခဲ့လေသည်။ လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးသည်ပင်လျှင် ဗုံး

mgyoe.com

mgyoe.com

ဒဏ်ကြောင့်ပျက်စီးခဲ့ပြီး တစ်မြို့လုံး လျှပ်စစ်မီးအလင်းရောင်မရှိဘဲ မှောင်မည်းနေခဲ့၏။

ရန်ကုန်မြို့၏ ဆိပ်ကမ်းတစ်လျှောက်တွင်လည်း ဆိပ်ကမ်းအဆောက်အအုံ ဗောတံတား ၆၀ ရာခိုင်နှုန်းခန့် ပျက်စီးယိုယွင်းလျက်ရှိလေသည်။

သို့ဖြစ်လင့်ကစား တောင်ပိုင်းဒေသဆိုင်ရာ ဂျပန်များ၏ စစ်ဌာနချုပ်အနေဖြင့် ရန်ကုန်မြို့ကို ဆက်လက်ကာကွယ်ရမည်ဟု ဆုံးဖြတ်ခဲ့လေသည်။

ထို့ကြောင့် ၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် တောင်ပိုင်းဒေသစစ်သေနာပတိချုပ် ဖီးလ်မာရှယ် 'တေရာအူချီ' က ဆေးဂုံမြို့မှနေ၍ ဗိုလ်ချုပ်ကြီးကီမူရာထံသို့ ရန်ကုန်မကျအောင် ဆက်လက်ခုခံ ကာကွယ်ရမည်ဟု ဝိုင်ယာလက်ကြေးနန်းဖြင့် ညွှန်ကြားလိုက်လေသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးကီမူရာက နောက်ပိုင်းတွင် ပြန်ပြောပြရာ၌

"ညွှန်ကြားချက် ကြေးနန်းရဲ့ စိတ်ဓာတ်ကိုတော့ ကျုပ်က ချီးကျူးလေးစားမိပါတယ်၊ ဒါပေမဲ့ တစ်ချိန်တည်းမှာ ကျုပ်အနေနဲ့ အလွန်အံ့ဩမိတာက တောင်ပိုင်းဒေသတပ်များ စစ်ဌာနချုပ်က စစ်ဦးစီးအရာရှိတွေဟာ တကယ့်အခြေအနေအမှန်ကို လုံးဝမသိကြောင်း ထင်ရှားလို့ပဲ ဖြစ်တယ်။ တကယ်ဆိုတော့ ဗြိတိသျှတပ်များရဲ့ ထိုးစစ်က အလွန့်အလွန် လျင်မြန်လွန်းနေတဲ့အတွက် ကျုပ်တို့ရဲ့ မြန်မာနိုင်ငံဒေသစစ်ဌာနချုပ်ဟာ ရန်ကုန်မြို့မှာ ချောင်ပိတ်မိပြီး အလိုလို အဆက်အသွယ်ပြတ်နေတဲ့ အဖြစ်မျိုးကို အရောက်မခံနိုင်ဘူး၊ တောင်ပိုင်းဒေသတပ်များရဲ့ ဌာနချုပ်ကတော့ ရန်ကုန်ကို ဗြိတိသျှတို့ ပြန်ရသွားရင် အဲဒီက အခြေခံစခန်းလုပ်ပြီး မာလာယုနဲ့ စင်ကာပူကို မီးကုန်ယမ်းကုန်တိုက်တော့မှာပဲဆိုတဲ့ စိုးရိမ်ချက်ကြောင့်သာ ရန်ကုန်ကိုလက်မလွှတ်စေရဘူးလို့ ဖွတ်မိုတ်အမိန့်ပေးခဲ့တာဖြစ်တယ်၊ ဒါကြောင့် ရန်ကုန်ကို စွန့်လွှတ်ဖို့ ကျုပ်ဆုံးဖြတ်ခဲ့တာဟာ မှန်ကန်တယ်"ဟု ပြောခဲ့လေသည်။

ဤကား ဗိုလ်ချုပ်ကြီး ကီမူရာ၏ အပြောသာဖြစ်သည်။ သူ၏လက်တွေ့လုပ်ရပ်ကတော့ တစ်မျိုးဖြစ်နေပြန်သည်။

၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် 'ကီမူရာ'က ဂျပန်တပ်များ ရန်ကုန်မြို့မှ ဆုတ်ခွာကြစေဟု အမိန့်ပေးပြီးနောက် သူကိုယ်တိုင်လည်း လေယာဉ်ဖြင့် မော်လမြိုင်မြို့သို့ ထွက်ခွာသွားခဲ့သည်။
mgyoe.com

ထူးဆန်းသည်ကား ဗိုလ်ချုပ်ကြီး ကီမူရာသည် မော်လမြိုင်ရောက်ရောက်ချင်းပင် သူ၏တပ်များအား ရန်ကုန်မြို့ကိုပြန်တိုက်ယူကြရမည်ဟု အမိန့်ထုတ်ပြန်ခဲ့ခြင်းပင် ဖြစ်လေသည်။

သာမန် စစ်သားတွေက အသေခံပြီး သဲသဲမဲမဲ တိုက်ခိုက်နေရချိန်တွင် သူတို့၏ သေနာပတိဗိုလ်ချုပ်ကြီးကီမူရာက မော်လမြိုင်သို့ လေယာဉ်ဖြင့် ထွက်ခွာသွားခြင်းကို လူငယ်စစ်သည် အားလုံးလိုလိုက မကျေမနပ်ဖြစ်ရုံမက ဖြောင်ဖွင့်၍ဝေဖန်ပြောဆို ခဲ့ကြလေသည်။

ဗိုလ်ချုပ်ကြီးနှင့် သူ၏စစ်ဦးစီးအရာရှိအချို့က လေယာဉ်နှင့်သွားပြီးနောက် ကျန် တပ်အချို့က ကုန်းကြောင်းခရီးဖြင့် မော်လမြိုင်သို့ ထွက်ခွာခဲ့ကြရာ စစ်တောင်းမြစ် ဝှမ်းတောင်ပိုင်းကို ကာကွယ်နေကြရသော အမှတ် ၁၈ ဒီဗီဇံတပ်မကြီးမှ စစ်သည်များ သည် ၎င်းတို့တာဝန်ကျနေရာများမှ ထွက်လာကာ မော်လမြိုင်ဘက်သို့ ဆုတ်ပြေး သည့် တပ်သားများအား ဒေါသထွက်ထွက်နှင့် ထိုးကြိတ်ခဲ့ကြသည်ဟု သိရပေသည်။

ဤနေရာတွင် 'အာအီဒါ' အမည်ရှိ သာမန်စစ်သားတစ်ဦး၏ အတွေ့အကြုံကို လည်း ဖော်ပြရပေဦးမည်။

'အာအီဒါ' သည် ယခု စစ်ပြီးခေတ်တွင် တိုကျိုတက္ကသိုလ်၌ ဥရောပသမိုင်း ပါမောက္ခဖြစ်နေလေပြီ။

၁၉၄၄ ခုနှစ်ဆန်းက (ရန်ကုန်မြို့ကြီး အေးချမ်းသာယာလျက်ရှိဆဲအချိန်) 'အာ အီဒါ' သည် သာမန်တပ်သားတစ်ဦးအနေဖြင့် တစ်နေ့ ရန်ကုန်မြို့ထဲ လမ်းလျှောက် သွားစဉ် အဝါရောင်အလံတပ်ဆင်ထားသော သူတို့ဗိုလ်ချုပ်ကြီး၏ ကားဖြတ်မောင်း လာသဖြင့် မြန်မာပြည်ရှိ ဂျပန်တပ်အားလုံးကို ဦးစီးကွပ်ကဲသူ သေနာပတိအား တစေ့ တစောင်းမြင်လိုသဖြင့် ကြိုးစားလှမ်းကြည့်ခဲ့မိသည်ဆို၏။

သို့ရာတွင် အဝါရောင် အလံကြီးနှင့် ဗိုလ်ချုပ်ကြီး၏ကားကအနီးသို့ရောက်၍ သေချာစွာကြည့်လိုက်သောအခါ ကားပေါ်၌ အလွန်အကျွံအရက်တွေမူးနေသူ မိန်းမ ပျက်နှင့်တူသည့် အမျိုးသမီးသုံးယောက်ပါသွားသည်ကိုသာ မြင်လိုက်ရ၏။

ဤတွင် တပ်သား 'အာအီဒါ' ၏ စိတ်ထဲ၌ ရန်ကုန်မြို့ရှိ ငါတို့၏ စစ်အရာရှိ ကြီးများနေထိုင်ပုံက သည်လိုပါတကားဟု စိတ်ပျက်သွားမိတော့သည်။

ထို့ကြောင့် ၁၉၄၅ ခုနှစ်ဆန်းက မြန်မာပြည်သို့ရောက်လာသော ဂျပန်အရာရှိ သစ်များကို ကြိုဆိုသည့်အခမ်းအနား၌ ဗိုလ်ချုပ်ကြီးကီမူရာ ပြောခဲ့သည့် မိန့်ခွန်းမှာ

mgyoe.com

mgyoe.com

'အာအီဒါ' အဖို့ အခိပ္ပာယ်မရှိ ဖြစ်နေ၏။

ကီမူရာက ထိုစဉ်က အောက်ပါအတိုင်း မိန့်ခွန်းပြောခဲ့သည်ဆို၏။

"မင်းတို့ဟာ အခုအချိန်အထိ အတော်ကလေး သက်သက်သာသာနေခဲ့ရတယ်၊ ဒါပေမဲ့ အခု ရှေ့တန်းစစ်မျက်နှာကို ရောက်လာပြီဆိုတော့ သက်သာလိမ့်မယ်မထင်ကြနဲ့၊ ခက်ခဲကြမ်းတမ်းတဲ့ဘဝကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေရမယ်၊ စိတ်ဓာတ်ခိုင်ခိုင်နဲ့ ယောကျ်ားပီပီ အသေခံဖို့လည်း အဆင်သင့်ရှိကြရမယ်"

တစ်ခါကလည်း 'အာအီဒါ' သည် နေထိုင်မကောင်း၍ စစ်ဆေးရုံတက်နေရစဉ် ညာဘက်လက်ပြတ်နေသော စစ်သားတစ်ဦးအား ဆေးမှူး (ဆရာဝန်)က ကောင်းစွာကျန်းမာ၍ ရှေ့တန်းစစ်မျက်နှာတွင်အမှုထမ်းရန် သင့်တော်သည်ဟု လက်မှတ်ရေးထိုးထုတ်ပေးလိုက်သောအခါ မယုံကြည်နိုင်လောက်အောင်ပင် အံ့ဩနေမိတော့သည်။

'အာအီဒါ' က ဤသို့ပြုမူခြင်းမှာ မသင့်တော်ကြောင်း ဝင်ပြောသောအခါ ဆေးမှူးလုပ်သူက ....

"ဒီမယ်ဟေ့....ဒီလူက ရိုင်ဖယ်သေနတ်ကို ကိုင်မပစ်နိုင်တာမှန်တယ်၊ ဒါပေမဲ့ သူက မြင်းတစ်ကောင်ရဲ့ ဇက်ကြိုးကိုတော့ ဆွဲသွားနိုင်တယ်၊ ရှေ့တန်းစစ်မျက်နှာမှာ လူတိုင်းရဲ့လုပ်အားလိုတယ်၊ ဒီလို ကောင်းကောင်းအသုံးမဝင်တဲ့ လူတွေကိုလည်း လိုတယ်၊ ငါတို့ရဲ့ဗိုလ်ချုပ်ကြီးက ဒီတိုင်း အမိန့်ထုတ်ထားတယ်ကွ"

ဟု ပြောခဲ့လေသည်။

အာအီဒါအနေဖြင့် မိမိတို့၏ ဗိုလ်ချုပ်ကြီးအပေါ် မည်မျှနာကြည်းခဲ့သနည်းဟူမူ သူကိုယ်တိုင်ရေးသားသော မှတ်တမ်းတစ်ခု၌ .....

"ရန်ကုန်မြို့အနီးသို့ ရန်သူတပ်များ ဝိုင်းရံလာသောအခါ ဗိုလ်ချုပ်ကြီးသည် ရှိသမျှ အရပ်သားများအားလုံးကို စစ်မှုထမ်းမလုပ်မနေရဟု အမိန့်ထုတ်လျက် မြို့စောင့်တပ်အဖြစ် ရန်ကုန်မြို့ကို ခုခံကာကွယ်ရန် အမိန့်ထုတ်ပြီးနောက် သူကိုယ်တိုင်ကမူ လေယာဉ်ဖြင့် မော်လမြိုင်သို့ တိမ်းရှောင်သွားခဲ့သည်။ ရန်ကုန်တွင် ကျန်ရစ်သော ဂျပန်အရပ်သားများ၊ သူနာပြုဆရာမများအားလုံးမှာ ဗြိတိသျှတပ်များ၏ သုတ်သင်ချေမှုန်းခြင်းကို ခံခဲ့ရရှာသည်။ ယင်းမြို့စောင့်တပ်အား ဗိုလ်ချုပ်ကြီးက ဩဝါဒပေးစဉ် 'အားလုံး ယောကျ်ားပီပီ သေဝံ့ကြရမယ်'ဟု ပြောခဲ့ရာ အမှန်အားဖြင့် ယင်းစကား၏နောက်တွင် 'မင်းတို့တိုက်ရင်း သေရစ်ကြ၊ ငါတော့ လေယာဉ်နဲ့ လွတ်ရာ

mgyoe.com

ရှောင်ပြေးတော့မယ်'ဟု ထည့်ပြောခဲ့ဖို့ ကောင်းလေသည်"

ဟု ရေးသားခဲ့ပေသည်။

ဂျပန် အမှတ် ၂၈ စစ်တပ်ကြီးမှ စစ်ဦးစီးအရာရှိတစ်ဦးကလည်း ....

"သေနာပတိ ဗိုလ်ချုပ်ကြီးကိုယ်တိုင်က ယင်းသို့ရှောင်ခွာထွက်သွားခြင်းမှာ ဂျပန်တပ်များ၏ မြန်မာပြည်တိုက်ပွဲသမိုင်းတွင် အလွန်အရုပ်ဆိုးသော၊ ရှက်ဖွယ်လည်းကောင်းလှသော ဖြစ်ရပ်တစ်ခုပင်တည်း။ အထူးသဖြင့် ဗိုလ်ချုပ်ကြီး ကိုယ်တိုင်က လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ခန့်ကပင် ဆေးဂုံမြို့ရှိ တောင်ပိုင်းဒေသတပ်များ စစ်ဌာနချုပ်သို့ သတင်းပို့အစီရင်ခံရာ၌ ရန်ကုန်မြို့ကို မည်သည့်နည်းနှင့်မှ လက်မလွှတ်ရအောင် ကာကွယ်ထိန်းသိမ်းထားပါမည်ဟု ကြွားဝင့်ခဲ့ပြီးမှ ယခုကဲ့သို့ သူကိုယ်တိုင်လွတ်ရာရှောင်ထွက်သွားခြင်းမှာ အလွန်အရုပ်ဆိုးခဲ့ပေသည်။ စင်စစ်အားဖြင့် ထိုအချိန်က ဂျပန်စစ်တပ်အနေဖြင့် ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသော ဂျပန်လူမျိုး အရပ်သားများ၊ သူနာပြုဆရာမများနှင့် အမျိုးသမီးများကို ပစ်ထားခဲ့ခြင်းမှာလည်း အလွန်တာဝန်မဲ့လှသည်ဟု ဆိုရပေမည်"

ဟု ဝေဖန်ခဲ့ပါသေးသည်။

ဗိုလ်ချုပ်ကြီးကိမူရာ ကိုယ်တိုင်က မော်လမြိုင်သို့ လေယာဉ်နှင့် ထွက်မပြေးမီ နှစ်ရက်ကပင် အမှတ် ၂၈ စစ်တပ်ကြီးက ပဲခူးရိုးမကို အခြေပြု၍ ပြောက်ကျားစစ်ဆင်ရေးကိစ္စကို ဗိုလ်ချုပ်ကြီး (လက်ဖတင်နင် ဂျင်နရယ်လ်) ဆာကူရိုင်းနှင့် ဆွေးနွေးကြစဉ်

"ဘာမှ မစိုးရိမ်ပါနဲ့၊ ကျုပ်တို့က တောင်ငူမြို့ မြောက်ဘက်ထက် ကျော်ပြီး ရန်သူတပ်တွေ ရှေ့တိုးမလာနိုင်အောင် မိုးရာသီကုန်တဲ့အချိန်အထိ မဖြစ်မနေထိန်းသိမ်းထားပါမယ်"

ဟု ပြောဆိုသေးသည် ဆို၏။

*

ဂျပန်တပ်များ ရန်ကုန်မြို့မှ ဆုတ်ခွာရန် ၁၉၄၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့က ဆုံးဖြတ်ခဲ့ကြကြောင်း သိရပေသည်။ သို့သော် တကယ်တမ်း ဆုတ်ခွာရန်အမိန့်က ဧပြီလ ၂၄ ရက်နေ့ကျမှ ထွက်လာခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှာ 'တာနာကာ' က ဗိုလ်ချုပ်ကြီး ကိမူရာအား ရန်ကုန်မှ စွန့်ခွာထွက်မသွားရန် ပြင်းပြင်းထန်ထန် အရေးဆိုရာမှ တစ်ယောက်တစ်ခွန်း စကားများ နေသောကြောင့် ဆုတ်ခွာရန် အမိန့်

mgyoe.com

mgyoe.com


သည် နှောင့်နှေး ကြန့်ကြာခဲ့ရပေသည်။

ဂျပန်တပ်များ ရန်ကုန်မြို့မှ တကယ်တမ်း ဆုတ်ခွာထွက်ကြသောအခါ စည်းကမ်း စနစ်ဟူ၍ မရှိတော့ဘဲ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ အခြေအနေမျိုး ဖြစ်ခဲ့ရသည်။

ဒေါက်တာဘမော် ခေါင်းဆောင်သော စစ်အတွင်း မြန်မာအစိုးရအဖွဲ့သည်လည်း ဂျပန်တို့နှင့်အတူ မော်လမြိုင်သို့ ဆုတ်ခွာပြောင်းရွှေ့ရမည်ဖြစ်ရာ ဂျပန်တို့က မြန်မာ အစိုးရ အဖွဲ့ဝင်များအတွက် မော်တော်ယာဉ်များပင် စီစဉ် မပေးခဲ့ချေ။

အရေးထဲ ဆူဘတ်စ်ချန္ဒရာဘို့စ် ခေါင်းဆောင်သော "လွတ်လပ်သော အိန္ဒိယပြည် ယာယီအစိုးရ" အဖွဲ့သည်လည်း မော်လမြိုင်သို့ ပြောင်းရွှေ့ရန် ရှိသဖြင့် ပြဿနာ ပိုမိုရှုပ်ထွေးလာခဲ့သေး၏။

အိန္ဒိယခေါင်းဆောင် 'ဆူဘတ်စ်ချန္ဒရာဘို့စ်' သည် သူ၏ 'အိုင် အင် အေ' ခေါ် အိန္ဒိယအမျိုးသားတပ်မတော်သားများအပေါ် အထူးသံယောဇဉ် ရှိခဲ့သူ ဖြစ်လေသည်။ ရန်ကုန်မှ မော်လမြိုင်သို့ ပြောင်းရွှေ့ကြရာတွင် လမ်းခရီးတစ်နေရာ၌ မစ္စတာ ဘို့စ် သည် မော်တော်ယာဉ်စီးရန် ငြင်းဆန်ပြီး သူ၏ရဲဘော်များနှင့်အတူ ပင်ပန်းခံ၍ ခြေကျင် လျှောက်ခဲ့သည်ဆို၏။ သူ၏ဆန္ဒ အမှန်က ရန်ကုန်တွင်ပင် စစ်ကြီးပြီးဆုံးသည်အထိ နေရစ်ရန်ပင်ဖြစ်သည်။ သို့သော် သူ၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အတင်းတိုက် တွန်းဖျောင်းဖျ၍သာ မော်လမြိုင်သို့ ထွက်ခွာခဲ့ခြင်းဖြစ်လေသည်။ အစီအစဉ်ကား ၎င်းတို့ အစိုးရအဖွဲ့ကို မော်လမြိုင်မြို့မှ တစ်ဆင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ဆက်လက်ပြောင်းရွှေ့သွားရန်ပင် ဖြစ်၏။

မစ္စတာဘို့စ် ခေါင်းဆောင်သော 'လွတ်လပ်သော အိန္ဒိယပြည် ယာယီအစိုးရ' လက်အောက်တွင် အမျိုးသမီး ရဲမေများ တပ်ဖွဲ့လည်း ရှိလေရာ ယခုလို စစ်ရေး အခြေအနေအရ ပြောင်းရွှေ့ဆုတ်ခွာရအံ့ဆဲဆဲ အချိန်တွင် ပို၍ပင် တာဝန်ကြီးလာလေ သည်။

သို့နှင့် 'ရန်နီကာ ဂျန်ဆီ' ခေါ် အိန္ဒိယအမျိုးသမီး တပ်ဖွဲ့မိန်းကလေးများသည် ဧပြီလ ၂၄ ရက်နေ့ ညနေပိုင်းတွင် မော်တော်ကား ခြောက်စီး၊ လော်ရီ ၁၅ စီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြလေသည်။

ထူးဆန်းသော အချက်တစ်ခုကား ရန်ကုန်မြို့တော်ကြီး စစ်ဒဏ်ကြောင့် မပျက်စီး ရေးအတွက် 'ဆူဘတ်စ် ချန္ဒရာဘို့စ်' က ဒေါက်တာဘမော်ထက်ပင် ပို၍ စိုးရိမ်ပူပန် ရခြင်းပင် ဖြစ်လေသည်။

mgyoe.com

 mgyoe.com 

ဂျပန်စစ်တပ်များ ရန်ကုန်မြို့မှ ဆုတ်ခွာထွက်သွားသည်နှင့် တစ်ပြိုင်နက် မသမာသူတို့၏ ခိုးဝှက် လုယက်မှုများ ဖြစ်တော့မည် သေချာသလောက်ဖြစ်ရာ မစ္စတာဘို့စ်သည် ရန်ကုန်မြို့တွင် အတော်များများ ရှိနေသော အိန္ဒိယ အမျိုးသားများအတွက် စိုးရိမ်မိလေသည်။ ထို့ကြောင့် သူသည် 'အိုင် အင် အေ' တပ်၏ တပ်မှူးတစ်ဦးဖြစ်သူ မေဂျာဂျင်နရယ်လ် (ဗိုလ်ချုပ်) လိုဒါနာသန်ဆိုသူအား စစ်သည်အင်အား ၅၀၀၀ နှင့် ရန်ကုန်မြို့တွင်နေရစ်ပြီး ဗြိတိသျှတပ်များ ဝင်လာသည်အထိ မြို့ကို စောင့်ရှောက်ရန် အမိန့်ပေးခဲ့လေသည်။

ဤသို့လျှင် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်သော ရန်ကုန်မြို့၌ ဂျပန်တို့၏ ကြီးစိုးမှုနှင့်တကွ ၎င်းတို့၏ ရုပ်သေးအစိုးရ အဖွဲ့နှစ်ဖွဲ့ (ဒေါက်တာဘမော်၏ မြန်မာအစိုးရနှင့် မစ္စတာဘို့စ်၏ ယာယီအိန္ဒိယ အစိုးရ) ၏ သက်တမ်းသည် ချုပ်ငြိမ်းခဲ့ရလေသည်။

ဂျပန် ဗိုလ်ချုပ်ကြီး ကီမူရာ ထွက်ခွာသွားချိန်နှင့် ဗြိတိသျှတပ်များ ဝင်ရောက်လာချိန် ကြားကာလ ၁၀ ရက်ခန့် 'လစ်' နေရာ ယင်း ၁၀ ရက်ကာလတွင် ရန်ကုန်မြို့တွင် မင်းမဲ့တိုင်းပြည်ဖြစ်ကာ လုယက်ခိုးဝှက်မှု ဖြစ်ခဲ့ရလေသည်။

ရှင်းရှင်း ဝေဖန်ရလျှင် ဂျပန်အာဏာပိုင်တို့သည် ရန်ကုန်မြို့သူ မြို့သားများအတွက် စာနာထောက်ထားမှု ကင်းမဲ့စွာ ပြုလုပ်ခဲ့ကြသည်ဟု ဆိုရပေမည်။

တစ်ဖက်တွင်မူ ဂျပန်စစ်တပ်အချို့အနေဖြင့် ၎င်းတို့၏ စစ်ဌာနချုပ်ကြီး ရန်ကုန်မြို့မှ စွန့်ခွာထွက်သွားကြကြောင်းကို ရုတ်တရက်မသိခဲ့ကြချေ။

ဆုတ်ပြေးခါနီးကျမှ ကပျာကယာ စုရုံးဖွဲ့စည်းခဲ့သော ရန်ကုန်ကာကွယ်ရေးတပ် (အမှတ် ၁၀၅ စုပေါင်း တပ်မဟာ)၏ တပ်မှူးကြီး မေဂျာဂျင်နရယ်လ် (ဗိုလ်ချုပ်) 'မာဆူအိ' ဆိုလျှင် ဗိုလ်ချုပ်ကြီး ကီမူရာ ဧပြီလ ၂၃ ရက်နေ့က လေယာဉ်ဖြင့် ထွက်ခွာသွားကြောင်းကို နောက်မှ သိရသည် ဆို၏။

ထို့ကြောင့် သူသည် ဧပြီလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ ဂျပန်အမျိုးသား (အရပ်သား)များအားလုံးကို စစ်မှုမထမ်းမနေရအမိန့်ဖြင့် စစ်ထဲခေါ်သွင်းစုရုံးခဲ့လေသည်။ ထိုအချိန်၌ ဂျပန်စစ်ဆေးရုံရှိ လူနာ ၅၀၀ ခန့်ကိုပါ စစ်မှုထမ်းရန် ဆင့်ခေါ်ရမည်ဖြစ်သော်လည်း လူနာများ၏ အခြေအနေက မည်သို့မှ စစ်မတိုက်နိုင်အောင် ဖြစ်နေသောကြောင့် ဗိုလ်ချုပ်မာဆူအိသည် ၎င်းတို့အား ရေကြောင်းမှ မော်လမြိုင်မြို့သို့ တင်ပို့လိုက်လေသည်။

စိတ်ဝင်စားဖွယ် ကောင်းသည်ကား ထိုနေ့ (ဧပြီ ၂၆) အထိ ဗိုလ်ချုပ်မာဆူအိက

mgyoe.com

mgyoe.com


ဗိုလ်ချုပ်ကြီး ကီမူရာ၏ စစ်ဌာနချုပ်တစ်ခုလုံး မော်လမြိုင်သို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်းကို မသိရသေးခြင်းပင်ဖြစ်၏။

ထိုသတင်းကို တကယ်တမ်းကြားရသောအခါ 'မာဆူအိ' သည် သူ၏မြို့စောင့်တပ်မှ တပ်စုတစ်စုကို ချက်ချင်း စစ်ဦးစီးဌာနချုပ်သို့ သွားရောက် စုံစမ်းကြည့်စေလေသည်။ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မှ မတွေ့ရတော့ဘဲ စာရွက်စာတမ်းတွေ ပြန့်ကျဲလျက်ရှိသော ရုံးအဆောက်အအုံကိုသာ တွေ့ရတော့သည်ဆို၏။ ယင်းသို့ ပစ်ထားခဲ့သော စာရွက်စာတမ်းများတွင် စစ်မြေပြင်၌ ရှုပ်ရှုပ်ချုံချုံ စွန့်စားခဲ့သူ စစ်သည်များအား သူရဲကောင်းဘွဲ့တံဆိပ် ချီးမြှင့်ရန် အဆိုပြုထားသည့်စာရင်းများကိုပါ နာကြည်းကြေကွဲဖွယ်ရာ တွေ့ရလေသည်။ ထို့ပြင် ရှေ့တန်းရောက်စစ်သည်များအတွက် ပို့ပေးရမည့် စီးကရက်သေတ္တာများကိုလည်း ပစ်ထားခဲ့ရာ စစ်ဌာနချုပ်မှလူများ ထွက်သွားချိန်တွင် အနီးအနားမှ 'တောကြောင်' များက ဝင်ရောက်ဖျက်ဆီးလုယက်သွားသဖြင့် ဘာမှ မကျန်တော့ချေ။

ယင်းအခြေအနေကို စုံစမ်းရန်သွားသော တပ်စုက ပြန်လည်သတင်းပို့အစီရင်ခံသောအခါ ဗိုလ်ချုပ် 'မာဆူအိ' သည် ပြင်းထန်စွာ ဒေါသထွက်မိလေတော့သည်။

သူသည် ရန်ကုန်မြို့စောင့်တပ်၏ တပ်မှူးကြီးဖြစ်ပါလျက် စစ်ဌာနချုပ်မှ လူများက မည်သို့မှအသိမပေးဘဲ 'လစ်' ထွက်သွားလေခြင်းဟုလည်း စိတ်ထဲမှ အကြီးအကျယ် မကျေမချမ်းဖြစ်မိလေသည်။

ထိုအချိန်၌ ရန်ကုန်ထောင်ကြီးအတွင်း၌ ဗြိတိသျှနှင့် မဟာမိတ်စစ်သုံ့ပန်းများထားရှိလေရာ ဗိုလ်ချုပ် 'မာဆူအိ' သည် ၎င်းတို့၏ ပြဿနာကိုပါ စဉ်းစားရလေသည်။

စစ်သုံ့ပန်းများကို ကြီးကြပ်အုပ်ချုပ်ရသူတာဝန်ခံအရာရှိမှာ ကပ္ပတိန်(ဗိုလ်ကြီး) 'ဆူမိဒါ' ဆိုသူဖြစ်လေသည်။ ဗိုလ်ချုပ် မာဆူအိလည်း 'ဆူမိဒါ' အားခေါ်ကာ စစ်သုံ့ပန်းထဲမှ ကျန်းမာရေးကောင်းမွန်သူ (လူ ၃၀၀ ခန့်ရှိသည်)များကို မော်လမြိုင်ဘက်သို့ ချီတက်စေ၍ ခေါ်သွားရန် ညွှန်ကြားလိုက်လေသည်။

သို့နှင့်ပင် စစ်သုံ့ပန်းများလည်း မော်လမြိုင်ဘက်သို့ ခြေကျင်ထွက်ခွာခဲ့ကြရာ ပဲခူးအရှေ့ဘက် ဆေါမြို့အရောက်တွင် မဟာမိတ်စစ်လေယာဉ်များ၏ တိုက်ခိုက်ခြင်းကို ခံရလေတော့သည်။

ဤတွင် ကပ္ပတိန်ဆူမိဒါလည်း ဗိုလ်ချုပ်မာဆူအိက လျှို့ဝှက်စွာပေးလိုက်သော အမိန့်အတိုင်း ဆောင်ရွက်လေတော့သည်။ ဗိုလ်ချုပ် 'မာဆူအိ' က လမ်းခရီး၌

mgyoe.com

အခြေအနေအရ လိုအပ်ခဲ့သော် စစ်သုံ့ပန်းများကို လွှတ်လိုက်ဟု ညွှန်ကြားထားသဖြင့် 'ဆူမီဒါ' သည် မဟာမိတ်စစ်လေယာဉ်များ၏ တိုက်ခိုက်ခြင်းခံရသည်တွင် စစ်သုံ့ပန်းများအား သွားလိုရာသွားကြတော့ဟု လွှတ်လိုက်လေတော့သည်။

ရန်ကုန်ထောင်ကြီး၌ ကျန်ရှိနေသော ကျန်းမာရေးအခြေအနေမကောင်းသူ သုံ့ပန်းများကိုလည်း ဗိုလ်ချုပ်မာဆူအီက ဧပြီလ ၂၉ ရက်နေ့တွင်

"နက်ဖြန် ဧပြီလ ၃၀ ရက်နေ့ကစပြီး ခင်ဗျားတို့အားလုံး လွတ်လပ်စွာ သွားလိုရာ သွားနိုင်ကြပါပြီ၊ ဗြိတိသျှနဲ့ အိန္ဒိယတပ်များဟာ မကြာခင် ရန်ကုန်ရောက်လာကြတော့မှာမို့ ခင်ဗျားတို့က စောင့်ချင်ရင် စောင့်နေနိုင်ပါတယ်၊ ဒီအတောအတွင်း ခင်ဗျားတို့အတွက် စားနပ်ရိက္ခာနဲ့ ဆေးဝါးများ အလုံအလောက်ကျုပ်တို့ထားခဲ့မယ်"

ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးသားလျက် ထောင်ဗူးဝတွင် စာတန်းကပ်ကာ အသိပေးခဲ့လေသည်။

ဤသို့လျှင် ဗြိတိသျှနှင့် အိန္ဒိယ စစ်သုံ့ပန်း ၁၄၁၀ တို့အတွက် သင့်တော်သော စီမံချက်များပြုလုပ်ပြီးသော် ဗိုလ်ချုပ်မာဆူအီသည် ရန်ကုန်မြို့ကို ခုခံတိုက်ခိုက်ရေးဘက်သို့ အာရုံစူးစိုက်ရပြန်လေသည်။

ဗြိတိသျှတပ်များက ရောက်မလာသေးသဖြင့် ပဲခူးမြို့မှနေပြီး ခံစစ်ပြုသော် ရန်ကုန်အဝင်နှောင့်နှေးလိမ့်မည်ဟု တွက်မိသဖြင့် ဗိုလ်ချုပ်မာဆူအီလည်း သူ၏ ရန်ကုန်ကာကွယ်ရေးတပ်များကို ပဲခူးသို့ချီစေ၍ ဗြိတိသျှတို့အား တိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။

ဂျပန်တပ်များ ရန်ကုန်မြို့မှ မထွက်ခွာမီ ဆိပ်ကမ်းမှ ဇောတံတားများ၊ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးရန် အမိန့်ထုတ်ပြန်ခဲ့သော်လည်း ဖောက်ခွဲရန် ယမ်းဘီလူးက ရှားပါးသဖြင့် မြို့ဆင်ခြေဖုံးရှိ တံတားတစ်ခုမှ တစ်စိတ်တစ်ဒေသကိုသာလျှင် ဖျက်ဆီးနိုင်ခဲ့လေသည်။

ထိုအတောအတွင်း ရန်ကုန်မြို့ရှိ ဂျပန်အမျိုးသမီးများနှင့် ကလေးသူငယ်အများစုကိုပြောင်းရွှေ့ ထွက်ခွာစေခဲ့ပြီးဖြစ်သော်လည်း နောက်ဆုံးအချိန်အထိ မိန်းမနှင့်ကလေး တစ်ရာခန့် ကျန်နေခဲ့လေသည်။

ထိုစဉ်က ရန်ကုန်တွင်ရှိနေသူ စစ်ဦးစီးအရာရှိကြီးတစ်ဦးဖြစ်သော ကာနယ်(ဗိုလ်မှူးကြီး)အာအိုကီက အဆိုပါ အမျိုးသမီးများနှင့် ကလေးများအား ရန်ကုန်မှဆုတ်ခွာထွက်သွားမည့် စစ်တပ်များနှင့်အတူ လိုက်ပါစေရန် စီစဉ်လေသည်။ သို့ရာတွင်

mgyoe.com

mgyoe.com


အမျိုးသမီးနှင့် ကလေးများအနေဖြင့် စစ်သည်များကဲ့သို့ လျင်မြန်သွက်လက်စွာ ခြေကျင်လျှောက်နိုင်ကြမည်မဟုတ်သဖြင့် အမှတ် ၇၃ စစ်ဆေးရုံမှ တာဝန်ခံ ကပ္ပတိန် 'ရှီရာဆာဝါ'သည် မြစ်ဆိပ်သို့ဆင်းပြီး ရေယာဉ်တစ်ခုခုရလိုရငြား ရှာဖွေရာ သစ်သားလှေကြီးတစ်စင်းသာ တွေ့ရပြီး ၎င်းလှေနှင့်ပင် မိန်းမနှင့် ကလေးများကို တင်ကာ မော်လမြိုင်သို့ သွားစေခဲ့လေသည်။ ၎င်းလှေပေါ်မှာပင် ကျဆုံးသော စစ်သည်တို့၏ အရိုးပြာများထည့်ထားသည့် သေတ္တာ ၄၀၀၀၀ ခန့်ကိုပါ တင်ပို့လိုက်သည်ဆို၏။

ထိုအချိန်က မုတ္တမပင်လယ်ကွေ့ကို ဖြတ်သန်းသွားလာသော ရေယာဉ်များအား မဟာမိတ်စစ်လေယာဉ်များက ကောင်းကင်မှ ပစ်ခတ်တိုက်ခိုက်လျက်ရှိသော်လည်း ကံအားလျော်စွာ ဂျပန်အမျိုးသမီးများ ပါသွားသောလှေကမူ လေယာဉ်များတိုက်ခိုက်ခြင်းမခံရဘဲ မော်လမြိုင်သို့ ချောမောစွာ ရောက်ရှိသွားလေသည်။ ယင်းအစီအစဉ်ကို ပြုလုပ်ပေးသူ ကပ္ပတိန် 'ရှီရာဆာဝါ' ကမူ လှေနှင့်မလိုက်ဘဲ မော်လမြိုင်သို့ ကုန်းကြောင်းခရီးဖြင့် သွားလေသည်။

အမှတ် ၂၈ စစ်တပ်ကြီး၏ သေနာပတိ ဒု–ဗိုလ်ချုပ်ကြီး (လက်ဖတင်နင်ဂျင်နရယ်လ်) 'ဆာကူရိုင်း–ရှိုဇို' သည် မြန်မာနိုင်ငံဒေသဆိုင်ရာ စစ်ဌာနချုပ်က ရန်ကုန်မှထွက်ခွာတော့မည့်သတင်းကို ကြားကြားချင်း သူ၏ စစ်ဌာနချုပ်မှ တယ်လီဖုန်းဆက်၍ မိမိတို့ အမှတ် ၂၈ စစ်တပ်ကြီး၏ အနာဂတ်လှုပ်ရှားမှုက မည်သို့ နည်းဟု လှမ်းမေးခဲ့သေးသည်ဆို၏။ ထိုအခါ စစ်ဌာနချုပ်က ယင်းကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီး 'ကီမူရာ' မော်လမြိုင်မြို့သို့ ရောက်ပြီးလျှင် ညွှန်ကြားမည်ဟုသာ ပြန်ကြားခဲ့လေသည်။

'ဆာကူရိုင်း–ရှိုဇို' အနေဖြင့် နဂိုက ဗိုလ်ချုပ်ကြီး 'ကီမူရာ' အပေါ် အထင်မကြီးခဲ့လေရာ ယခုတော့ လုံးဝအထင်သေးသွားလေတော့သည်။ 'ကီမူရာ' ကဲ့သို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျပန်တပ်များအားလုံး၏ သေနာပတိချုပ်လုပ်သူက ရှောင်တိမ်းထွက်ပြေးခြင်းသည် သာမန်စစ်သား လူထုအတွက် မည်မျှစိတ်ဓာတ်ကျဆင်းစေမည်ဟူ၍လည်း ဆာကူရိုင်းက ကောင်းစွာသိပြီးဖြစ်ပေသည်။

အမှန်အားဖြင့်လည်း ထိုစဉ်က ဂျပန်စစ်တပ်အသီးသီး၌ အကြီးအကဲအာဏာပိုင်တို့နှင့် ပတ်သက်၍ ကောလာဟလ သတင်းမျိုးစုံ ထွက်ပေါ်ပျံ့နှံ့နေခဲ့၏။

"စစ်ဌာနချုပ်က မော်လမြိုင်ကို ရွှေ့သွားပြီတဲ့"

ဤသို့ သတင်းပျံ့နှံ့သွားခြင်းသည် အမှတ် ၂၈ စစ်တပ်ကြီး၏ ဌာနချုပ်ပင်

mgyoe.com

ပြောင်းရွှေ့သွားသယောင် ထင်မှတ်နိုင်စရာရှိသောကြောင့် တောထဲတောင်ထဲမှ သာမန်စစ်သည် အများစုအဖို့ များစွာ စိတ်ဓာတ်ကျဖွယ်ရာ ဖြစ်နေလေသည်။

အရေးထဲ အမှတ် ၂၈ စစ်တပ်ကြီး၏ ရေရှည်တိုက်ပွဲအတွက် စားနပ်ရိက္ခာနှင့် လက်နက်ခဲယမ်းများ လုံလောက်စွာ သိုလှောင်ရေး ပြဿနာကလည်း ပေါ်နေပေသည်။

စစ်ဌာနချုပ်အနေဖြင့် မော်လမြိုင်သို့ ဆုတ်ခွာသွားခြင်းက လျင်မြန်လွန်းသဖြင့် မြောက်မြားစွာသော ရိက္ခာပစ္စည်းလက်နက်ခဲယမ်းများကို ရှိရင်းစွဲနေရာများတွင်ပင် စွန့်ပစ်ထားခဲ့ရခြင်းကလည်း ဆိုးပေသည်။

ယင်းအခြေအနေတွင် ဒု–ဗိုလ်ချုပ်ကြီး ဆာကူရိုင်း၏ ဆက်သွယ်ရေးအရာရှိသည် ဘာမှ မတတ်နိုင်သည့်အဆုံး၌ လော်ရီကားကြီး တစ်စီးပေါ်သို့ တင်နိုင်သမျှ လက်နက်ခဲယမ်းများ တင်ဆောင်ကာ ပဲခူးဘက်သို့ ထွက်ခဲ့လေသည်။ သူ၏ အကြံကား ရှိစုမဲ့စု ကားတစ်စီးဖြင့် စစ်ပစ္စည်းများကို အခေါက်ခေါက်အခါခါ သယ်ယူရန်ပင် ဖြစ်သည်။ သို့ရာတွင် နောက်တစ်နေ့ သူတစ်ခေါက်ပြန်သွားသောအခါ ဂျပန်စစ်ဌာနချုပ်မှ ရိက္ခာပစ္စည်း လက်နက်ခဲယမ်း အားလုံးကို မြန်မာလူမျိုးတို့က ယူဆောင်သွားသဖြင့် ဘာမှမကျန်တော့ကြောင်း တွေ့ရလေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဂျပန်စစ်ဌာနချုပ် ဆုတ်ခွာသွားချိန်နှင့် ဗြိတိသျှတပ်များ ဝင်မလာမီ စပ်ကူးမပ်ကူးကြားကာလ၌ ရန်ကုန်မြို့ကြီးမှာ တကယ့်မင်းမဲ့တိုင်းပြည်လို ဖြစ်နေခဲ့ပေသည်။

အထူးသဖြင့် လူမသမာ'တောကြောင်' တို့၏ လုယက်ဖျက်ဆီးမှုများကြောင့် ၁၉၄၅ ခု၊ မေလက ရန်ကုန်မြို့ကြီးမှာ ပျက်သုဉ်းလုဆဲ မြို့တော်ကြီးတစ်မြို့ဖြစ်နေခဲ့ပါသတည်း။

* * *

mgyoe.com

mgyoe.com

## အခန်း ၃
# မိတ်ဆွေများထံမှ အနည်းငယ် အကူအညီရခြင်း
### (အမှတ် ၂၈ စစ်တပ်ကြီး၏ ထိုးဖောက်မှုကို ကူညီခဲ့ပုံ)

ဗြိတိသျှနှင့် အိန္ဒိယစစ်သည်များ ပါဝင်သော အမှတ် ၁၄ စစ်တပ်ကြီးက ဂျပန်တပ်များအား နှစ်ခြမ်းကွဲသွားအောင် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည့် ၁၉၄၅ ခု၊ ဧပြီလကုန်လောက်တွင် ဂျပန်အမှတ် ၂၈ စစ်တပ်ကြီးက ရခိုင်နှင့် ဧရာဝတီမြစ်ဝှမ်းဒေသတွင် ကျန်ရှိပြီး အမှတ် ၁၅ နှင့် အမှတ် ၃၃ စစ်တပ်တို့က ရန်ကုန်–မန္တလေးလမ်းမကြီး၏ အရှေ့ဘက်တွင် ရောက်ရှိနေလေသည်။ တပ်အချို့က ရှမ်းပြည်မှတောင်ဘက်သို့ဆင်း၍ တနင်္သာရီဘက်သို့ ဆုတ်ခွာလျက်ရှိသည်။

ဂျပန်အမှတ် ၁၅ စစ်တပ်ဆိုလျှင် ချင်းတွင်းမြစ်ဝှမ်းနှင့် မဏိပူရတိုက်ပွဲများ၌မရှုမလှ အရေးနိမ့်ပြီး အစာ ရေစာ ငတ်မွတ်သူ၊ နာမကျန်းဖြစ်သူတွေက များခဲ့ခြင်းမှ မည်သို့မှ ပြန်နာလန်မထူနိုင်သည့် အခြေအနေမျိုး ဖြစ်နေလေသည်။

တစ်ဖန် အမှတ် ၃၃ စစ်တပ်ကလည်း စောစောက မြန်မာပြည် မြောက်ပိုင်းဒေသ၌ တရုတ်တပ်များ၏ ထိုးစစ်ကို ခုခံတိုက်ခိုက်နေရာမှ ဗြိတိသျှ အမှတ် ၄ စစ်တပ်ကြီး

mgyoe.com

mgyoe.com

၏ တရကြမ်း တိုက်ခိုက်မှုဒဏ်ကို မခံနိုင်ဘဲ တစ်မြို့မှတစ်မြို့ ဆက်တိုက် ဆုတ်ခွာခဲ့ရပြီး နောက်ဆုံးတွင် တောင်ငူမြို့အရှေ့ဘက်ရှိ တောတောင်များထဲသို့ ဝင်ပြေးခိုအောင်းနေရလေသည်။ တပ်အချို့ကဆိုလျှင် စစ်တောင်းမြစ်ဝှမ်း ရွှံ့နွံထူထပ်သောစိမ့်မြေများထဲသို့ ရောက်ရှိနေလေသည်။

ထိုအချိန်၌ ဗြိတိသျှ (အိန္ဒိယ) အမှတ် ၅ နှင့် ၁၇ ဒိဗိဇံတပ်မကြီးများသည် ရန်ကုန်–မန္တလေးလမ်းအတိုင်း ရန်ကုန်မြို့ဆီသို့ လျင်မြန်စွာ ချီတက်လျက် ရှိနေလေပြီ။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန် စစ်တပ်များ၏ စစ်ဦးစီးဌာနချုပ်သည် မော်လမြိုင်မြို့သို့ ရောက်ရှိ၍ ရုံးစိုက် အခြေကျသည်နှင့် တစ်ပြိုင်နက် မိမိ၏တပ်များ နေရာချထားရေးနှင့် ကွပ်ကဲရေး အစီအစဉ်များ စတင် ပြုလုပ်ခဲ့လေသည်။

စစ်ဦးစီးဌာနချုပ်အနေဖြင့် ရန်သူဝိုင်းရံခြင်း ခံနေရသော ဂျပန် အမှတ် ၂၈ စစ်တပ်ကြီးအား ကူညီကယ်တင်ရန်နှင့် ဗြိတိသျှတပ်များ ရန်ကုန်မှတစ်ဆင့် တနင်္သာရီဘက်သို့ ဆက်လက်ထိုးဖောက်ဝင်မလာအောင် ကာကွယ်တားဆီးရန် အရေးကြီးနေပေသည်။

ဗိုလ်ချုပ်ကြီး ကိမူရာသည် ရန်ကုန်မြို့ကို စွန့်လွှတ်ထွက်ခွာခဲ့ခြင်းကြောင့် ဆေးဂုံမြို့၏ တောင်ပိုင်းဒေသဆိုင်ရာ ဂျပန်တပ်များ၏ စစ်ဌာနချုပ်က မည်သို့သဘောထားသည်ကို ရိပ်မိသဖြင့် လောလောဆယ် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသကို အတတ်နိုင်ဆုံး ကြာရှည်စွာ ဆက်လက်သိမ်းပိုက်ထားရန် လိုအပ်ကြောင်းကိုလည်း သဘောပေါက်မိလေသည်။

မြန်မာပြည်၏ အရှေ့တောင်ဒေသကို ဤသို့ ဆက်လက်သိမ်းပိုက်ထားနိုင်မှသာ ဗြိတိသျှတို့က မာလာယု သို့မဟုတ် ထိုင်းနိုင်ငံသို့ ဆက်လက်ချီတက်တိုက်ခိုက်ခြင်းကို ကာကွယ်တားဆီးနိုင်မည် ဖြစ်ပေသည်။

အထူးသဖြင့် ၁၉၄၂ ခုနှစ်က ဂျပန် စစ်တပ်များ မြန်မာနိုင်ငံသို့ ချင်းနင်းဝင်ရောက်ခဲ့သည့်လမ်းများမှ ဗြိတိသျှတပ်များ ပြန်လည် ထိုးစစ်ဆင်လာမည်ကို စိုးရိမ်ရသောကြောင့်လည်း ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံရှိ ဂျပန်တပ်များအား စစ်ပစ္စည်းရိက္ခာများ ဖြည့်တင်းပေးရန် တစ်ခါက လမ်းကြောင်းဖြစ်သော ယိုးဒယားမြန်မာ မီးရထားလမ်းသည်လည်း စိုးရိမ်နေရပေသည်။

အဆိုပါ မီးရထားလမ်းကြီးကို ဖောက်လုပ်ရာတွင် မြောက်မြားစွာသော လူတို့၏

mgyoe.com

mgyoe.com


အသက်ကို မြှုပ်နှံ 'စတေး'ခဲ့ရသည်။ ဂျပန်တို့ကမူ အလွန်ခက်ခဲလှသော တောတောင် ရေမြေများကို ဖြတ်ကျော်ဖောက်လုပ်ထားခြင်းကြောင့် အလွန်တရာ ကြီးမားသော အင်ဂျင်နီယာ သိပ္ပံပညာဆိုင်ရာ အောင်မြင်မှုကြီးတစ်ရပ်ဟု ယူဆခဲ့ကြပေသည်။

အဆိုပါ ယိုးဒယား(ထိုင်း)– မြန်မာ မီးရထားလမ်းကြီးမှတစ်ဆင့် မြန်မာနိုင်ငံရှိ ဂျပန်တပ်များအတွက် စစ်လက်နက်ပစ္စည်းရိက္ခာများကို ၁၉၄၃ ခု၊ အောက်တိုဘာလမှ စ၍ ဖြည့်တင်းပေးနိုင်ခဲ့သည်ဖြစ်ရာ ဗိုလ်ချုပ်ကြီး 'ကီမူရာ' သည် ယင်း မီးရထား လမ်းကြီးကို ဖြစ်သည့်နည်းဖြင့် ဆက်လက် အသုံးပြုနိုင်အောင် ကြိုးစားရန် ဆုံးဖြတ် ခဲ့လေသည်။

တစ်ဖန် ဗြိတိသျှတို့က ရခိုင်ပြည်သို့ ရေကြောင်းမှ ချင်းနင်းဝင်ရောက်သလို တနင်္သာရီ ကမ်းရိုးတန်းတွင်လည်း အလားတူ ရေကြောင်းမှ ချီတက်လာနိုင်သည့် အန္တရာယ်က ရှိနေပြန်ပေသည်။

ထိုကြောင့် မော်လမြိုင်မှ ရေးမြို့သွား မီးရထားလမ်းနှင့် ယိုးဒယား–မြန်မာမီးရထား လမ်းဆုံရာ သံဖြူဇရပ်၌ ဂျပန်အမှတ် ၂၄ စုပေါင်း တပ်မဟာကို လုံခြုံရေးအတွက် တာဝန်ချထားလိုက်လေသည်။ ယင်း တပ်မဟာသည် ရေကြောင်းမှ ဗြိတိသျှတပ်များ တက်လာခြင်းကို ကာကွယ်တိုက်ခိုက်ရန်လည်း တာဝန်ရှိပေသည်။

သို့ရာတွင် ရန်သူ ဗြိတိသျှတို့က အလုံးအရင်းနှင့် ထိုးစစ်ဆင်လာခဲ့သော် 'ဘရီ ဂိတ်'(တပ်မဟာ) တစ်ခုတည်းဖြင့် ကာကွယ်ရန် မဖြစ်နိုင်ကြောင်းကိုလည်း 'ကီမူရာ' က တွက်ထားပြီး ဖြစ်သည်။ ထိုကြောင့် သူသည် ဂျပန်အမှတ် ၃၃ ဒီဗီဇံတပ်မကြီးကို မော်လမြိုင်မြို့တွင် ဌာနချုပ်စခန်း ပြုလုပ်ပြီး တောင်ဘက် မုဒုံဘက်သွားလမ်းကို ကာကွယ်စောင့်ရှောက်ကာ အမှတ် ၂၄ တပ်မဟာကို အထောက်အကူပြုရမည်ဟု အမိန့်ထုတ်ပြန်ခဲ့လေသည်။ ထို့ပြင် မော်လမြိုင်မှ ကော့ကရိတ်ကိုဖြတ်၍ ယိုးဒယား ဘက်သွားသည့်လမ်းကိုလည်း အမှတ် ၃၁ ဒီဗီဇံတပ်မကြီးက ကာကွယ်ရန် တာဝန် ချထားလိုက်၏။

တစ်ဖန် မြောက်ဘက်စစ်တောင်းမြစ်ဝှမ်းဒေသတွင် အမှတ် ၅၃၊ ၁၈ နှင့် ၄၉ တပ်မကြီးများက နေရာယူထားကြပြီး အမှတ် ၂၈ စစ်တပ်ကြီး ပဲခူးရိုးမမှ ဖောက်ထွက် ချိန်တွင် တရကြမ်း ပစ်ခတ်တိုက်ရန် အထောက်အကူပြုပေးရန်လည်း စီစဉ်ထားလေ သည်။

ဤကား မြန်မာနိုင်ငံ တောင်ပိုင်းမှ အခြေအနေပင်ဖြစ်ရာ မြောက်ဘက်ရှိ အခြေ

mgyoe.com

mgyoe.com


အနေကိုလည်း လေ့လာရန် လိုပေလိမ့်မည်။

ရန်ကုန်–မန္တလေး လမ်းမကြီးမှ ထောင့်မှန် (ဒီဂရီ ၉၀) ခန့်ရှိသော လမ်းတစ်လမ်းသည် မိတ္ထီလာမှ သာစည်ကို ဖြတ်လျက် ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးမြို့သို့ ပေါက်လေသည်။ ထိုလမ်းအတိုင်း အရှေ့စူးစူးသို့ ဆက်သွားသော် လမ်းနှစ်ခွရှိလျက် တစ်လမ်းက မြောက်ဘက်တရုတ်နယ်စပ်သို့ရောက်ပြီး ကျန်လမ်းတစ်လမ်းက တောင်ဘက် သံလွင်မြစ်ဘက်ဆီသို့ ပေါက်လေသည်။

တစ်ဖန် တောင်ငူမှ အရှေ့ဘက်သို့သွားသည့် လမ်းတစ်လမ်းလည်းရှိသေးလျက် ယင်းလမ်းအတိုင်း လိုက်သွားပါက မော်ချီးသတ္တုတွင်းသို့ရောက်ပြီး 'ခဲမဖြူ' ဒေသကို ဖြတ်သွားသော် ထိုင်းနိုင်ငံမြောက်ပိုင်း ဇင်းမယ်မြို့သို့ ရောက်နိုင်သည်။

အဆိုပါ တောင်ငူအရှေ့ဘက်ဒေသ 'မော်ချီး' မိုင်းသွားလမ်းကို ပိတ်ဆို့ကာကွယ်ရန်အတွက် 'အိုတိုရီ–ရှူဒန်' ခေါ် တပ်ဖွဲ့သစ်တစ်ခုဖွဲ့စည်း၍ ချထားလေသည်။

အဆိုပါတပ်ဖွဲ့မှာ အမှတ် ၅၆ ဒီဝီဇံတပ်မကြီးနှင့် အမှတ် ၁၅ စစ်တပ်မှ စစ်သည်အကြွင်းအကျန်များအပြင် အမှတ် ၁၅ တပ်မကြီးတို့ပါဝင်လျက် ၎င်းတို့၏တာဝန်မှာ တောင်ငူတွင် အခြေစိုက်ပြီး အရှေ့ဘက်သို့ ထိုးစစ်ဆင်ရန် ကြိုးစားနေသော အိန္ဒိယအမှတ် ၁၉ ဒီဝီဇံတပ်မကြီးကို ရှေ့သို့တိုးမလာနိုင်အောင် ကာကွယ်တားဆီးရန်ပင်ဖြစ်လေသည်။

ယင်းသို့ 'အိုတိုရီ–ရှူဒန်' အထူးတပ်ဖွဲ့၊ သို့မဟုတ် စစ်တပ်အုပ်စု(Army Group) ဖွဲ့စည်းခြင်းမှာ အမှတ် ၁၅ စစ်တပ် ဒီဝီဇံတပ်မကြီး ၁၅ တို့ကို ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့စေရန် ဆုံးဖြတ်ထားပြီးဖြစ်၍ အဓိပ္ပာယ်မရှိသလို ဖြစ်နေပေသည်။ သို့ရာတွင် အလားတူစစ်တပ်များ ရှောင်တခင် ပြောင်းရွှေ့နေရာချထားခြင်းမှာ အထူးအဆန်း မဟုတ်ချေ။

ဥပမာ မြစ်ဝကျွန်းပေါ်ဒေသတွင် တိုက်ပွဲများ ပြင်းထန်နေဆဲကာလက ဂျပန်အမှတ် ၂ ဒီဝီဇံတပ်မကြီးကို အင်ဒိုချိုင်းနားသို့ ပြောင်းရွှေ့စေခဲ့ဖူး၏။ အကြောင်းကတော့ ထိုစဉ်က (၁၉၄၅၊ မတ်လ ၉ ရက်နေ့)ပြင်သစ် အင်ဒိုချိုင်းနား၏ အုပ်ချုပ်ရေးကို ဂျပန်တို့က ပြင်သစ်တို့ထံမှ သိမ်းယူမည့်ဆဲဆဲဖြစ်နေသောကြောင့်ပင်တည်း။

ယင်းသို့ ပြုလုပ်ရခြင်းမှာလည်း ဂျပန်တို့ စစ်ရေးမလှဖြစ်ချိန်တွင် အရှေ့တောင်အာရှဒေသ၌ ဂျပန်တို့၏ ခြေကုပ်လုံးလုံးမပြတ်ရန်အတွက်ပင်ဖြစ်သည်။

တစ်ဖန် အမှတ် ၅၅ ဒီဝီဇံတပ်မကြီးကိုလည်း ရန်ကုန်–မန္တလေးလမ်းမကြီးတွင်

mgyoe.com

mgyoe.com

ဗြိတိသျှ အမှတ် ၄ စစ်တပ်ကြီး၏ ထိုးစစ်ကို ခုခံရာ၌ မအောင်မြင်ခဲ့ပြီးနောက် ပြင်သစ် အင်ဒိုချိုင်းနားသို့ပင် ပြောင်းရွှေ့ပို့လိုက်ပြန်လေသည်။

(အင်ဒိုချိုင်းနားဆိုသည်မှာ တစ်ချိန်က ပြင်သစ် ကိုလိုနီများဖြစ်ပြီး ယခု ဗီယက်နမ်၊ လောနှင့် ကမ္ဘောဒီးယားနိုင်ငံများပင်ဖြစ်သည်။ ။ မြန်မာပြန်သူ)

အထက်ပါ အစီအစဉ်များကို စစ်ရေး ရှုထောင့်မှ သုံးသပ်ကြည့်သော် (မြန်မာပြည်ကို လက်မလွှတ်ရန် ရည်ရွယ်သည်ဆိုပါက) အဓိပ္ပာယ်မရှိသော ခြေလှမ်းများ ပင်ဖြစ်နေပေသည်။

သို့ဖြစ်လင့်ကစား... တောင်ပိုင်းဒေသဆိုင်ရာ ဂျပန်တပ်များ၏ စစ်ဦးစီးဌာနချုပ် အနေဖြင့် ထိုစဉ်အရှေ့တောင်အာရှနိုင်ငံများ၏ နိုင်ငံရေးအခြေအနေကို ကောင်းစွာ သိရှိထားခဲ့ပေသည်။

မဟာမိတ်တပ်များသည် အနောက်ဘက်တွင် မြန်မာနိုင်ငံမှလည်းကောင်း၊ အရှေ့ဘက် စစ်မျက်နှာတွင် ဖိလစ်ပိုင်မှ လည်းကောင်း ဂျပန်တို့အား နှစ်ဖက်ညှပ်ကာ သဲသဲမဲမဲထိုးစစ်ဆင်နေပြီဖြစ်သည်။

တစ်ချိန်တည်းမှာပင် အင်ဒိုချိုင်းနားမှ ပြင်သစ်မြေအောက်တော်လှန်ရေးလှုပ်ရှားမှု များကို တရုတ်ပြည်မှတစ်ဆင့် လေယာဉ်ဖြင့် လျှို့ဝှက်စွာ လက်နက်များပေးပို့ကူညီ နေကြောင်းကိုလည်း ဂျပန်တို့က ရိပ်မိခဲ့ပေသည်။

ထို့ပြင် ဟန္နိုင်မြို့၏ မြောက်ဘက် 'ကာအိုတန်' ပြည်နယ်တွင် အခြေစိုက် စခန်းပြုထားသော တော်လှန်ရေးသမား 'ဟိုချီမင်း' ကို အမေရိကန်စစ်ထောက်လှမ်း ရေးတပ် (အိုအက်စ်အက်စ်)က တရုတ်ပြည် ယူနန်နယ်မှနေ၍ လက်နက်ခဲယမ်းများ ပေးပို့ကူညီနေလေသည်။

တစ်ဖန် ပြင်သစ်တော်လှန်ရေးတပ်များ သေနာပတိဗိုလ်ချုပ်ကြီး ဒီဂေါလ်၏ ကိုယ်စားလှယ်များသည် ဆေးဂုံနှင့် ဟန္နိုင်မြို့များရှိ ပြင်သစ်တပ်များနှင့် ဆက်သွယ် မိကာ အမေရိကန်တပ်များ အင်ဒိုချိုင်းနားကမ်းခြေသို့ ကပ်မိသည်နှင့်တစ်ပြိုင်နက် ဂျပန်တို့အား တော်လှန်ထကြွရန် ပြင်ဆင်နေကြလေသည်။

ဤသို့လျှင် ပြင်သစ်အင်ဒိုချိုင်းနား၌ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်း ဖြစ်လာ ခြင်းကြောင့် ဂျပန်တို့အနေဖြင့် အင်ဒိုချိုင်းနားကို စစ်ရေးအရ ချုပ်ကိုင်လိုက်မှ ဖြစ်တော့ မည်ဟု သိမြင်သဘောပေါက်လာပေသည်။
mgyoe.com

mgyoe.com

ထို့ကြောင့် ၁၉၄၅ ခု၊ မတ်လ ၉ ရက်နေ့တွင် ဂျပန်တို့က အင်ဒိုချိုင်းနား၏ အုပ်ချုပ်ရေးအာဏာသိမ်းယူပြီးနောက် ပြင်သစ်တပ်များကိုလည်း လက်နက်သိမ်းကာ ၎င်းတို့၏ စစ်တန်းလျားများပင် အကျဉ်းချထားလိုက်တော့သည်။ ပြင်သစ်မှလွတ်မြောက်သွားသူ ဆို၍ ဗိုလ်ချုပ်ကြီး (ဂျင်နရယ်လ်) 'အာလေဆန်ဒရီ' တစ်ဦးတည်းသာလျှင် အတင်းတိုက်ခိုက်ထွက်ပြေး၍ တရုတ်ပြည်နယ်စပ်သို့ ဝင်ပြေးနိုင်ခဲ့လေသည်။

*

ယိုးဒယား(ထိုင်း)နိုင်ငံ၏ အခြေအနေကား မဆိုးလှချေ။ သို့ရာတွင် ဂျပန်တို့က နံ့အပြီး ဘာမျှမသိဟုလည်း ဆိုနိုင်အောင် ၎င်းတို့၏ 'ကင်ပေ' ၏ စစ်ပုလိပ်အဖွဲ့က 'လျင်' ပေသည်။ 'ကင်ပေ' အဖွဲ့အနေဖြင့် ၎င်းတို့သိမ်းပိုက်ထားသော နယ်မြေများ၌ အလွန်ကောင်းမွန် ပိရိလှသည့် 'စပိုင်' (သူလျှို) စနစ်ထားရှိနိုင်သဖြင့် ထိုင်းနိုင်ငံရှိ ထိပ်တန်းပုဂ္ဂိုလ်အချို့က မဟာမိတ်သေနာပတိချုပ် 'မောင့်ဘက်တန်' ၏ စစ်ဌာနချုပ်နှင့် လျှို့ဝှက်စွာ အဆက်အသွယ် လုပ်နေကြကြောင်းကို ဂျပန်တို့က သိထားပြီးဖြစ်လေသည်။ သို့သော် ဆက်သွယ်နေကြကြောင်းမျှသာသိပြီး ဆက်သွယ်မှုအတိုင်းအတာက မည်မျှထိအောင် ရှိကြောင်းနှင့် ထိုင်းလူမျိုးတို့အနေဖြင့် ဂျပန်အား တော်လှန်ရန်အစီအစဉ် ရှိ မရှိကိုမူ 'ကင်ပေ' စစ်ပုလိပ်အဖွဲ့က မသိချေ။

မည်သို့ပင်ဖြစ်စေ… ထိုင်းနိုင်ငံတွင် ဂျပန်တို့က (အင်ဒိုချိုင်းနားမှာကဲ့သို့)အုပ်ချုပ်ရေးအာဏာသိမ်းခြင်း မလုပ်ခဲ့ချေ။

*

ဤသို့လျှင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် စောစောပိုင်းက ဂျပန်တို့နှင့် ပူးပေါင်းကူညီခဲ့ကြသလောက် နောက်ပိုင်းကျတော့ ဂျပန်အားဆန့်ကျင်တော်လှန်မှုများ ဖြစ်ပေါ်လာလေသည်။ ဤတွင် ဂျပန်တို့အနေဖြင့် မိမိတို့ရင်ဆိုင်ရမည့် ရန်သူက ဗြိတိသျှနှင့် အိန္ဒိယတပ်များသာမဟုတ်တော့ကြောင်း သိလာကြလေသည်။

ရှမ်းပြည်နယ်နှင့် ကရင်နီ(ယခု ကယားပြည်)နယ်များတွင်ဆိုလျှင် ဗြိတိသျှတို့က ထောက်လှမ်းရေးအရာရှိများနှင့် ဝိုင်ယာလက်ဆက်သွယ်တတ်သူ 'အော်ပရေတာ' များကို လျှို့ဝှက်စွာစေလွှတ်ထားပြီဖြစ်လေသည်။ ယင်းအစီအစဉ်၏ ရည်ရွယ်ချက်

mgyoe.com

mgyoe.com


ကား မြန်မာနိုင်ငံ အခြားဒေသများတွင် မဟာမိတ်တပ်များ အောင်ပွဲရလာချိန်၌ ဂျပန်တို့အား တော်လှန်ပုန်ကန်နိုင်ရန် လေထီးဖြင့် လက်နက်ခဲယမ်းများချပေးလျှင် အဆင်သင့်လက်ခံရယူနိုင်အောင် ပြင်ဆင်ထားရန်ပင်ဖြစ်သည်။

အထူးသဖြင့် ကရင်နီ(ကယားပြည်)နယ်တွင် ဗြိတိသျှတို့အား လိုလားသူ မိတ်ဆွေများရှိနေပြီဖြစ်သည်။

'ဘားမားရိုင်ဖယ်'ခေါ် ဗြိတိသျှ လက်အောက်ခံသေနတ်ကိုင်တပ်ရင်းမှ မေဂျာ (ဗိုလ်မှူး)'ဆီးဂရင်း' ဆိုသူသည် ၁၉၄၂ ခုနှစ်က ဗြိတိသျှတပ်များ မြန်မာပြည်မှ ဆုတ်ခွာရစဉ်ကပင် ကရင်နီတောင်တန်းဒေသ၌ ပုန်းအောင်းနေရစ်ခဲ့ပြီး ဗြိတိသျှတို့အပေါ် လိုလားသူများ ဆက်လက်ရှိနေအောင် လျှို့ဝှက်စွာစည်းရုံးနိုင်ခဲ့ပေသည်။

သူ၏အကြောင်းကို ဂျပန်တို့ကလည်း သိရှိ၍ အဆိုပါ ဗြိတိသျှဘက်တော်သား လျှို့ဝှက်အဖွဲ့ဝင်များကို နှိမ်နင်းရန် 'တိုဘတ်ဆူ'ခေါ် သီးသန့်တပ်ဖွဲ့တစ်ဖွဲ့ ကရင်နီနယ်သို့ စေလွှတ်ခဲ့သည်။ ဗြိတိသျှတို့အပေါ် သစ္စာရှိသော တိုင်းရင်းသားအား ဂျပန်တို့က နှိပ်စက်ညှဉ်းပန်းတော့မည့် အရေးကိုကြိုမြင်မိသဖြင့် မေဂျာ 'ဆီးဂရင်း'သည် ကျန်လူများကို ငဲ့ညှာသောအနေဖြင့် သူကိုယ်တိုင် ပုန်းအောင်းနေရာမှ ထွက်လာပြီး အဖမ်းခံလိုက်လေသည်။

ဂျပန်တို့လည်း 'ဆီးဂရင်း'အား ဖမ်းဆီးရ၍ ရန်ကုန်သို့ခေါ်သွားပြီး ၁၉၄၄ ခုနှစ် နွေဦးရာသီတွင် ကွပ်မျက်လိုက်လေသည်။

မေဂျာဆီးဂရင်း၏ နောက်လိုက်များက ဆက်လက်၍လျှို့ဝှက်စွာ စည်းရုံးဖွဲ့စည်းခဲ့သော ပြောက်ကျားတပ်များနှင့် ရှမ်းတိုင်းရင်းသား ပြောက်ကျားများထံသို့ ဗြိတိသျှတို့က လက်နက်ခဲယမ်းများ ကူညီပို့ပေးရာတွင် လည်းကောင်း၊ ဗြိတိသျှအမှတ် ၁၃၆ တပ်ဖွဲ့က မြန်မာပြောက်ကျားများအား ဆက်သွယ်ကူညီရာတွင်လည်းကောင်း အခက်အခဲများရှိခဲ့ပေသည်။ 'အမှတ် ၁၃၆ တပ်ဖွဲ့' ဆိုသည်မှာ အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု စစ်ဌာနချုပ်၏ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ပင်ဖြစ်သည်။ ဥရောပစစ်မျက်နှာမှ (အက်စ်အိုအီး)ခေါ် အထူးစစ်ဆင်ရေးလျှို့ဝှက်တပ်ဖွဲ့ကဲ့သို့ပင်ဖြစ်လေသည်။

အမှတ် ၁၃၆ တပ်ဖွဲ့သည် မြန်မာပြည်တွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်သော 'ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' (နောက်ပိုင်း ဖ–ဆ–ပ–လ အဖွဲ့ချုပ်)နှင့် ဆက်သွယ်အကူအညီပေးခြင်းအားဖြင့် ရန်သူဂျပန်တို့၏

mgyoe.com